သတင်းထူး သတင်းဦး
နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwdpress@hotmail.co.uk

မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

the Myawady Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၅)၊ အမှတ်(၃၄၃)


# ခွဲခြား၍မရသော နိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်း



စာ - ၁၆ သို့

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

## သားစဉ်မြေးမြစ် ပြောထုံးဖြစ် ပြည်သူချစ်သော တပ်မတော်

မောင်မန်းညို(မဟာဝိဇ္ဇာ)

စာ - ၁၂ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၂ ံ C / ၃၉ ံ C |
| ရန်ကုန် | ၂၃ ံ C / ၃၉ ံ C |
| မန္တလေး | ၂၂ ံ C / ၄၀ ံ C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့






ဒို့နိုင်ငံရဲ့ နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာကို ပြည်သူ့စစ်မဟာဗျူဟာအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအရ ဒီလိုသတ်မှတ်ပြဋ္ဌာန်းထားတာဖြစ်ပြီး အင်အားကြီးမားသည့် အိမ်နီးချင်းနိုင်ငံများအကြားတွင် သိက္ခာရှိရှိ ခိုင်ခိုင်မာမာရပ်တည်နေနိုင်စေရေးအတွက် တပ်မတော်နဲ့ ပြည်သူလူထုဟာ အရေးကြီးမှသွေးစည်းတာမျိုးမဟုတ်ဘဲ နိုင်ငံတော်အကျိုးနဲ့ယှဉ်လာပါက အမြဲတမ်းသွေးစည်းညီညွတ်အောင်ဆောင်ရွက်သွားကြဖို့လိုအပ်တယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်
နှစ်(၇၀)ပြည့် တပ်မတော်နေ့
စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ
၂၇-၃-၂၀၁၅

## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ မတ် ၂၇ ရက်)

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များအလေးအနက်ဖော်ဆောင်

မြန်မာနိုင်ငံသည် ပုဂံခေတ်မှစ၍ စေတီတန်ဆောင်း၊ မြစ်ချောင်းနှင့်စပါးနှံတို့ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးတို့ကို အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်နှင့်အလောင်းဘုရားတို့က ပြည်သူအပေါင်းကို စည်းရုံးတည်ထောင်ခဲ့ကြသည်။ ကမ္ဘာတွင် နယ်ချဲ့အရင်းရှင်စနစ်ကြီးစိုးသော ၁၉ ရာစုနှောင်းပိုင်း ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာတစ်မျိုးသားလုံး ကိုလိုနီလက်အောက်ခံဘဝရောက်ခဲ့ရသည်။ ပြည်သူတို့၏လယ်ယာအိုးအိမ်စည်းစိမ်ဥစ္စာနှင့်နိုင်ငံတော်၏သယံဇာတတို့ကို နယ်ချဲ့တို့က အမြတ်တင်စီး လောဘမီးဖြင့် ဝါးမျိုကြသည်။ ထို့ကြောင့် ကိုလိုနီထမ်းပိုးအောက်မှရုန်းထွက်ရန် မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်သို့သွားရောက်စစ်ပညာသင်ကြားကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဖွဲ့စည်း၍ ဗြိတိသျှနယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ လက်နက်ကိုင်တော်လှန်ရေးဖြင့် ၁၉၄၂ ခုနှစ်တွင် မောင်းထုတ်ခဲ့ကြသည်။

ဂျပန်တပ်မတော်နှင့်ပူးပေါင်း၍ ဗြိတိသျှနယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့သည့်နောက် ပြည်သူတို့ဘဝမှာ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးဘဝနှင့်ကြုံကြရပြန်သည်။ ထို့ကြောင့် တပ်မတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ညီညွတ်မှုအင်အားဖြင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲအောင်ပွဲခံခဲ့သည်မှာ ယနေ့ ၂၀၁၆ ခုနှစ် မတ် ၂၇ ရက်တွင် (၇၁)နှစ်ပြည့်ခဲ့လေပြီ။

တပ်မတော်ကဦးထိပ်ပန်ဆင်ထားသော ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အမှီသဟဲပြုလျက်ရှိခြင်းကြောင့် တစ်ခုပြိုကွဲခဲ့သော် အားလုံးပြိုကွဲသွားသည့်သာဓကများရှိကြရာ တိုင်းရင်းသားလူမျိုးတစ်ရာကျော်နေထိုင်လျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်းက ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဂျပန်တပ်မတော်၏ကွပ်ကဲမှုဖြင့် ဖွဲ့စည်းခဲ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့အမျိုးသားတပ်မတော်ဟူသော အမည်အမျိုးမျိုးဖြင့် ရပ်တည်ခဲ့ရသည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဆင်နွှဲသော ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် ဒုတိယအကြိမ်ပြန်ရောက်လာသော ဗြိတိသျှတို့၏ကန့်သတ်အင်အားဖြင့် ဆက်လက်ရပ်တည်ခဲ့ရသော်လည်း အမျိုးသားရေးတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်တွင် ပြည်တွင်းစစ်မီးတောက်လောင်ခြင်းကြောင့် ပြည်သူတို့ဘဝနိမ့်ကျနေကြရာ ပြည်သူနှင့်တပ်မတော်တို့ပူးပေါင်း၍ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ကြရသည်။ အောင်မြင်မှုများရရှိခဲ့သဖြင့် ပြည်သူများဘဝ တည်ငြိမ်အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်သော အခြေအနေရောက်လာကြသည့်သာဓကများလည်း အထင်ကရရှိသည်။

တပ်မတော်သည် ၁၉၈၈ ခုနှစ်မှစ၍ ဒီမိုကရေစီအခင်းအကျင်းများကို တည်ဆောက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံတော်၏ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်များနှင့်ပူးပေါင်း၍ ဒေသတွင်းလုံခြုံရေးကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလ ကမ္ဘာ့ပြည်သူတို့ဘဝလုံခြုံရေးစိုးရိမ်ဖွယ်အခြေအနေကို ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင် ပဲရစ်မြို့ အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ လေဆိပ်နှင့်မြေအောက်မီးရထားဘူတာရုံ ဗုံးခွဲတိုက်ခိုက်ခံရမှုတို့တွင် တွေ့နိုင်သည်။ ထို့ပြင် ရွှေ့ပြောင်းဒုက္ခသည်ကိစ္စနှင့်စစ်ဘေးရှောင်ပြည်သူတို့အရေးတို့ကလည်း ရှုပ်ထွေးလျက်ရှိကြပေရာ ပြည်သူတို့၏တူညီသောဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးရှေးရှု၍ (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များကို တိုင်းရင်းသားပြည်သူအပေါင်းတို့က အလေးအနက်ဖော်ဆောင်ကြပါရန် မြဝတီကတိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ကေ ၁၀၀ ပုလဲသွယ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ကွင်း ဝတ်မှုန်ကူးပွဲတော်ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကေ ၁၀၀ ပုလဲသွယ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူး(အနောက်)ကျေးရွာအနီးရှိ တစ်ဆက်တစ်စပ်တည်း ကေ ၁၀၀ ပုလဲသွယ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းဝတ်မှုန်ကူးပွဲတော်နေရာသို့ရောက်ရှိပြီး တောင်သူလယ်သမားများ၊ ဝတ်မှုန်ကူးပွဲတော်တွင် ပါဝင်ကြမည့် ပညာရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စားရေရိက္ခာဖူလုံရေးနှင့် တောင်သူလယ်သမားများ၏ဝင်ငွေနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရေးတာဝန်သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကအရေးကြီးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအပိုင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ ပူးပေါင်း၍ ဒေသအလိုက် မျိုးစေ့လိုအပ်ချက်များကို ယခုကဲ့သို့ မျိုးစေ့ထုတ်စိုက်ကွင်းကြီးများထူထောင်ပြီး အရည်အသွေး စိတ်ချယုံကြည်အားထားရသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အလုံအလောက်ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံချက်ဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးစရိတ်ချေးငွေကို နှစ်ဆတိုး၍ တစ်ဧကလျှင် နှစ်သိန်းနှုန်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ထုတ်ချေးပေးနိုင်ရေးအတွက် စီစဉ်တွက်ချက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုလဲသွယ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း မျိုးစေ့ထုတ်ပညာရှင်များ၊ ဝန်ထမ်းများ၊ တောင်သူလယ်သမားများစုပေါင်း၍ ပုလဲသွယ်မျိုးစပါးဝတ်မှုန်ကူးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနယူးရော စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ လယ်ယာရေသွယ်စနစ်များတွင် အသုံးပြုရန် လယ်ယာသုံးကိရိယာ ပလတ်စတစ်ပိုက်အမျိုးမျိုးထုတ်လုပ်နေသည့် စက်ရုံအားလည်းကောင်း၊ ပုလဲသွယ်မျိုးစပါးမျိုးစေ့သန့်စင်ထုပ်ပိုးစက်ရုံအားလည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီးတွင် မြန်မာ့ဟင်းသီးဟင်းရွက် သစ်သီးဝလံများ အဆင့်မြှင့်တင်ပြုပြင်ထုပ်ပိုးပြီး ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် တန်ချိန် ၅၀၀၀ အအေးခန်းစက်ရုံတည်ဆောက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံအတွင်း အအေးပေးစနစ်များတပ်ဆင်ပြီးစီးမှုအခြေအနေနှင့် စက်ရုံဖွင့်လှစ်ရန်အတွက် လုပ်ငန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုစစ်ဆေးအားပေးပြီး မြန်မာ့ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို နိုင်ငံတကာဈေးကွက်သို့ အဆင့်မြှင့်တင် တင်ပို့ရောင်းချနိုင်ရေးအတွက် အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သင်္ကြန်မဏ္ဍပ်များတွင် အသုံးပြုမည့် ရွှေ့လျား သန့်စင်ခန်းများကို ငှားရမ်းပေးမည်

ရန်ကုန် မတ် ၂၆

မဟာသင်္ကြန်ပွဲတော်အတွင်း သင်္ကြန် မဏ္ဍပ်များတွင်အသုံးပြုနိုင်မည့် ရွှေ့လျား သန့်စင်ခန်းများကို ငှားရမ်းပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာ ယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်သန့်ရှင်းရေးဌာနမှ သိရသည်။

အဆိုပါရွှေ့လျားသန့်စင်ခန်းများကို ယမန် နှစ်က တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ငှားရမ်းပေးခဲ့ပြီး ယခုနှစ်တွင် မည်သို့သတ် မှတ်မည်ကို မပြောနိုင်သေးကြောင်း၊ ယင်းရွှေ့ လျားသန့်စင်ခန်းများကို ယမန်နှစ်မှ စတင် ကာ အသုံးပြုခွင့်ပေးခဲ့ပြီး ယခုနှစ်တွင် ဆက်လက်သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အလားတူ အမှိုက်စွန့်ပစ်မှုများကိုလည်း မဏ္ဍပ်များအနေဖြင့် အထူးစည်းကမ်းရှိကြ ရန်လိုအပ်ပြီး မိမိတို့အစီအစဉ်ဖြင့်သာ အမှိုက်စွန့်ပစ်ရမည်ဖြစ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သတ် မှတ်ထားသောနေရာမှသာ သိမ်းဆည်းပေး မည်ဖြစ်ကြောင်း သိရသည်။

ယင်းသန့်စင်ခန်းများအသုံးပြုရာတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေးအတွက် ကျင်းတူးကာ သန့်စင်ခန်းများပြုလုပ်မှုကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ လက်ရှိတွင် ရွှေ့ လျားသန့်စင်ခန်းများ အသုံးပြုနိုင်စေရန် ပြင်ဆင်လျက်ရှိပြီး သေချာပါကထုတ်ပြန်မှု များပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်္ကြန် မဏ္ဍပ်များအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာကြရမည်ဖြစ် ပြီး လိုက်နာခြင်းမရှိပါက လိုက်နာခြင်းမရှိ သောမဏ္ဍပ်များကို အာမခံစပေါ်ငွေအတွင်း မှ သတ်မှတ်ဒဏ်ကြေးကို နုတ်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်းမပေါ် ၌ သင်္ကြန်မဏ္ဍပ်ကိုးခု၊ ကန်တော်ကြီးပတ် လမ်း၌ သင်္ကြန်မဏ္ဍပ်ကိုးခု၊ ပါရမီလမ်း၌ မဏ္ဍပ်သုံးခု၊ စက်မှု(၁)လမ်း၌ မဏ္ဍပ်သုံးခု နှင့် ဆရာစံလမ်း၌ မဏ္ဍပ်တစ်ခုတို့ကိုတည် ဆောက်ခွင့်ပြုရန် လျာထားကြောင်း သိရ သည်။ **စိုးမိုး**

# တွံတေးမြို့နယ်အတွင်း တူးဖော်တွေ့ရှိထားသော ရှေးဟောင်းအမွေအနှစ်ဟု ယူဆရသည့်နေရာများကို ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန် တင်ပြမည်

ရန်ကုန် မတ် ၂၆

တွံတေးမြို့နယ်အတွင်း တူးဖော်တွေ့ရှိ ထားသော ရှေးဟောင်းအမွေအနှစ်ဟု ယူဆ ရသည့်နေရာများကို ယဉ်ကျေးမှုအမွေ အနှစ်စာရင်းဝင်နိုင်ရန် ဧပြီလအတွင်း လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း တွံတေးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့် ရှောက်ရေးအသင်းမှ သိရသည်။



တူးဖော်တွေ့ရှိထားသော ရှေးဟောင်း အမွေအနှစ်ဟုယူဆရသည့်နေရာများ၊ ရှေး ဟောင်းဘုရားများကို ပညာရှင်များဖိတ် ခေါ်ကာ လေ့လာအကဲဖြတ်နိုင်ရန် ကြိုးပမ်း သွားမည်ဖြစ်ပြီး ဧပြီလအတွင်း တွံတေးမြို့ နယ်မဲဆန္ဒနယ်မှ ရွေးကောက်ခံကိုယ်စား လှယ်များမှတစ်ဆင့် ယဉ်ကျေးမှုအမွေအ နှစ်စာရင်းဝင်နေရာအဖြစ် အသိအမှတ်ပြု နိုင်ရန် တင်ပြသွားမည်ဖြစ်ကြောင်း အဆိုပါ အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“သမိုင်းပညာရှင်တွေခေါ်ပြီး အတည်ပြု နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ တွံတေးမြို့နယ် မှာ နန်းတော်ကုန်းလည်းရှိတယ်။ ခံတပ်တွေ လည်းရှိတယ်။ အခုတော့ အချက်အလက် အထောက်အထားတွေ ပြည့်စုံအောင်ဆောင် ရွက်နေပါတယ်။ ပြည့်စုံတဲ့အခါ ဌာနဆိုင် ရာက အသိပညာရှင်တွေ၊ အတတ်ပညာ ရှင်တွေခေါ်ပြီး ချပြသွားမှာပါ” ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် တွံတေးမြို့နယ်အတွင်း၌ တွံတေးရွှေဆံတော်စေတီ **(အပေါ်ပုံ)**၊ စမ်းရွာ ရှိမောင်းတီးစေတီ၊ ဘုရားကြီးကျေးရွာရှိ ဆံတော်ကြိုစေတီတို့ကို ယဉ်ကျေးမှုဝန် ကြီးဌာနက ရှေးဟောင်းအမွေအနှစ်နေရာ များအဖြစ် အသိအမှတ်ပြုထားပြီး ယခုအကြိမ် တင်ပြသွားမည့်နေရာများနှင့် ပတ်သက်၍ ဦးစားပေးတင်ပြမည့်နေရာတချို့ကို ရွေးချယ် နေဆဲဖြစ်ကြောင်း သိရသည်။ **(၄၄၇)**

# မွေးကင်းစကလေးလူနာများနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးများအား နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ်ကုသစက်ဖြင့် ထိရောက်စွာကုသပေးလျက်ရှိ



ရန်ကုန် မတ် ၂၆

နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ် ကုသစက် (Cardiac Catheterization Laboratory)ကို ရန်ကင်းကလေးဆေးရုံကြီး ၌ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်တပ်ဆင်ပေး ပြီး မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေး ငယ်များကို ကုသပေးလျက်ရှိသည်။

“ကျန်းမာရေးဝန်ကြီးဌာနက နှလုံး ပိုက်သွင်းစမ်းသပ်ကုသစက်ကို ကလေး ဆေးရုံကြီးအတွက် ၂၀၁၅ ခုနှစ်မှာဝယ်ယူ ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ် မေလမှာ တပ်ဆင်ခဲ့တယ်။ ဩဂုတ် ၂၄ ရက် မှာစပြီး အသုံးပြုခဲ့ပါတယ်။ ဒီစက်က ပေါင် ကနေပိုက်ထည့်ပြီးတော့ ရောဂါရှာဖွေရုံ တင်မကဘဲ ကုသဖို့အတွက်ပါ အသုံးဝင်ပါ တယ်။ အခုဆိုရင် ကလေးလူနာ ၁၉၆ ဦးကို ကုသပေးနိုင်ခဲ့ပါပြီ” ဟု ရန်ကင်းကလေး ဆေးရုံမှ နှလုံးရောဂါကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဦးကပြောသည်။

နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ် ကုသစက်ကိုအသုံးပြုကာ နှလုံးရောဂါဝေဒနာ ရှင်ကလေးငယ်များအား သွေးကြောမှ တစ်ဆင့်နှလုံးထိရောက်အောင် Catheter ထည့်၍ နှလုံးကျဉ်းနေသောအပေါက်များ အား Baloon ထည့်ချဲ့ပေးခြင်း၊ မွေးရာပါ နှလုံးအပေါက်ကျယ်ခြင်းများကို ဖာထေး ပေးခြင်းတို့ကို ဆောင်ရွက်ကုသပေးနိုင်ပြီ ဖြစ်သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အဆိုပါဆေးရုံကြီး ၌ Infection Control အတွက် အဆင့် အတန်းမြင့်ပြီး ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့် Neonatal Intensive Care Unit (NICU )တစ်ခုကိုလည်း တည် ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ၎င်းအဆောက် အအုံအားကိုရီးယားအင်ဂျင်နီယာများ ဒီဇိုင်း ရေးဆွဲပြီး ၎င်းတို့ ကိုယ်တိုင်တည်ဆောက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

# BRT ယာဉ်လိုင်းပြေးဆွဲသည့် ပြည်လမ်းမ လမ်းကြောင်းတွင် မှတ်တိုင်ငါးခုထပ်မံတိုးချဲ့

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ရှိ အများပိုင်ဘတ်စ်ကား BRT ယာဉ်လိုင်းပြေးဆွဲသည့် လမ်းကြောင်း(၁) တစ်လျှောက်တွင် မှတ်တိုင်ငါးခု ထပ်မံတိုး ချဲ့ထားကြောင်း ရန်ကုန်ဘတ်စ်ကား အများ နှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ သိရ သည်။

ယင်းကဲ့သို့ ပြည်လမ်းမ၌ မှတ်တိုင်များ တိုးချဲ့ရခြင်းမှာ ခရီးသည်များတောင်းဆိုမှု ရှိသလို ယခင်သတ်မှတ်ထားသော မှတ်တိုင် များမှာ တစ်ခုနှင့်တစ်ခုဝေးနေသောကြောင့် ဖြစ်ကြောင်း သိရသည်။

တိုးချဲ့ထားသည့် မှတ်တိုင်များမှာ ထောက်ကြန့်လမ်းဆုံ၊ ထောက်ကြန့်လမ်း သစ်၊ ကျိုက္ကလဲ့၊ ခုနစ်မိုင်နှင့် စံပြမှတ်တိုင် တို့ဖြစ်ပြီး BRT ယာဉ်လိုင်းလမ်းကြောင်း (၁) ပြေးဆွဲမှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ယခင်က လမ်းကြောင်း (၁) တစ်လျှောက် တွင် မှတ်တိုင်စုစုပေါင်း ၂၃ ခုထားရှိခဲ့ပြီး လမ်းကြောင်း (၂) တွင် မှတ်တိုင်စုစုပေါင်း ၂၆ ခုသတ်မှတ်ထားကြောင်း၊ လိုအပ်ပါက လမ်းကြောင်း (၂) တွင်ပါ မှတ်တိုင်များထပ်မံ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ **H.O**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းများဖွဲ့စည်းလိုပါက တင်ပြနိုင်ပြီး လတ်တလောပြည်တွင်း၌ အသင်းခွဲငါးခု ထပ်မံဖွဲ့စည်းပေးသွားမည်

ရန်ကုန် မတ် ၂၆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဖွဲ့စည်း လိုပါက တင်ပြနိုင်ပြီး မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ ကျောက်ဆည်နှင့်မြင်းခြံ၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဝါးခယ်မနှင့် မြန်အောင်မြို့နယ် တို့မှ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းများ ဖွင့်လှစ်လိုကြောင်း တင်ပြလာသဖြင့် အသင်း ခွဲငါးခုကို တိုးချဲ့ဖွဲ့စည်းပေးသွားမည်ဖြစ် ကြောင်း အဆိုပါအသင်းချုပ်ဥက္ကဋ္ဌဦးတင်ဝင်း ကပြောသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် အနေဖြင့်ပြည်တွင်း၌ အသင်းခွဲပေါင်းများစွာ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ဖွင့် လှစ်ပေးလိုပြီး အနည်းဆုံး အသင်းခွဲပေါင်း ၃၀၀ ခန့်အထိရှိစေရန် ကြိုးပမ်းသွားမည် ဖြစ်သည်။

လက်ရှိတွင် ပြည်တွင်းရှိ တိုင်းဒေသကြီး နှင့် ပြည်နယ်အနှံ့ အသင်းခွဲပေါင်း ၄၄ သင်း အထိ ဖွဲ့စည်းထားပြီးဖြစ်ရာ ယခု ငါးသင်း တိုးချဲ့ဖွဲ့စည်းပေးပါက အသင်းခွဲပေါင်း ၄၉ သင်းအထိရှိလာမည်ဖြစ်ကြောင်း သိရ သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ အသင်းခွဲများဖွဲ့စည်းလိုကြောင်း တင်ပြ လာမှသာ အသင်းကလာရောက်ဖွဲ့စည်းပေး မည်ဖြစ်သည်။ သို့ရာတွင် အသင်းခွဲဖွဲ့စည်း လိုသူများသည် အသင်းသား ၃၀ အထက် ရှိရမည်ဖြစ်ပြီး အမှုဆောင်လုပ်နိုင်မည့်သူ များရှိခြင်းစသည့် အသင်းချုပ်မှ ချမှတ်သည့် စည်းကမ်းများအတိုင်း လိုက်နာနိုင်မှသာ အသင်းခွဲအဖြစ် ဖွဲ့စည်းပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာ ရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်း ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယခုကဲ့ သို့ အသင်းခွဲများဖွဲ့စည်းပေးပြီးပါကလည်း အသင်းသားများအား သင်တန်းပေးခြင်းဝန် ဆောင်မှုနှင့် သင်ရိုးညွှန်းတမ်းလိုအပ်ချက် များကို ပံ့ပိုးကူညီပေးကြောင်း သိရသည်။ **kaykay**

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာနမှဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၆/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့်ရုံးစာများ ရေးသားခြင်းနှင့် နိုင်ငံတကာဆက်သွယ်ပြောဆိုမှုပညာတို့ကို ပို့ချခဲ့ကြောင်း သိရသည်။ ယခုသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၆၆ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကိစ္စရပ်များကို စိတ်ပါဝင်စားသူများအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်းသား၊ သင်တန်းသူ ၆၁၃၀ ဦး တက်ရောက်ပြီးဖြစ်ကြောင်း သိရသည်။

**စာနည်မောင်**



# တောင်ကိုရီးယား IBK ငွေကြေးဝန်ဆောင်မှုအဖွဲ့က မြန်မာနိုင်ငံ၌ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန်စီစဉ်

ရန်ကုန် မတ် ၂၆

တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော IBK Capital သည် မြန်မာနိုင်ငံ၏ အသေးစားစီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမှာ ပြီးခဲ့သည့်နှစ်က ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွှယ်သောကနဦးခွင့်ပြုချက်ရရှိထားပြီးဖြစ်ရာ ယခုနှစ်နှစ်လယ်ပိုင်းအတွင်း အပြီးသတ်ခွင့်ပြုချက်ရရှိရန် မျှော်လင့်လျက်ရှိသည်။

အဆိုပါ တောင်ကိုရီးယားငွေကြေးဝန်ဆောင်မှုအဖွဲ့က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် မန္တလေးမြို့တို့၌ ငွေကြေးချေးငှားသော ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

IBK Capital သည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန် အိမ်ထောင်စုများ၊ ကျောင်းသားများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ဆေးအရောင်းဆိုင်ဖွင့်လှစ်ထားသူများ၊ ဝင်ငွေနည်းပါးသော အိမ်ထောင်စုများအပြင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် မြန်မာငွေကျပ်ငါးသန်းအောက်ငွေကြေးချေးငှားပြီး ပြန်လည်အတိုးရယူမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၌သာမက လာအိုနိုင်ငံ၌လည်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် တောင်ကိုရီးယားငွေကြေး ဝန်ဆောင်မှုအဖွဲ့က စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကောင်းထက်ငွေ**

# အင်းလေးဒေသရှိ ကျေးရွာပေါင်း ၄၀၀ ခန့် လာမည့်နှစ်လအတွင်း သောက်သုံးရေ ပြတ်လပ်နိုင်

ညောင်ရွှေ မတ် ၂၆

ယခုနှစ်နွေရာသီတွင် ပုံမှန်အပူချိန်ထက် ပိုမိုပူပြင်းသဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသရှိ ကျေးရွာပေါင်း ၄၀၀ ခန့်သည် လာမည့်နှစ်လအတွင်း သောက်သုံးရေပြတ်လပ်နိုင်ကြောင်း အင်းလေးဒေသ သောက်သုံးရေရရှိရေးအဖွဲ့မှ သိရသည်။

အင်းလေးဒေသရှိ တောင်ပေါ်နှင့် မြေပြန့်များ၌တည်ရှိသော စုစုပေါင်းကျေးရွာ ၄၅၄ ရွာအနက်မှ ကျေးရွာ ၄၀၀ ခန့်မှာ ရေပြတ်လပ်မှု ခံစားရဖွယ်ရှိနေပြီး သောက်သုံးရေရရှိရန် လာရောက်တူးဖော်ပေးသူများရှိသော်လည်း အခက်အခဲများ ကြုံတွေ့နေရသဖြင့် တူးဖော်၍မရကြောင်း အင်းလေးဒေသ သောက်သုံးရေရရှိရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ချပေးထားတဲ့ ဘတ်ဂျက်နဲ့ လုပ်ဆောင်နေရတာဖြစ်တဲ့အတွက် အကုန်တော့မလုပ်နိုင်သေးပါဘူး။ တော်တော်များများလုပ်ဖို့ကျန်ပါသေးတယ်။ ကျေးရွာတွေမှာ အဓိကသောက်ရေပဲ။ သောက်ရေရအောင် တူးဖို့ဆိုတာကလည်း အခက်အခဲတွေအများကြီးရှိတယ်။ ဒီမှာလာလုပ်ပေးတဲ့ အဖွဲ့တွေရှိတော့ရှိတယ်။ ဒါပေမဲ့ သူတို့လည်း နောက်ဆုံးမရတော့လို့ လက်လျှော့ပြီး ပြန်သွားကြတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ်နွေရာသီသည် အပူရှိန်ပိုမိုမြင့်တက်ဖွယ်ရှိနေသောကြောင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အင်းလေးဒေသတို့သည် ရေပြတ်လပ်မှုများ ကြုံတွေ့နိုင်ပြီး ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာခန့်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကပင် ရေပြတ်လပ်မှုဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

**(၄၄၇)**

# ခေတ်နှင့်လျော်ညီသော ကျောက်မျက်ရတနာ နည်းဥပဒေဖြစ်စေရန် သင်္ကြန်မတိုင်မီ အပြီးရေးဆွဲမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံအတွင်း ခေတ်နှင့်လျော်ညီသော ကျောက်မျက်ရတနာနည်းဥပဒေတစ်ရပ်ထွက်ပေါ်လာစေရန် သင်္ကြန်မတိုင်မီအပြီးရေးဆွဲလျက်ရှိကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကျောက်မျက်ရတနာနည်းဥပဒေရေးဆွဲခြင်းဖြင့် ကျောက်မျက်ရတနာရောင်းချမှုတွင် တရားမဝင်ရောင်းချမှုများကို ထိရောက်စွာတားဆီးနိုင်မည်ဖြစ်ပြီး နည်းဥပဒေထွက်ရှိလာပါက ထိရောက်သော အရေးယူမှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာနည်းဥပဒေကို ၁၉၉၅ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျောက်မျက်ရတနာ နည်းဥပဒေသစ်ပေါ်ထွက်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာရောင်းချမှုများတွင် နယ်စပ်ဒေသများ၌ပါ ကျောက်မျက်ရတနာရောင်းချမှုအား ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာကဏ္ဍတွင် အကြီးစားထုတ်လုပ်မှုလုပ်ငန်း၊ တစ်ပိုင်တစ်နိုင်နှင့် လက်လုပ်လက်စားများကိုလည်း ကျောက်မျက်ရတနာတူးဖော်ခွင့်ရရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းချုပ်အနေဖြင့် တိုက်တွန်းထားသည်။ မြန်မာနိုင်ငံအတွင်းရှိ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများ၌ လက်ဝါးကြီးအုပ်မှုများမရှိစေရန်နှင့် တန်းတူညီမျှအခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် အခွန်ကောက်ဆိုင်ရာဥပဒေတွင် ကျောက်မျက်ရတနာနှင့်ပတ်သက်ပြီး အရိုင်းတုံးဖြစ်ပါက Commerical Tax ကို ၁၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး အချောထည်များကို ၅ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ကျောက်မျက်ရတနာတင်ပို့မှုတွင် အခွန်ပေးဆောင်ရမှုလျှော့ပေါ့နိုင်ရေးကိုလည်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး**

# သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီမှုမရှိသော မော်တော်ယာဉ် အရောင်းစင်တာများကို တည့်မတ်ထိန်းကျောင်းမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသည့် မော်တော်ယာဉ်အရောင်းစင်တာပေါင်း ၂၁၀ ကျော်ရှိပြီး ယင်းတို့အနက် အရောင်းစင်တာ ၆၀ ကျော်မှာ သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုမရှိသဖြင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုရှိလာစေရန် တည့်မတ်ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"မော်တော်ယာဉ် အရောင်းစင်တာတွေကို အဆင့်တွေသတ်မှတ်ခွဲခြားမှာဖြစ်ပြီး အဆင့်နဲ့ကိုက်ညီမှုမရှိတဲ့ မော်တော်ယာဉ်အရောင်းစင်တာတွေကို တည့်မတ်ပေးသွားပါမယ်။ တည့်မတ်ပေးရမယ့်နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်ထားပါတယ်။ တည့်မတ်ပေးလို့မရတဲ့ အရောင်းစင်တာတွေကိုတော့ လိုအပ်သလိုဆောင်ရွက်ဖို့ အစီအစဉ်တွေရှိပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

မော်တော်ယာဉ်အရောင်းစင်တာများကို အဆင့် (၅) ဆင့်ဖြင့် ခွဲခြားသတ်မှတ်သွားမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့် အရောင်းစင်တာ ၆၀ ကျော်သည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၏ အောက်ဆုံးအဆင့် (၂) ဆင့်တွင် ပါဝင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အရောင်းစင်တာများကို စည်းကမ်းနှင့်ကိုက်ညီမှု ရှိ၊ မရှိကို ဖေဖော်ဝါရီတတိယပတ်မှ စတင်ကာ အဖွဲ့သုံးဖွဲ့ခွဲ၍ ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်အရောင်းစင်တာများ အနေဖြင့်သတ်မှတ် စည်းကမ်းချက်များကို လိုက်နာမှုမရှိခဲ့ပါက အရောင်းစင်တာဖွင့်လှစ်ခွင့် ယာယီလက်မှတ်များကို သိမ်းဆည်းသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီရိ**


telenor
ဘောက်ဒါတွေ ပိုမိုရင်းနှီးဖို့
၁ မိနစ် ၁၅/-
တယ်လီနော
ဘောက်ဒါPACK
တယ်လီနောအချင်းချင်းသာ
တယ်လီနောဘောက်ဒါကိုအသုံးပြုရန်
T1500 ဟုရိုက်ပြီး 500 သို့ SMS ပေးပို့ပါ။ (သို့) *801# ကိုဖုန်းခေါ်ဆိုပါ။
(သို့) Telenor ဘောက်ဒါငွေဖြည့်ကတ်ဖြင့်တိုက်ရိုက် အသုံးပြုနိုင်ပါပြီ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

# မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော မြေပုံတစ်ခုပေါ်ထွက်လာရန် ဆွစ်ဇာလန်နိုင်ငံအကူအညီဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ စတင်မည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော မြေပုံတစ်ခုပေါ်ထွက်လာရန် ဆွစ်ဇာလန်နိုင်ငံအကူအညီဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့တစ်ခုတည်းသောမြေပုံထွက်ရှိဖို့ကို ဉရောပသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်နေပါပြီ။ ဒီလိုအမှန်ထွက်ဖို့အတွက်ကိုလည်း ငါးနှစ်လောက် အချိန်ယူရလိမ့်မယ်။ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက်ဆိုပြီး ပြည်တွင်းမှာ ငါးမွေးမြူရေးကန်စာရင်းတွေကိုလည်း ကောက်ယူဖို့ပြင်ဆင်နေပါပြီ။ လက်ရှိမှာ သင်တန်းပေးနေပါတယ်။ သင်တန်းပြီးရင် ငါးမွေးမြူရေးကန်တွေစာရင်းကို ကွင်းဆင်းကောက်ယူဖို့လုပ်ဆောင်ပါမယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

မြန်မာနိုင်ငံ၏ မြေအနေအထားများမှာ ဝန်ကြီးဌာနမှ စာရင်းများနှင့် လက်တွေ့တွင် ကွဲပြားနေသည့်အတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးအစာထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာသက်မှူးကပြောသည်။

"မြန်မာနိုင်ငံရဲ့မြေပုံက တစ်ခုတည်းသောမြေပုံဖြစ်သင့်ပါတယ်။ နိုင်ငံတကာမှာ မြေပုံက တစ်မျိုးတည်းထွက်တယ်။ လုပ်ငန်းတိုင်းမှာ မြေပုံကတစ်ခုတည်းရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြေပုံက အမျိုးမျိုးဖြစ်နေတယ်။ သစ်တောဦးစီးဌာနရဲ့ မြေပုံကိုကြည့်လိုက်ရင် သစ်တောကြိုးဝိုင်းက မြေပုံတစ်ခုထွက်တယ်။ လယ်ဆည်ဆိုရင် တစ်မျိုးထွက်နေတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးမြေအနေအထားကို ကြည့်မယ်ဆိုရင်လည်း လက်ရှိမြေပုံနဲ့ တစ်မျိုးစီဖြစ်နေပါတယ်။ ကျွန်တော်တို့လုပ်ငန်းတွေ အောင်မြင်တိုးတက်ဖို့အတွက် မှန်ကန်တဲ့အချက်အလက်တွေရရှိဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

(၄၇၃)

# ချောင်းသာကမ်းခြေ၌ ယခုနှစ် နှစ်ကုန်ပိုင်းတွင် လျှပ်စစ်မီးရရှိမည်



ပုသိမ် မတ် ၂၆

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လည်ပတ်မှု အများဆုံးဖြစ်သည့်ချောင်းသာကမ်းခြေ၌ ခရီးသွားဧည့်သည်များအဆင်ပြေစွာ အပန်းဖြေနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် နှစ်ကုန်ပိုင်းတွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း ချောင်းသာဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်ခိုင်ကပြောသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ လျှပ်စစ်မီးသွယ်တန်းလျက်ရှိရာ သလပ်ခွာရွာသို့ ရောက်ရှိနေပြီဖြစ်၍ ယခုနှစ် နှစ်ကုန်ပိုင်းတွင် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့၌ လျှပ်စစ်မီးသွယ်တန်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ လျှပ်စစ်မီးရရှိပါက တစ်ယူနစ်လျှင် ငွေကျပ် ၇၅ ကျပ်သာ ပေးဆောင်ရမည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ မီးစက်ဖြင့်အသုံးပြုခြင်းထက် ကုန်ကျစရိတ်သက်သာသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ မီးစက်တွေကိုအသုံးပြုရတာ ညနေ ၆ နာရီကနေ နောက်တစ်နေ့ နံနက် ၆ နာရီအထိ မီးပေးတယ်။ လျှပ်စစ်မီးရရင်တော့ ၂၄ နာရီမီးပေးနိုင်မှာပါ။ ၂၄ နာရီမီးရရင်တော့ တည်းခိုတဲ့ဧည့်သည်တွေ ပိုပြီးအဆင်ပြေမှာပါ။ အခုဆို ချောင်းသာမှာ အန်ကယ်တို့က မီးပေးတဲ့အချိန်တိုးရင် မီးဖိုးပိုပြီး ကုန်ကျမယ်။ အဲဒီကုန်ကျစရိတ်ကာမိအောင် ဧည့်သည်တွေဆီက တည်းခိုစရိတ်ပိုတောင်းရင် အဆင်မပြေဘူး။ နေ့ခင်းကိုတော့ မွန်းတည့် ၁၂ နာရီကနေ ညနေ ၃ နာရီအထိပေးတယ်။ ဒါမှမဟုတ် မွန်းလွဲ ၁ နာရီကနေ ညနေ ၄ နာရီအထိပေးတယ်။ ဘာလို့ပေးလဲဆိုတော့ အရမ်းပူတော့ ခရီးသည်တွေ အအေးခာတ်လေးရအောင်လို့ အဲဒီလိုစီစဉ်ပေးတာရှိတယ်။ လျှပ်စစ်မီးရရင်တော့ အခု တစ်ယူနစ် ငွေကျပ် ၃၀၀ ကနေ ၇၅ ကျပ်ဆိုတော့ ဈေးလည်းသက်သာမယ်။ ဟိုတယ်ဝန်ဆောင်မှုတွေလည်းပိုကောင်းလာမယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ချောင်းသာကမ်းခြေသို့ တစ်နှစ်ပတ်လုံး ခရီးသွားဧည့်သည်များလာရောက်လည်ပတ်လျက်ရှိပြီး ဒီဇင်ဘာလနှင့် ကျောင်းပိတ်ရက်များဖြစ်သည့် မတ်လတွင် လည်ပတ်သူများပြီး သင်္ကြန်ကာလသည် ဧည့်သည်လာရောက်လည်ပတ်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

ချောင်းသာကမ်းခြေ၌ လျှပ်စစ်မီးရရှိပါက ၂၄ နာရီ မီးပေးနိုင်မည်ဖြစ်၍ ခရီးသွားဧည့်သည်များအနေဖြင့် ပိုမိုအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆုလာဘ်

# ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာဝင်ပေါက်အသီးသီးမှ နိုင်ငံခြားခရီးသွားဧည့်သည် ခြောက်သန်းခန့်ဝင်ရောက်ရန် ရည်မှန်းထား

ရန်ကုန် မတ် ၂၆

ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာဝင်ပေါက်အသီးသီးမှ နိုင်ငံခြားခရီးသွားဧည့်သည် ခြောက်သန်းခန့်ဝင်ရောက်ရန် ရည်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်ကပြောသည်။

၂၀၁၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၄ ဒသမ ၆၈ သန်းဝင်ရောက်ခဲ့ပြီး ခရီးသွားဝင်ရောက်မှု ၂၅ ရာခိုင်နှုန်းခန့်တိုးတက်လာနိုင်သဖြင့် ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ခြောက်သန်းခန့်ဝင်ရောက်ရန် ရည်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်းက လာရောက်ခဲ့သော နိုင်ငံခြားခရီးသွားဧည့်သည် ၄ ဒသမ ၆၈ သန်းကျော်အနက် ၁ ဒသမ ၃ သန်းသာ လေကြောင်းလိုင်းမှဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ကျန်အရေအတွက်မှာ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် နယ်စပ်ဝင်ပေါက်ဂိတ်များ ယခုထက်ပိုမိုပွင့်လင်းလာမည်ဆိုပါက ခရီးသွားဦးရေပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထိုအထဲတွင် နေ့ချင်းပြန်ဝင်ရောက်ခဲ့သော ခရီးသွားများ၊ တစ်ညအိပ်၊ နှစ်ညအိပ်ခရီးသွားများနှင့် ပြည်ဝင်ခရီးသွားများလည်းပါဝင်သည်။

ထိုသို့ခရီးသွားဝင်ရောက်မှု တိုးတက်လာသည်နှင့်အမျှ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ခရီးသွားဧည့်သည်ဝန်ဆောင်မှုပေးနိုင်မည့် ကျွမ်းကျင်လူသားအရင်းအမြစ်များ စသည်တို့မှာ ဝင်ရောက်လာမည့် ခရီးသွားခြောက်သန်းအတွက် အဆင်သင့်ဖြစ်ရန်လိုအပ်ကြောင်း ဝါရင့်ခရီးသွားလုပ်ငန်းရှင်တစ်ဦးက အကြံပြုခဲ့သည်။

(၄၇၇)

# ပြည်တွင်းသို့ ကျွမ်းကျင်လုပ်သားနှင့် လုပ်ငန်းများသာ ဝင်ရောက်လာစေရန် နိုင်ငံခြားသားလုပ်သားဥပဒေ ရေးဆွဲမည်

ရန်ကုန် မတ် ၂၆

ပြည်တွင်းသို့ နိုင်ငံတကာမှ ကျွမ်းကျင်လုပ်သားနှင့် လုပ်ငန်းများသာ ဝင်ရောက်လာစေရန် နိုင်ငံခြားသား လုပ်သားဥပဒေ ရေးဆွဲသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

ဥပဒေရေးဆွဲမှုကို လာမည့်အစိုးရလက်ထက်တွင်တင်ပြ၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါဥပဒေတွင် ကျွမ်းကျင်မှုစံနှုန်းအစရှိသည်တို့ကို ထည့်သွင်းသွားမည်ဖြစ်သည်။

သို့မှသာ နိုင်ငံတကာမှဝင်ရောက်လာမည့် ကျွမ်းကျင်လုပ်သားများအား အလုပ်အကိုင်များ၌ စိစစ်ရွေးချယ်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ရွေးချယ်နိုင်လျှင် နိုင်ငံတကာမှ ကျွမ်းကျင်သည့်လုပ်သားနှင့် လုပ်ငန်းများသာ ဝင်ရောက်လာပါက လုပ်ငန်းများ မြန်ဆန်စေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အခြေခံလုပ်သားများစွာရှိထားပြီးဖြစ်သဖြင့် နိုင်ငံတကာမှဝင်ရောက်မည်ဆိုပါက ကျွမ်းကျင်သူနှင့်ကျွမ်းကျင်လုပ်ငန်းများကိုသာ ဝင်ရောက်စေပြီး သာမန်အခြေခံလုပ်သားများ ဝင်ရောက်လာမှုကို ဟန့်တားသွားနိုင်စေရန်ရည်ရွယ်၍ ယင်းကဲ့သို့ ဥပဒေပိုင်းများကို ရေးဆွဲခြင်းဖြစ်သည်။ ယခုကဲ့သို့ ရေးဆွဲလုပ်ဆောင်သွားနိုင်ရန် အလုပ်သမားဆိုင်ရာဌာနနှင့် လုပ်ငန်းများစွာပေါင်းစည်း၍ ရေးဆွဲလုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ရှိ ပြည်တွင်း၌ အလုပ်အကိုင်နှင့် လုပ်ခလစာများ အားနည်းနေဆဲဖြစ်၍ ပြည်ပနိုင်ငံတို့သို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော်လည်း အနာဂတ်တွင် ပြည်ပနိုင်ငံတို့သို့သွားရန်မလိုဘဲ ပြည်တွင်း၌ပင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

kaykay

## မိုးလေဝသ သတင်း



# (၇၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ တိုးချဲ့မြို့ရေပေးရေးဖွင့်လှစ်

**မင်းဘူး မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ ဗိုလ်ချုပ်လမ်း အမှတ်(၁)ရပ်ကွက်တိုးချဲ့မြို့ရေပေးရေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၁)ရပ်ကွက် ရေသန့်စင်စက်ရုံရှေ့၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးသန်းက တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုးချဲ့ရေပေးရေးလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးဦးနေရှင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုးချဲ့ရေပေးရေး ဆိုင်းဘုတ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ တိုးချဲ့ရေပေးရေးလုပ်ငန်းကို နိုင်ငံတော်၏ခွင့်ပြုငွေကျပ် ၁၆၃၄ ဒသမ ၅၃ သန်းဖြင့် ဧရာဝတီမြစ်ရေအားတင်ပို့ပြီး ရေသန့်စင်စနစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေတင်ပိုက်လိုင်း ၈ လက်မ၊ ၆ လက်မပိုက်လိုင်းအလျားပေ ၂၆၅၀၀၊ ၆ လက်မ၊ ၄ လက်မရေဖြန့်ပိုက်လိုင်းအလျား ၆၉၉၄၅ ပေ သွယ်တန်းဆောင်ရွက်ခြင်းလုပ်ငန်း၊ မြင်းကောင်ရေ ၁၂ ဒသမ ၅ ရှိ ရေမြှုပ်ပန့် သုံးလုံးနှင့်မြင်းကောင်ရေ ၅၀ ရှိ ရေတင်စက် ကိုးလုံး တပ်ဆင်လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြစ်သည်။



မင်းဘူးမြို့ပေါ်(၄)ရပ်ကွက်တွင် အိမ်ခြေ ၅၂၀၅ အိမ်၊ လူဦးရေ ၂၉၈၈၆ ဦးရှိပြီး အိမ်သွယ်ရေတိုင်ပေါင်း ၁၉၄၃ တိုင်ကို စည်ပင်သာယာရေးအဖွဲ့နှင့်မြန်မာ့ရေနံမှ ဖြန့်ဝေပေးခဲ့ရာ တစ်မြို့လုံး ရေလွှမ်းခြုံမှုသည် ၈၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှတိုးချဲ့မြို့ရေပေးရေးလုပ်ငန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သဖြင့် မြို့လူဦးရေအရ တစ်ရက်ရေလိုအပ်ချက် ဂါလန် ခုနစ်သိန်းတိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းမှ အိမ်သွယ်ရေတိုင်များတွင် ရေမီတာများတပ်ဆင်ပေးထားပြီး တစ်ယူနစ်ရေဂါလန် ၂၂၀ ကို ငွေကျပ် ၅၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် မြေအောက်ရေတူးဖော်ရန်ခက်ခဲသော မင်းဘူးမြို့ပေါ်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေကိုရာသီမရွေးဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၂၇-၃-၂၀၁၆(တနင်္ဂနွေနေ့)**

၁။ ၀၇း၀၀ Thazin Morning Review
၂။ ၀၈း၀၀ ပျော်ရွှင်ရင်ခုန်စားဖွယ်စုံ
၃။ ၁၁း၀၀ I Music
၄။ ၁၂း၁၅ ချစ်သူတို့အတွက် အမှတ်တရ
၅။ ၁၃း၀၀ Thazin Music Circle
၆။ ၁၃း၅၀ စိတ်ဝင်စားစရာပုံပြင်ကမ္ဘာ
၇။ ၁၅း၃၀ Super Live
၈။ ၁၆း၀၀ ပဟေဠိအဖြေညီ
၉။ ၁၆း၅၀ 99 Album

# စက်ရေတွင်းတူးဖော်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ထုံးဘိုကျေးရွာနှင့်မရိုးကုန်းကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စက်ရေတွင်းတူးဖော်ပြီးစီးမှုကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူတို့က ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စက်ရေတွင်းတူးဖော်ပြီးစီးမှုလုပ်ငန်းများကို အရည်အသွေးပြည့်မီရေးနှင့်သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးဆောင်ရွက်ကြရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(၄၁၃)**

# တောင်သာချောင်းကူးတံတားသစ်ဖွင့်လှစ်

**တောင်သာ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ ဒေသခံပြည်သူများအဓိကအားထား သွားလာအသုံးပြုနေသည့် ရန်ကုန်-ပြည်-မန္တလေး၊ မိတ္ထီလာ-မြင်းခြံကားလမ်း လမ်းဆုံပေါ်ရှိ တောင်သာချောင်းကူးတံတားသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ တောင်သာချောင်းကူးတံတားသစ်ကို ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးကျော်လင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တောင်သာချောင်းကူးတံတားသစ်မှာ တံတားခံနိုင်ဝန်တန်ချိန် ၆၀ ဖြစ်ပြီး အရှည်ပေ ၂၄၀၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်သာချောင်းကူးတံတားသစ်ဖွင့်လှစ်ပေးနိုင်သည့်အတွက် ယခင်က မိုးရာသီအချိန်ဆိုလျှင် တောင်သာတောင်၏တောင်ကျချောင်းရေကြောင့် ခရီးသွားပြည်သူများ ချောင်းနံဘေးတွင် ခရီးတစ်ထောက်မနားရတော့ဘဲ ပခုက္ကူ၊ ဂန့်ဂေါ၊ မင်းတပ်၊ မကွေး၊ မိတ္ထီလာ၊ မန္တလေး၊ ပြည်၊ ရန်ကုန်မြို့ကြီးများသို့ ရာသီမရွေးဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကျော်မျိုးနိုင်**

# နွေရာသီအားကစားသင်တန်းများဆင်းပွဲကျင်းပ

**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းခရိုင်နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ပူးပေါင်းကျင်းပသော နွေရာသီအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးမြတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကို၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူးတို့က သင်တန်းသား၊ သင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ သင်တန်းဆရာတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ကရာတေးဒို၊ အေရိုးဗစ်နှင့်တင်းနစ်၊ ရိုးရာလက်ဝှေ့များကို သရုပ်ပြဖျော်ဖြေကြသည်။

၂၀၁၆ ခုနှစ် နွေရာသီအားကစားသင်တန်းများကို မတ် ၃ ရက်မှစတင်ကာ မြို့နယ်အားကစားကွင်းအားကစားခန်းမတို့၌ တင်းနစ်၊ ရိုးရာလက်ဝှေ့၊ ရိုးရာခြင်းလုံး၊ အေရိုးဗစ်၊ စားပွဲတင်တင်းနစ်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားနည်းများ သင်ကြားပို့ချပေးကာ သင်တန်းသား၊ သင်တန်းသူ ၁၇၀ ဦး တက်ရောက်သင်ကြားကြောင်းသိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# စျေးချိုတော်စံပြမူလတန်းကြိုကျောင်း ကျောင်းဆင်းပွဲနှင့် စွမ်းရည်ပြပွဲကျင်းပ



**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စျေးချိုတော်စံပြမူလတန်းကြိုကျောင်း ကျောင်းဆင်းပွဲနှင့်စွမ်းရည်ပြသပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်အောင်အောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်အေးမြင့်က ဆရာမများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ယင်းနောက် မူလတန်းတက်ရောက်ရန် ကျောင်းကြီးများသို့ ပြောင်းရွှေ့မည့်ကလေးငယ် ၂၆ ဦးအား ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ကြူကြူဆွေက အမှတ်တရလက်ဆောင်များပေးအပ်သည်။

ထို့နောက် မူလတန်းကြို သားငယ်၊ သမီးငယ်များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက အမှတ်တရလက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

**(၄၀၂)**

# အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**ဂန့်ဂေါ မတ် ၂၆**

အယ်လ်နီညိုအကျိုးသက်ရောက်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ဟောပြောပွဲတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က အပူဒဏ်အန္တရာယ်အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက အယ်လ်နီညိုနှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာအေးက စိုက်ပျိုးရေးနှင့်ပတ်သက်သည့်ကြိုတင်ကာကွယ်ရေးအချက်အလက်များကိုလည်းကောင်း၊ ကျန်းမာရေးဌာနမှ ဒေါက်တာမျိုးမြင့်မောင်က အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ဖြစ်ပွားတတ်သော ရောဂါများကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်မှူး ဦးတင့်ဇော်က လျှပ်စစ်ကြောင့်ဖြစ်ပွားတတ်သည့်အန္တရာယ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်က မီးသတိပြုရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း အသီးသီးရှင်းလင်းဟောပြောဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မာအေး၊ ကျန်းမာရေးဌာနမှ ဒေါက်တာမျိုးမြင့်မောင်၊ မြို့နယ်လျှပ်စစ်မှူး ဦးတင့်ဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**တောင်သားမောင်သန်း**

# သာယာဝတီခရိုင်စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**သာယာဝတီ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဈေးပိုင်းရပ်ကွက် မင်းတဲလမ်း၌ ယမန်နေ့ နံနက် ၁၀ နာရီက သာယာဝတီခရိုင် စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ ULTRA Co.,Ltd. မှ ဦးဟိန်းထွန်းဦးတို့က ခရိုင် စုပေါင်းရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ခရိုင်စုပေါင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ULTRA Co.,Ltd. မှ ဦးဟိန်းထွန်းဦးက အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။



သာယာဝတီခရိုင်စုပေါင်းရုံးမှာ အာရ်စီ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၃၀ ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ ရုံးသစ်ဖွင့်လှစ်ခြင်းဖြင့် ပြည်သူများအနေဖြင့်လည်း ဝန်ဆောင်မှုကို ရယူရန်အတွက် အချိန်ကုန်သက်သာခြင်း၊ ရုံးအခင်းအကျင်း ပွင့်လင်းမြင်သာမှုကို တိုးတက်စေခြင်း၊ မတူညီသော ဌာနများကို အတူတကွထားရှိပြီး စုပေါင်းအလုပ်လုပ်စေခြင်းဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ခြင်းများဖြစ်စေရန် မကြာခဏ ဦးတည်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၄၀၁)

# ဖျာပုံမြို့၌ နွေရာသီ အားကစားသင်တန်း ဖွင့်လှစ်

**ဖျာပုံ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ယမန်နေ့ ညနေ ၅ နာရီက ဖျာပုံခရိုင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက နွေရာသီအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် ဖျာပုံခရိုင် ဒုတိယဦးစီးမှူး ဦးဇေထက်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ကာယဗလ၊ မြန်မာ့သိုင်း၊ ဂျူဒို၊ စားပွဲတင်တင်းနစ် စသည့်အားကစားသင်တန်း ခုနစ်မျိုးအတွက် သင်ထောက်ကူ အားကစားပစ္စည်းနှင့် သင်တန်းဝတ်စုံများကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်တို့က နည်းပြများထံသို့ အသီးသီးပေးအပ်သည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄၅ ဦး တက်ရောက်ပြီး မတ် ၂၅ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အခမ်းအနားသို့ ဖျာပုံခရိုင် ဒုတိယဦးစီးမှူး ဦးဇေထက်အောင်၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(ဖျာပုံ)**

# ပန်တိန်း-လမ်းဆုံ ကျောက်ချောလမ်းဖွင့်လှစ်

**မယ်စဲ့ မတ် ၂၆**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာ၌ (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်တိန်း-လမ်းဆုံကျောက်ချောလမ်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်က ပန်တိန်း-လမ်းဆုံ ကျောက်ချောလမ်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဖူးကြည်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများမှာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် လွန်စွာအထောက်အကူဖြစ်ပြီး သွားလာမှုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဖူးကြည်၊ မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၅)

# စစ်မှုထမ်းဟောင်းများအား ချီးမြှင့်ငွေပေးအပ်

**ရန်ကုန် မတ် ၂၆**

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်မှုထမ်းဟောင်းများအား ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး ရန်ငြိမ်းအောင်ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)က အမှာစကားပြောကြားပြီး ရှေ့တန်းစစ်ဆင်ရေးတွင် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ကြရသည့် (အီးအေ-၁) အရာရှိ/စစ်သည် ၉၁ ဦးတို့အား ချီးမြှင့်ငွေကျပ် ၉၁၀၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။

**ထွန်းဝင်း**

# စစ်ကိုင်းမြို့နယ်၌ ထင်းအခမဲ့ဖြန့်ဝေလှူဒါန်း

**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ မှ ထွက်ရှိသောထင်းများကို ထန်းတောကျေးရွာရှိ တောင်ပလူဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာအိမ်ထောင်စု ၂၀ စုတို့အား အခမဲ့လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၈ နာရီက သဘာဝ တောထိန်းပင်မစခန်းတဲအနီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်လှိုင်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် စည်းကမ်းမဲ့ထင်းများ ခုတ်ယူခြင်း၊ သစ်တောသစ်ပင်များ လျော့နည်းလာခြင်း၊ ရာသီဥတုဖောက်ပြန်၍ မိုးခေါင်ရေရှားခြင်းတို့မှ ကင်းဝေးစေရန်နှင့် သစ်တောသစ်ပင်တို့အား စည်းကမ်းမဲ့ခုတ်ယူခြင်းတို့မှ ကင်းဝေးစေရန်အတွက် ထင်းများကို စနစ်တကျ ခုတ်ယူသုံးစွဲတတ်စေရန် ရည်ရွယ်၍ ထင်းများဖြန့်ဝေလှူဒါန်းပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး အိမ်ထောင်စုများသို့ ထင်းများ ဖြန့်ဝေပေးသည်။

အခမ်းအနားသို့ စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဦးစီးမှူး ဦးညွှန့်လှိုင်နှင့်ဝန်ထမ်းများ၊ ထန်းတောကျေးရွာ အိမ်ထောင်စု ၂၀ စုမှ ပြည်သူများ တက်ရောက်ကြပြီး တောင်ပလူဘုန်းတော်ကြီးကျောင်းဆရာတော်က ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

(၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကဗျာ

# သမိုင်းဂုဏ်ဖော် တပ်မတော်

➢ လွတ်လပ်ရေးလမ်း ရည်မျှော်မှန်းသည့်
အောင်ဆန်းသခင် တို့ဖခင်ကား
ရင်တွင်ပြည့်သိပ် မျိုးချစ်စိတ်ဖြင့်
သုံးကျိပ်ရဲဘော် ဦးဆောင်ဖော်လျက်
မြို့တော်ဗန်ကောက် ကွန်းခိုရောက်စဉ်
သွေးဖောက်လက်မောင်း သစ္စာလောင်းလျက်
နှစ်ထောင်းအားရ ဖွဲ့စည်းကြသည်
“ဗမာ့လွတ်လပ်ရေးတပ်မတော်” စခဲ့သည်။

➢ “ဗမာတပ်မတော်” ဂျပန်ဖော်နှင့်
ပြည်တော်ဝင်လာ ပြည်သူပါလျက်
နှစ်ရာကျော်ကျူး နယ်ချဲ့ရူးအား
စစ်ဦးချီကာ တိုက်ထုတ်ပါ၍
ဆုတ်ခွာရှုံ့စိတ် အင်္ဂလိပ်တို့
စိုးထိတ်ဗျာပါ အထိနာခဲ့
“ဗမာတပ်မတော်” အောင်ခဲ့သည်။

➢ ဗြိတိသျှနှင့် ဂျပန်ဝင်ခဲ့
ရှင်ကြီးကျားထက် ဆိုးရွားချက်ကား
ရက်စက်ယုတ်မာ သက်ဆိုးရှာကြ
ရိက္ခာဆက်ကြေး ရှာကြံပေးရ
ကလေးမိခင် အပျိုစင်လည်း
ဆင်ခြင်မထောက် ဖျက်ဆီးဖောက်ကြ
လမ်းဖောက်မြေထပ် ကျောက်တုံးညှပ်ရာ
ချွေးတပ်ဆွဲကြ အဓမ္မကြောင့်
သောကလှိုက်ဆူ တို့ပြည်သူတို့
ပူမီးတောက်လောင်ခဲ့ရသည်။

➢ ဖက်ဆစ်ဂျပန် ဆိုးညစ်ဉာဏ်ဖြင့်
နိုင်ငံလွတ်ရေး တုယောင်ပေးလည်း
သွေးသောက်အားမာန် လက်မခံခဲ့
နိုင်ငံပြည်ဖွား တပ်မတော်သားတို့
တွဲထားနှောင်ဆက် လက်ချင်းယှက်၍
ပြည်ဖျက်ဂျပန် ဖက်ဆစ်ရန်ကို
တော်လှန်ခဲ့ကြ သတ္တိပြသည့်
မတ်လရက်မှန် နှစ်ဆယ့်ခွန်ကား
ညွှန်ပြဆစ်ပိုင်း တုမဲ့နှိုင်းသည်
သမိုင်းဂုဏ်ဖော် တပ်မတော် ။ ။

**မောင်မင်းသိမ်း(သရက်)**

# ဟင်းသီးဟင်းရွက် အချဉ်တည်ခြင်း

ဒေါက်တာချစ်
(ထပ်ဆင့်အမျိုးသားစာပေဆုရ)

**ချဉ်ဖတ်လုပ်နည်း (နမူနာ)**
**ပန်းမုန်လာချဉ်ဖတ်**

♦ ပန်းပွင့်ကြီးကြီးတစ်ထုပ်ပန်းပွင့်ကြီးမှ အခိုင်လေးအဖြစ် လှီးဖြတ်ရန် သို့မဟုတ် ပန်းပွင့်အခိုင် ကြီးနေသေးလျှင် နှစ်ပိုင်း သို့မဟုတ် လေးစိတ်စိတ်ရသည်။ လှီးဖြတ်ထားသောပန်းပွင့်ကို ရေနွေးငွေ့ဖြင့် ၁၀ မိနစ်ခန့် သို့မဟုတ် ကြွပ်ဆတ်မှုမရှိတော့ဘဲ အနည်းငယ်ပျော့ပျောင်းလာသည်အထိ ပေါင်းတင်ရသည်။
♦ ကြက်သွန်ဥ အလတ်စားအရွယ်ရှိသော တစ်လုံးကို ပါးပါးအဝိုင်းလိုက် လှီးပြီး ခွက်ကြီးတစ်ခုထဲတွင်စီ၍ ချထားရသည်။
♦ သံလွင်ဆီ ရှစ်ဇွန်း(ထမင်းစားဇွန်း) သို့မဟုတ် ပဲ/နှမ်းဆီ
♦ ရှလကာရည် ငါးဇွန်း(ထမင်းစားဇွန်း)
♦ စမြိတ်ပင်(အစိမ်း)ကို နုပ်နုပ်စဉ်းပြီး နှစ်ဇွန်း(လက်ဖက်ရည်ဖျော်သောဇွန်း) သို့မဟုတ် စမြိတ်စေ့အခြောက် တစ်ဇွန်း (လက်ဖက်ရည်ဖျော်သောဇွန်း)
♦ ပျားရည်ဇွန်းဝက်(လက်ဖက်ရည်ဖျော်သောဇွန်း)
♦ မုန်ညင်းစေ့ဇွန်းဝက်(လက်ဖက်ရည်ဖျော်သောဇွန်း)ဆီ၊ ရှလကာရည်၊ ပျားရည်နှင့်အမွှေးအကြိုင်တို့ကို ခွက်တစ်လုံးတွင်ထည့်၍ ရောနှောပြီး နှံ့အောင်မွှေပေးရသည်။ ပေါင်းတင်ထားသောပန်းမုန်လာများကို ကြက်သွန်နီထည့်ထားသောခွက်ထဲသို့ အပေါ်မှထည့်ရသည်။ ပူနေသော ပန်းမုန်လာပေါ်သို့ ဆီ၊ ရှလကာရည်တို့ကိုရောစပ်ဖျော်ထားသော အရည်ကို အပေါ်မှဖြည်းဖြည်းလောင်းရသည်။ ပန်းပွင့်အားလုံးမျှတစွာစိုနေအောင် ဂရုစိုက်ရသည်။ မွှေမပေးဘဲ ပန်းပွင့်များအေးအောင်ထားရသည်။ အေးသွားလျှင် ရေခဲသေတ္တာအအေးခန်းတွင် ၆၊ ၈ နာရီ သို့မဟုတ် တစ်ညသိပ်ထားရသည်။ စားသုံးမည်ဆိုလျှင် ကြက်သွန်နီနှင့် ပန်းမုန်လာတို့ရောနှောသွားစေရန် အထက်အောက်ခလောက်(Toss)ပေးရပြီး အရည်မပါအောင်စစ်၍ ယူရသည်။

တရုတ်နံနံကို နုပ်နုပ်စဉ်းပြီး ချဉ်ဖတ်ပေါ်မှာဖြူးပေးရသည်။ ချဉ်ဖတ်စုစုပေါင်း ရှစ်ပွဲစာရမည်ဖြစ်သည်။ ယနေ့ချဉ်ဖတ်လုပ်လျှင် နောက်နေ့ အသုပ် (Salad) အဖြစ် စားသုံးနိုင်သည်။

**သခွားချဉ်ဖတ်အကြွပ်**

♦ သခွားသီးအလတ်စား ကိုးလုံးကို လက်မဝက်အထူ အပိုင်းလိုက်လှီး။
♦ ထုံးမှုန့် ၁၆ ဇွန်း(ထမင်းစားဇွန်း)
♦ ရေတစ်ဂါလန်(ရေသန့်ပုလင်း ၃ ဒသမ ၇ ပုလင်း)ကို ခွက်ကြီးတစ်လုံးတွင် ထည့်၍ ထုံးမှုန့်ထည့်ပြီးမွှေရသည်။ ထိုထုံးရည်ထဲသို့ သခွားသီးများကို ထည့်ပြီး တစ်ညသိပ်ထားရသည်။ အခါအားလျော်စွာ ထုံးမှုန့်အနည်မထိုင်စေရန် မွှေပေးရသည်။ တစ်ညသိပ်စိမ်ပြီးနောက် သခွားသီးများကို စီးနေသော (ရေရှင်)ရေအေးနှင့်ပြောင်စင်အောင်ဆေးကြောရသည်။ထို့နောက် ရေခဲရေတွင် ၄ နာရီစိမ်ထားရသည်။
♦ ရှလကာရည်ခြောက်ခွက် (၆ ခွက်× ၁၆ ဇွန်း)
♦ ပျားရည် သုံးခွက်(၃ ခွက်× ၁၆ ဇွန်း) တို့ကို ဒယ်အိုးတွင်ထည့်၍ ပွက်လာအောင်ကျိုရသည်။

ပွက်ပွက်ဆူနေသော ရေနွေးဖြင့် ဆေးကြောထားသဖြင့် ပူနေသောဘူးတွင် သခွားသီးများကိုထည့်ရသည်။ တစ်ဘူးစီတွင် အမွှေးအကြိုင်တစ်ဇွန်း(လက်ဖက်ရည်ဇွန်း)ထည့်ပြီး ရှလကာရည်နှင့် ပျားရည်အရောပူပူကိုလောင်းထည့်ရသည်။ အပြည့်အလျှံမထည့်ဘဲ လက်မဝက်ခန့် ချန်ထားရသည်။ လေလုံအောင် အပိတ်ကိုပိတ်ပြီးလျှင် ပွက်ပွက်ဆူနေသော ရေနွေးတွင် ၁၀ မိနစ်ပြုတ်ရသည်။ ဘူးများသည် တစ်ပိုင့်ဝင်ဘူးများဖြစ်ရမည်။ သခွားချဉ်ခြောက်ပိုင့် ရရှိမည်ဖြစ်သည်။

ဆားမပါသော ဤချဉ်ဖတ်သည် ပိုမို၍ ကြွပ်ဆတ်မည်ဖြစ်သည်။

**ဆားရည်စိမ်သီးစုံချဉ်ဖတ်**

♦ စမြိတ်ပင်လတ်လတ်ဆတ်ဆတ် လေးဆုပ်။
♦ ကြက်သွန်ဖြူ သုံးဥ အခွံခွာ။
♦ ငရုတ်သီး(အစပ်)သုံးတောင့်ကို အရှည်လိုက်လှီး (Slit) ၍ အစေ့များကို ထုတ်ထားရသည်။
♦ ပဲပိုးတီ သုံးခွက်(၃ ခွက်× ၁၆ ဇွန်း) ကို လက်မဝက်အထူအဝိုင်းလိုက်လှီးရသည်။
♦ မြိတ်စားကြက်သွန်ခြောက်ဥကို ထက်ခြမ်းခွဲရသည်။
♦ ပန်းမုန်လာတစ်ခြမ်းကို ပွင့်ခိုင်လေးများဖြစ်အောင် လှီးဖြတ်ရသည်။
♦ ပဲသီးစိမ်း တစ်ခွက်ခွဲ
♦ ခါကြက်ဥအရွယ်အလတ်စား သုံးဥကို တစောင်းလှီးရသည်။
♦ တရုတ်နံနံအရိုးသုံးပင်ကို တစောင်းလှီးရသည်။
♦ ကြက်သွန်နီသေးသေး ၁၀ ဥ
♦ ဆားနု ရှစ်ဇွန်း (ထမင်းစားဇွန်း)
♦ ရှလကာရည်အဖြူရှစ်ခွက် (၈ ခွက်× ၁၆ ဇွန်း)

တစ်ဂါလန်ခန့် ဝင်ဆံ့သောဘူးတွင် စမြိတ်လက်တစ်ဆုပ်စာကို ဖြန့်၍ ခင်းရသည်။ ကြက်သွန်ဖြူများနှင့် ငရုတ်သီးတို့ကို ထည့်ရသည်။ ထိုသီးနှံများအပေါ်မှ ပဲပိုးတီကိုထည့်၍ စမြိတ်ပင်တစ်ထပ်ဖုံးပေးရသည်။ ထို့နောက် ကြက်သွန်မြိတ်များ ထပ်မံတင်ရသည်။ ထိုသီးနှံများအပေါ်မှာ ပန်းမုန်လာတစ်လွှာတင်ပြီး ပဲသီးများကို တင်ရသည်။ ထို့နောက် စမြိတ်တစ်လွှာတင်ပြီး ခါကြက်ဥထည့်ရသည်။ ထို့နောက် တရုတ်နံနံထည့်ပြီး ကြက်သွန်မြိတ်ထည့်ရသည်။ နောက်ဆုံးတွင် ကျန်နေသေးသော စမြိတ်ဖြင့် ဖုံးအုပ်ရသည်။ ဆားခွက်ဝက်ကို ရှလကာရည် နှစ်ခွက်ထဲသို့ထည့်၍ ဆားကြေအောင် ရောမွှေပြီး ချဉ်ဖတ်အိုးထဲသို့ ထည့်ရသည်။ ထို့နောက် ကျန်နေသော ရှလကာရည် ခြောက်ခွက်ကို ချဉ်ဖတ်အိုးထဲသို့ထည့်၍ သီးနှံများကို ဖုံးအုပ်စေရသည်။ ထို့နောက် ပလတ်စတစ်အကြည်ဖြင့် လုံအောင်အုပ်ပြီး၊ သီးနှံများကို ဖိချစေကာ အဖုံးဖုံး၍ အလေးဖြင့်ဖိထားရသည်။

မီးဖိုထဲ တစ်နေရာတွင် ၄ ရက်၊ ၆ ရက်ခန့်ထားပြီးနောက် ရေခဲသေတ္တာထဲတွင် သိုလှောင်ရသည်။ စားသောအချိန်တွင် အရည်များကို စစ်ထုတ်ပစ်ရသည်။ ချဉ်ဖတ်တစ်ဂါလန်ခန့် ရရှိမည်ဖြစ်သည်။

ဤနည်းမှာ ရှေးက သမားရိုးကျနည်းဖြစ်သည်။ ။

# (၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်လှစ်

**သာစည် မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရွာမွန်သာ-သမန်းကျား-မြေစို-မုံတော-မောင်းမဆည်-ထနောင်းကန်ကျေးရွာချင်းဆက်လမ်းပိုင်းအား ကျောက်ချောလမ်းသစ်အဖြစ် တိုးမြှင့်ခင်းကျင်းဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၉ နာရီက မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း မိုင်တိုင်အမှတ်(၂၂/၃)မိုင်၊ ရွာမွန်သာကျေးရွာအနီးမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းညွန့်ဦးက ကျောက်ချောလမ်းသစ် ခင်းကျင်းခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံသို့ ပေးအပ်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ဝေနှင့် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသူဇာလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွာမွန်သာ-သမန်းကျား-မြေစို-မုံတော-မောင်းမဆည်-ထနောင်းကန်ကျေးရွာချင်းဆက်ကျောက်ချောလမ်းသစ်မှာ ၇ မိုင် ၃ ဖာလုံရှိပြီး ခိုင်ခံ့ဖြူစင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ကသာမြို့နယ်၌ နေပူပြင်း၍ ဖရဲသီးစားသုံးသူများလာသောကြောင့် ဖရဲသီးဈေးကောင်းရရှိ



**ကသာ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယခုအခါ နေပူပြင်း၍ ဖရဲသီးစားသုံးသူများလာသဖြင့် ဖရဲသီးများ ဈေးကောင်းရရှိနေကြောင်း ဖရဲသီးကုန်သည်များထံမှ သိရသည်။

ယခုနှစ်တွင် ဖရဲသီးဈေးနှုန်းမှာ ကွင်းလုံးပြတ်ဈေးပထမတန်းစား ၈၅၅ စိမ်းကျားရှယ်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ဈေးရှိကာ ဒုတိယတန်းစား အဖြူသီးတစ်လုံးလျှင် ငွေကျပ် ၁၃၀၀ မှ ၁၄၀၀ အထိရှိပြီး ၂၀၁၅ ခုနှစ်တွင် ကွင်းလုံးပြတ်ဈေးမှာ တစ်လုံးလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ အထိသာ ဈေးရရှိသည်။

"အဝေးဝယ်လက်တွေက ကသာဖရဲသီးကိုမှာတယ်။ ရာသီဥတုပူတော့ စားသုံးသူများလာတယ်။ ကိုယ့်နယ်ထွက်ဆိုတော့ ဈေးလည်းသင့်တင့်ပါတယ်။ အကြီး၊ အသေး အလုံးပေါ်မူတည်ပြီး ရောင်းရတယ်"ဟု ဖရဲသီးကုန်သည် မဇာဇာက ပြောသည်။

ကသာမြို့နယ်မှ ဖရဲသီးများကို ဗန်းမော်၊ မန္တလေး၊ မူဆယ်နှင့်ဖားကန့်မြို့တို့က အဓိကဝယ်ယူကြပြီး ထိုမှတစ်ဆင့် တရုတ်ပြည်မကြီးအထိ ခြောက်ဘီး၊ ၁၂ ဘီးယာဉ်များဖြင့် သယ်ယူရောင်းချကြသည်။

"ဖရဲသီး ၃၅၀၀ ဆံ့ မော်တော်တစ်စင်းကို ဗန်းမော်အရောက် ငွေကျပ် ခြောက်သိန်းပေးရတယ်။ အလုပ်သမားခတစ်လုံးကို ငွေကျပ် ၅၀၊ ကားခ ငွေကျပ် ၅၀ နဲ့ ကသာကနေ ဗန်းမော်အထိ အရောက်ပို့တယ်။ အဲဒီကနေ တစ်ဆင့် တရုတ်ပြည်ထိ ကားကြီးတွေနဲ့ တင်ကြတာ"ဟု ဖရဲသီးကုန်သည် မတင်မာက ပြောသည်။

ဗန်းမော်မြို့အရောက် ဖရဲသီးများကို တရုတ်ပြည်ဝယ်လက်များက မော်တော်စင်းလုံးပြတ်ငွေကျပ် ၇၅ သိန်းနှင့် သိန်း ၈၀ ကြားပေးဝယ်ယူပြီး တရုတ်ပြည်မကြီးတွင် ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ အထိ ရောင်းချကြကြောင်း သိရသည်။

**အမ်အမ်ကေ**

# ၂၀၁၅ ခုနှစ် မိုးစပါး နွေစပါးရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုပေးပွဲကျင်းပ

**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆုရသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ဆုပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိုးစပါး GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး မြို့နယ်ဆု၊ မိုးစပါးပုလဲသွယ်စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့ဖိုးငွေကျပ်သိန်း ၄၅၀ အထက်ကောက်ခံပေးသွင်းမှု အကောင်းဆုံးမြို့နယ်ဆုနှင့်ငွေကျပ် သိန်း ၂၅၀ အထက် ကောက်ခံပေးသွင်းမှု အကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါး၊ နွေစပါးပုလဲသွယ် စိုက်ပျိုးထုတ်လုပ်မှု လျာထားချက်ကျော်လွန်စွာ စိုက်ပျိုးမှု အကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါးစံပြကွက် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးဝန်ထမ်းဆု၊ မိုးစပါးစမ်းသပ်ကွက်စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဝန်ထမ်းဆု၊ မိုးစပါးပုလဲသွယ် မျိုးစေ့ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဝန်ထမ်းဆု၊ နွေစပါးပုလဲသွယ် မြို့နယ်လုံးကျွတ်စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးဝန်ထမ်းဆု၊ သင်တန်းထူးချွန်ဝန်ထမ်းဆုနှင့် ဘက်စုံဝန်ထမ်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ကြောင်း သတင်းရရှိသည်။

(၄၀၁)

## ဇန်မာလစ်ခ်၏ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ထွက်ရှိ



လော့စ်အိန်ဂျလိစ် မတ် ၂၆

One Direction အဖွဲ့ဝင်ဟောင်း ဇန်မာလစ်ခ်သည် အဖွဲ့မှနုတ်ထွက်ပြီး တစ်နှစ်အကြာတွင် Mind of Mine ဟု အမည်ပေးထားသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ယမန်နေ့က ဖြန့်ချိခဲ့ကြောင်း သိရသည်။

ဇန်မာလစ်ခ်၏ Mind of Mine တေးအယ်လ်ဘမ်မှ Pillowtalk တေးသီချင်းသည် နိုင်ငံတကာရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်များစာရင်းတွင် နံပါတ်(၁) နေရာ၌ ရပ်တည်ခဲ့သည်။

ဇန်မာလစ်ခ်သည် အဆိုပါတေးအယ်လ်ဘမ်ထွက်ရှိပြီဖြစ်ကြောင်း ပရိသတ်များအားအသိပေးသည့်အနေဖြင့် Instagram နှင့် တွစ်တာလူမှုကွန်ရက်စာမျက်နှာတို့တွင် တေးအယ်လ်ဘမ်၏ Cover ဓာတ်ပုံကို Profile Picture အဖြစ်ပြောင်းလဲခဲ့ကြောင်း သိရသည်။

Ref: ITV News

# Miss Universe Myanmar 2016 အလှမယ်ထက်ထက်ထွန်းနှင့် တွေ့ဆုံခြင်း

ယခုနှစ်တွင် ကျင်းပမည့် Miss Universe 2016 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ရန် အလှမယ်ထက်ထက်ထွန်း အနေဖြင့် ရွေးချယ်ခံထားရသည်။ ထို့ကြောင့် အလှမယ်ထက်ထက်ထွန်း၏ အနုပညာခရီး၊ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေမှုများနှင့် သူမ၏ယဉ်ဘဝဖြတ်သန်းမှုများအကြောင်းနှင့်ပတ်သက်၍မေးမြန်းဖြစ်ခဲ့ပုံကို ဖော်ပြလိုက်ပါသည်။



**ထက်ထက်ထွန်းအနေနဲ့ Miss Universe Myanmar 2016 မဖြစ်ခင် ဖြတ်သန်းခဲ့တဲ့အကြောင်း ပြောပြပေးပါဦး။**

Miss Universe Myanmar 2016 မဖြစ်ခင် အနုပညာအလုပ်လုပ်ခဲ့တာ ငါးနှစ်ကျော်ပါပြီ။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလလောက်မှာ Prince and Princess Gamone Pwint 2010 ပြိုင်ပွဲစဝင်ပြီး အနုပညာလောကထဲ ရောက်ခဲ့တာပါ။ အဲဒီပြိုင်ပွဲမှာ Best Body ဆုရခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလမှာ Mr. and Ms. La Pyayt Wun 2011 ပြိုင်ပွဲထပ်ပြိုင်တယ်။ အဲဒီပြိုင်ပွဲမှာ Miss. La Pyayt Wun 2011 ဆုရယ်၊ Title ဆုနှစ်ဆုဖြစ်တဲ့ Best Style နဲ့ Best Talent ဆိုပြီး ဆုသုံးဆုရပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လမှာ Mr. and Ms. Dell 2011 ပြိုင်ပွဲတစ်ခုမှာ Ms.Dell 2011 ဆုထပ်ရတယ်။ Miss Myanamr World 2014 ပြိုင်ပွဲမှာ 2nd Runner up ဆုနဲ့ Title ဆုက Photogenic ဆုရတယ်။ အဲဒီပွဲပြီးတော့ Miss Universe Myanmar 2015 & 2016 ပွဲမှာဝင်ပြိုင်တယ်။ ပြိုင်ပွဲမှာ Miss Universe Myanmar 2016 Winner ဆုရတယ်။ ပြီးတော့ Miss Photogenic၊ Miss Gorgeous၊ Miss Body Perfect ဆိုတဲ့ Title ဆုသုံးဆုရခဲ့ပါတယ်။

**ထက်ထက်ထွန်းရဲ့ ငယ်ဘဝဖြတ်သန်းမှုကိုလည်း ပြောပြပေးပါဦး။**

ညီမငယ်ငယ်က အရမ်းစကားတတ်တယ်လို့ လူကြီးတွေကပြောကြတယ်။ ကလေးနဲ့မတူအောင် စကားပြောတတ်တယ် ပေါ့နော်။ အလှလည်း အရမ်းကြိုက်တာ၊ ငယ်ငယ်တုန်းက ပုံတွေပြန်ကြည့်လိုက်ရင် နှုတ်ခမ်းနီအမြဲဆိုးထားတယ်။ နေကာမျက်မှန်အမြဲတပ်တယ်။ ဂါဝန်အမြဲဝတ်တယ်။ ညီမတို့က ညီအစ်မနှစ်ယောက်ပဲရှိတာ။ အသက်ကလည်း တစ်နှစ်ပဲကွာတယ်။ အစ်မကအေးတယ်။ ညီမကသွက်တယ်။ အဲဒီခေတ်က အေးအေးငြိမ်း၊ အိအိငြိမ်းတို့ခေတ်စားတော့ ညီအစ်မနှစ်ယောက်က သူတို့ကြော်ငြာတဲ့ အဝတ်လှလှလေးတွေ ဝယ်ဝတ်တယ်။ ညီအစ်မနှစ်ယောက်မှာ ညီမကပိုသွက်တယ်။ ငယ်ငယ်ကတည်းက လူလည်းမကြောက်တတ်ဘူး။ တွေ့တဲ့လူတိုင်းနဲ့လည်း စကားပြောတယ်။ ပြောရဲဆိုရဲရှိတယ်။ လူကြီးတွေကလည်းချစ်ကြတယ်။ ကျောင်းတက်တာက သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းအထိ အ-ထ-က (၁) ဒဂုံမှာတက်ခဲ့တယ်။ ကျောင်းမှာလုပ်တဲ့လှုပ်ရှားမှုတွေ၊ ကပွဲတွေမှာပါဝင်ခဲ့တယ်။ ငါးတန်း၊ ခြောက်တန်းမှာ ပန်းဖွားကတဲ့အဖွဲ့မှာပါတယ်။ အခုအချိန်ထိ ဘင်ခရာသံကြားရင် ကချင်တဲ့စိတ်မပျောက်ဘူး။ ရှစ်တန်း၊ ကိုးတန်းမှာ ကျောင်းရဲ့အခမ်းအနားတွေမှာ ဗန်းကိုင်လုပ်ခဲ့ရတယ်။

တက္ကသိုလ်တက်တော့ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှာတက်ခဲ့တယ်။ အဲဒီအချိန်ကျတော့ အိမ်ကလိုက်မပို့နိုင်တော့ဘူး။ ဖယ်ရီကားစီးပြီး သူငယ်ချင်းတွေနဲ့သွားတယ်။ ပျော်စရာကောင်းပါတယ်။ ဒီလိုပျော်ရွှင်မှုကို ဘယ်တော့မှပြန်ရမှာမဟုတ်တော့ဘူး။ ညီမ B.Tech Civil Engineering နဲ့ ကျောင်းပြီးခဲ့ပါတယ်။

**Miss Universe 2016 ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုကိုလည်း ပြောပြပေးပါဦး။**

ကိုယ်ကာယပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာပိုင်းတွေက ပြိုင်ပွဲတစ်ပွဲမှာ အရမ်းအရေးပါတယ်။ တခြားပြိုင်ပွဲဝင်နိုင်ငံတွေက အလှမယ်တွေဆိုရင် ငယ်ငယ်လေးကတည်းက လေ့ကျင့်ခဲ့ကြတာဆိုတော့ လေ့ကျင့်သားပြည့်ဝနေပါပြီ။ ညီမကတော့ ကာယပိုင်းအတွက် Gym ကစားတယ်။ အစားအသောက်လည်းဂရုစိုက်ရတာပေါ့။ Talent ပိုင်းအတွက် အကသင်တယ်။ အစားအသောက်နဲ့ပတ်သက်လို့ သက်သတ်လွတ်စားတာ နှစ်လလောက်ရှိပါပြီ။ နောက်ပြီးတော့ တခြားနိုင်ငံကပြိုင်ပွဲဝင်မယ့် အလှမယ်တွေရဲ့ လှုပ်ရှားမှုတွေကိုလေ့လာတယ်။ ပြိုင်ပွဲသွားရမယ့်နိုင်ငံက ဘယ်နိုင်ငံမှန်းမသိသေးတော့ ကြိုပြီးလေ့လာလို့မရသေးဘူးဖြစ်နေတယ်။ သိရရင် သူတို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုတွေကို လေ့လာရမယ်။ နောက်တစ်ချက်က ဘာသာစကားပေါ့။ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်အောင်ပြင်ဆင်နေပါတယ်။ Title ဆုတွေထဲက ပေါင်းသင်းဆက်ဆံရေးဆုကို အဓိကထားကြိုးစားသွားပါ့မယ်။ အဲဒီအတွက်လည်း ကြိုတင်ပြင်ဆင်နေပါတယ်။

**ဘဝမှာ အခက်အခဲတွေနဲ့ကြုံတွေ့လာတဲ့အခါ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်လဲဆိုတာ ပြောပြပေးပါဦး။**

ညီမက ငယ်ငယ်ကတည်းက စိတ်မာတယ်။ သွက်သွက်လက်လက်ထက်ထက်မြက်မြက် ရှိတော့ စိတ်မာတယ်လို့ထင်ရပေမယ့် အတွင်းစိတ်က အားငယ်တတ်တယ်။ တစ်ခုခုဖြစ်ရင် အရမ်းအငိုသန်တယ်။ မျက်ရည်လွယ်တယ်။ စိတ်ခံစားလွယ်တယ် ပေါ့နော်။ ဒါပေမဲ့ ပြီးသွားရင် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချတတ်တယ်။ သူများပြောတာထက် ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လုပ်တတ်တယ်။

**လက်ရှိမှာ အနုပညာအလုပ်အပြင် တခြားဘာတွေလုပ်ဖြစ်သေးလည်း သိပါရစေ။**

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး မော်ဒယ်လ်အလုပ်ကို ပြန်ပြီးအခြေချရင်းနဲ့ စီးပွားရေးအလုပ်တစ်ခုလုပ်ဖြစ်တယ်။ ကိုယ်ပိုင်စီးပွားရေးအလုပ်ပေါ့။ သူငယ်ချင်းတွေ၊ မော်ဒယ်လ်ညီမလေးတွေအတွက် အလုပ်ရှာပေးတဲ့၊ ပွဲစီစဉ်ပေးတဲ့အလုပ်လည်းလုပ်ဖြစ်ပါတယ်။ အဖွဲ့ရဲ့အမည်က Nine Event Planner ဖြစ်ပြီး Planning all the event လုပ်ပေးတာပါ။ အသံ၊ အလင်း၊ စတိတ်နဲ့ တခြားဆက်စပ်လုပ်ငန်းတွေကို ကိုယ်ပိုင်ငှားရမ်းပေးတာပါ။ ဒီစီးပွားရေးက အနုပညာအလုပ်လုပ်ရင်းရရှိလာတဲ့ ငွေနဲ့စုဆောင်းပြီး တည်ထောင်ခဲ့ရတာပါ။ ပရိသတ်တွေရဲ့ ချွေးနဲ့စာဆိုလည်းမမှားဘူးပေါ့။ မိဘဆွေမျိုးတွေရဲ့ အရင်းအနှီးမပါဘဲ ကြိုးစားခဲ့ရတာကြောင့် ဘဝရဲ့ဂုဏ်ယူစရာအောင်မြင်မှုတစ်ခုလို့ပြောချင်ပါတယ်။ နောက်ပြီး Presenter လည်းလုပ်ဖြစ်ပါတယ်။

**အားပေးတဲ့ပရိသတ်တွေအတွက် စကားလက်ဆောင်လေးပြောပေးပါဦး။**

ညီမကို အားပေးကြတဲ့ပရိသတ်တွေအတွက် ကြိုးစားသွားပါ့မယ်။ အချိန်တွေအများကြီးရထားတာဆိုတော့ သေချာကြိုးစားပါ့မယ်။ နိုင်ငံတကာပွဲကလည်း ပထမဆုံးအတွေ့အကြုံဖြစ်မယ့်ပွဲဆိုတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ အကောင်းမြင်တဲ့စိတ် အပြုသဘောနဲ့ဝေဖန်အကြံပြုတာတွေအားလုံးကို ညီမအနေနဲ့လက်ခံပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ တစ်သက်လုံးအနုပညာနဲ့ပတ်သက်တဲ့အလုပ်တွေကို ဆက်လုပ်သွားမှာပါ။ ဘာပဲဖြစ်ဖြစ် ညီမကို အားပေးနေတဲ့ပရိသတ်တွေအတွက် ဆက်ပြီးကြိုးစားသွားမှာပါ။

ညွန့်ဇော်အောင်

## ဂျိမ်းစ်ဘွန်းဇာတ်ကောင်အဖြစ်သရုပ်ဆောင်ရန် ဆန္ဒရှိသည့် ဟင်နရီကေဗယ်လ်



လော့စ်အိန်ဂျလိစ် မတ် ၂၆

Superman သရုပ်ဆောင်မင်းသား ဟင်နရီကေဗယ်လ်သည် ထပ်မံရိုက်ကူးမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်တွင် ဘွန်းဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မင်းသားဒန်နီရယ်လ်ဂရေ့၌ ပါဝင်သရုပ်ဆောင်ထားသည့် Specture ဇာတ်ကားသည် အောင်မြင်မှုများစွာရရှိခဲ့ပြီးနောက် ထပ်မံရိုက်ကူးမည့် ဇာတ်ကားသစ်တွင် အသက် ၃၂ နှစ်အရွယ်ရှိ ကေဗယ်လ်က ပါဝင်သရုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ဖြစ်၊ မဖြစ်မှာ ဇာတ်ကားစီစဉ်သူများပေါ်တွင်သာမူတည်ကြောင်း၊ ၎င်းတို့က ကမ်းလှမ်းလာခဲ့ပါက မိမိအနေဖြင့် ဘွန်းဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ကေဗယ်လ်ကပြောကြားခဲ့သည်။

ကေဗယ်လ်ပါဝင်သရုပ်ဆောင်ထားသော Batman v Superman: Dawn of Justice ဇာတ်ကားသည် လူကြိုက်အများဆုံး Box Office ဇာတ်ကားစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref: The Indian Express

## Lazy Club တေးဂီတနှင့် တေးသံရှင်ငါးဦး အမေရိကန်ဖျော်ဖြေရေးခရီးစဉ်ကို မေလအတွင်း ပြုလုပ်ရန်စီစဉ်

ရန်ကုန် မတ် ၂၆

Lazy Club တေးဂီတနှင့် တေးသံရှင်ငါးဦး၏ အမေရိကန်ဖျော်ဖြေရေးခရီးစဉ်ကို မေလအတွင်းပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း Lazy Club တေးဂီတအဖွဲ့မှ ဂစ်တာနိုင်ဇော်ကပြောသည်။

အဆိုပါဖျော်ဖြေပွဲကို အမေရိကန်နိုင်ငံရှိ Network Of Myanmar Association က ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး Lazy Club အဖွဲ့နှင့်အတူ တေးသံရှင် တူးတူး၊ ဂျေမောင်မောင်၊ ဟဲလေး၊ အိုင်ရင်းဇင်မာမြင့်နှင့် ချမ်းချမ်းတို့က ပါဝင်သီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

Lazy Club တေးဂီတ၏ ပြည်ပဖျော်ဖြေရေးခရီးစဉ်များကို ၂၀၀၀ ပြည့်နှစ်မှ စတင်သွားရောက်ဖျော်ဖြေခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် စင်ကာပူနိုင်ငံ၌ သွားရောက်ဖျော်ဖြေခဲ့ကာ မလေးရှား၊ ထိုင်း၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

မင်းသန့်

27-3-2016(P_11)SSK.indd 1 3/26/2016 10:45:31 PM

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# သားစဉ်မြေးမြစ် ပြောထုံးဖြစ် ပြည်သူချစ်သောတပ်မတော်

မောင်မန်းညို(မဟာဝိဇ္ဇာ)



"ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ် မင်းရေးကျယ်" ဟူသကဲ့သို့ နိုင်ငံတော်၏ အရေးကိစ္စရပ်များသည် လွန်စွာသိမ်မွေ့နက်နဲလှကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်ကာလသို့ လှမ်းမျှော်ကြည့်လျှင်လည်းကောင်း၊ လွတ်လပ်ရေးရပြီး နိုင်ငံ့သမိုင်းကို လေ့လာကြည့်လျှင် လည်းကောင်း တွက်စစ်ကောက်ချက်ချနိုင်ပါသည်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဖြင့် စည်းလုံးညီညွတ်သော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရောက်ရှိအောင် အသွင်ကူးပြောင်းဆဲကာလ တစ်ရပ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံ၏ အခြေခံဥပဒေပေါ်ပေါက်ကျင့်သုံးဖော်ဆောင်နေသည်မှာ အလွန်တိုတောင်းလှသေးသော ငါးနှစ်တာကာလပင်ရှိပါသေးသည်။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို ပြီးပြည့်စုံအောင် အကောင်အထည်ဖော်နိုင်သေးသည် မဟုတ်ဘဲ စိန်ခေါ်မှုများစွာကို ကျော်ဖြတ်နေရဆဲဖြစ်သည်။ ထို့ကြောင့်ပင် အသွင်ကူးပြောင်းဆဲကာလဟု သုံးနှုန်းမိခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ဖြတ်သန်းခဲ့သော ဒီမိုကရေစီငါးနှစ်တာကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်တို့သည် ပွတ်တိုက်မှု အနည်းငယ်ရှိခဲ့သော်လည်း တပ်မတော်နှင့် ပြည်သူတို့အပါအဝင် အပြန်အလှန်ထိန်းကျောင်းမှုတို့ဖြင့် တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှု နောက်ပြန်လှိုင်း၏ ရိုက်ပုတ်မှုဒဏ်များကို ကြီးမားစွာ မခံစားရဘဲ တည်ငြိမ်စွာဖော်ဆောင်နိုင်ခဲ့မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ဤနေရာတွင် တပ်မတော်နှင့်ပတ်သက်၍ တင်ပြလိုပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော် အခြေခံမူများတွင်ပါရှိသည့် အခြေခံမူများ ပုဒ်မ ၆ (စ)ပါ "နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" ဟူသော ပြဋ္ဌာန်းချက်အရ တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍအပေါ် အပြုသဘောဆောင် ပြောကြားချက်များရှိသလို ဝေဖန်ပြောဆိုနေမှုများလည်း ရှိသည်။ ထိုအချက်များနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုနေမှုများသည် စာနယ်ဇင်းများတွင်လည်းကောင်း၊ ဆိုရှယ်မီဒီယာများတွင်လည်းကောင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ဖြင့် နိုင်ငံတော်အကျိုးအတွက် အပြုသဘောရည်ရွယ်ထောက်ပြပြောဆိုမှုများကို ထောက်ပြလိုခြင်းမဟုတ်ဘဲ အဆိုးမြင်ဝါဒဖြန့်နေမှုများကို ရပ်တန်းကရပ်တန့်စေလိုကြောင်း ထောက်ပြလိုသည်။ ဥပမာအနေဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းသတ်မှတ်ချက်တွင် တစ်ခုဖြစ်သော "နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့်အမြင်များရှိရမည်" (စစ်ရေးအစား ကာကွယ်ရေးဟု ပြင်ဆင်ရန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုရန်ကျန်ရှိပါသည်) ဟူသောအချက်အပေါ် "စစ်ရေးအမြင်" ဟူသော အသုံးအနှုန်းအပေါ် တပ်မတော်မှ တပ်မတော်အရာရှိကြီးများသာ သမ္မတဖြစ်စေရန် သတ်မှတ်ထားသည်ဟူသော ဝါဒဖြန့်ခြင်းမျိုးဖြစ်ပါသည်။ ဝါဒဖြန့်သူသည် တပ်မတော်အပေါ် အထင်အမြင်လွဲစေလိုသော သဘောဖြင့်ဝါဒဖြန့်ခြင်းဖြစ်ကာ မသိနားမလည်သူများကလည်း အမှားကို အမှန်ထင်ယုံကြည်သွားခြင်းမျိုးဖြစ်ပါသည်။ အမှန်မှာ " စစ်ရေးအမြင် " ဆိုသည်နှင့် "စစ်ရေးအတွေ့အကြုံ" ဟူသော စကားရပ်ကို လက်တစ်လုံးခြားဝါဒဖြန့်ခြင်းသာဖြစ်သည်။ စစ်ရေးအတွေ့အကြုံရှိသူဆိုလျှင်တော့ တပ်မတော်သား တစ်ဦးဦးသာ သမ္မတဖြစ်ရေး သတ်မှတ်ထားသကဲ့သို့ ဖြစ်မည်ဖြစ်သော်လည်း "စစ်ရေးအမြင်" ဆိုသည်မှာ မည်သည့်နိုင်ငံသားမဆိုရှိနိုင်သည့် အရည်အချင်းမျိုးဖြစ်သည်။ ဤကဲ့သို့ပင် အထင်အမြင် လွဲမှားစေလိုသော တခြားသော အကြောင်းအရာ၊ အချက်အလက်များစွာကို အဆိုးမြင်ဝါဒဖြန့်ချိမှုများ ရှိနေဆဲလည်း ဖြစ်သည်။

ယနေ့မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးခံယူချက်များကို အခြေခံလျက် ဖွဲ့စည်းပေါ်ပေါက်လာရခြင်းဖြစ်သည်။ နိုင်ငံတော်၏ လိုအပ်ချက်ရှိတိုင်း တပ်မတော်က ပါဝင်ခဲ့ကြသည်ချည်းဖြစ်ကာ အဆိုးမြင်ဝါဒဖြန့်နေကြသကဲ့သို့ အကြောင်းရှာနေရာယူခြင်းမျိုး မဟုတ်ကြောင်း ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ် နှင့် ၁၉၈၈ ခုနှစ် နိုင်ငံ့သမိုင်းဖြစ်စဉ်များကို ဘက်မလိုက်စတမ်း ရှုမြင်သုံးသပ်ပါက ရှင်းလင်းစွာ သိမြင်ရမည်ဖြစ်သည်။ တပ်မတော်၏သန္ဓေသည် BIA၊ BDA၊ PBF ဟူသော တပ်ဖွဲ့များထက် စောခဲ့ပါသည်။ တပ်မတော်ထူထောင်ပြီး လက်နက်နှင့်တိုက်မှ လွတ်လပ်ရေးရမည်ဟု ယူဆကြသည့်အတွက် တို့ဗမာအစည်းအရုံးနှင့် သခင်ပါတီတို့က လက်ရုံးတပ်အဖြစ် စဖွဲ့ခဲ့ပါသည်။ MA ဦးမောင်ကြီး အမှူးပြု၍ ရဲတပ်ဟုစဖွဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံရေး အဖွဲ့အစည်းများက စတင်ခဲ့သည့်၊ နိုင်ငံရေးသမားများက ဖွဲ့စည်းခဲ့သည့် တပ်မတော်ဖြစ်သည်။ အမြဲတမ်းလွတ်လပ်ခဲ့သော နိုင်ငံများက ဖွဲ့စည်းသည့် ကြေးစားတပ်အသွင်မျိုးမဟုတ်ကြောင်း ပေါ်လွင်လှသည်။ ရဲဘော်သုံးကျိပ်နှင့်စတင်ခဲ့သော တပ်မတော်ဖြစ်သဖြင့် နိုင်ငံရေးနှင့်ဆက်နွှယ်၍ ထူထောင်ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်။ လက်ရွေးစင် ဒေါင်ဒေါင်မြည် နိုင်ငံရေးသမားများခေါင်းဆောင်၍ ပြည်သူအတွင်းမှ လယ်သမား၊ အလုပ်သမားတို့၏ သားသမီးများနှင့် စတင်ဖွဲ့စည်းခဲ့သည်။ တပ်မတော်သို့ ဝင်ရောက်လာသူများကို စစ်ပညာသာမက နိုင်ငံရေးပညာများပါ သင်ကြားပေးခဲ့သည်။ စတင်ဖွဲ့စည်းစဉ်ကပင် တပ်မတော်သားများထဲမှ ရာခိုင်နှုန်းအတော်များများသည် စစ်ရေးသာမက အုပ်ချုပ်ရေးနှင့် နိုင်ငံရေးအပိုင်းတို့တွင်ပါ တာဝန်ပေးလုပ်ကိုင်နိုင်သည့် တပ်မတော်သားများဖြစ်ခဲ့သည်။ ထိုကဲ့သို့ သန္ဓေကောင်းခဲ့သော မြန်မာ့တပ်မတော်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့သော တပ်မတော်သည် လွတ်လပ်ရေးရရှိသည်နှင့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို ပြည်သူတို့နှင့်လက်တွဲ၍ နှိမ်နင်းခဲ့ရသည်။ လွတ်လပ်ရေး ကြိုးပမ်းကြစဉ်ကာလက ဝါဒရေးရာအရ အယူအဆကွဲပြားကြရင်း သူပုန်ထသူ၊ တောခိုသူတို့ပေါ်ပေါက်လာကာ ဖဆပလအစိုးရအဖွဲ့၏ ပါလီမန်ဒီမိုကရေစီစနစ်ကို တော်လှန်ကြသည်။ ထိုပါလီမန် ဒီမိုကရေစီအစိုးရတည်မြဲရေးအတွက် တပ်မတော်ကပင် သစ္စာရှိစွာ အသက်၊ သွေး၊ ချွေးများ စတေး၍ တွန်းလှန်ခဲ့ကြသည်။ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်ဖြူကူမင်တန်တို့က တရုတ်ပြည်မကြီးတွင် စစ်ရှုံးကာမြန်မာ့မြေကို ခြေကုပ်ယူလျက် ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းမှု ဦးစားပေးနှိမ်နင်းနေရသဖြင့် နယ်စွန်နယ်ဖျားသို့ တရုတ်ဖြူကူမင်တန်တို့ ဝင်ရောက်ကျူးကျော်မှုကို ချက်ချင်းတုံ့ပြန်နိုင်ခြင်းမရှိခဲ့။ ဤသည်မှာလည်း ပြည်တွင်းစည်းလုံးညီညွတ်မှုမရှိသဖြင့် လက်ပိုက်ကြည့်နေခဲ့ရသည့် သမိုင်းသင်ခန်းစာပင်ဖြစ်သည်။

၁၉၄၈-၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှုများကို နိုင်နိုင်နင်းနင်း နှိမ်နင်းပြီးမှသာလျှင် ၁၉၅၀ ပြည့်လွန်နှစ်များတွင် တရုတ်ဖြူကူမင်တန်တို့၏ ကျူးကျော်မှုကို စစ်ဆင်ရေးကြီးများဆင်နွှဲပြီး စစ်ရေးနည်းဖြင့်လည်းကောင်း၊ ကုလသမဂ္ဂမှတစ်ဆင့် နိုင်ငံရေးနည်းဖြင့်လည်းကောင်း တွန်းလှန်ခဲ့ရသည်။ ထိုခေတ် ထိုအချိန်သည် ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်သဖြင့် ဒီမိုကရေစီအစိုးရပင်ဖြစ်သည်။ ထိုအချိန်သည် အရင်းရှင်စနစ်၊ ကွန်မြူနစ်စနစ်စသဖြင့် ပြိုင်ဆိုင်အားကောင်းနေချိန်ဖြစ်၍ တရုတ်ကွန်မြူနစ်တို့က တိုက်ထုတ်၍ ထွက်ပြေးရကာ မြန်မာပြည်တွင် ခြေကုပ်ယူသည့် တရုတ်ဖြူကူမင်တန်တို့သည် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုမှ ကျောထောက်နောက်ခံပြုအဖွဲ့အစည်းဖြစ်ခဲ့သည်။ တရုတ်ဖြူကူမင်တန်တို့၏ ကျူးကျော်မှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်ချိန်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ဗကပများလည်း အရေးနိမ့်လာကာ အရှေ့မြောက်နယ်စပ်ဒေသသို့ ရွှေ့ပြောင်းခြေကုပ်ယူလာချိန် တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အကူးအပြောင်းကာလတွင်လည်း စစ်ဆင်ရေးကြီးများဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီကို ချေမှုန်းခဲ့ကြရသည်။

ထိုအခြေအနေများကို သင်ခန်းစာဖော်ထုတ်ရမည်ဆိုပါက ပါလီမန်ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီနိုင်ငံကြီးတစ်ခုက ကျောထောက်နောက်ခံပြုသော ကျူးကျော်သူတပ်ဖွဲ့ကို တွန်းလှန်တိုက်ခိုက်ရသည်။ ဆိုရှယ်လစ်စနစ်ကျင့်သုံးချိန်တွင် ကွန်မြူနစ်နိုင်ငံကြီးက ကျောထောက်နောက်ခံပြုသော ဗကပသောင်းကျန်းသူတို့ကို တိုက်ခိုက်ချေမှုန်းရသည်။ အမှန် ပြေပြေလည်လည်အေးအေးချမ်းချမ်း ရှိရမည့် အခြေအနေများတွင် မြန်မာနိုင်ငံတော်၏ ပထဝီဝင်နိုင်ငံရေးအခြေအနေ အရထူးခြားမှု၊ တခြားနိုင်ငံများနှင့် ပုံတူမဖြစ်မှုကို ဖော်ထုတ်သုံးသပ်ရရှိသည်။ ထို့ပြင် ဆိုရှယ်လစ်စနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် အသွင်ကူးပြောင်းကာလဟု ဆိုနိုင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်တို့တွင် အနောက်ဒီမိုကရေစီနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုဖြင့် အရေးယူခြင်းခံရသည်။ ဆိုရှယ်လစ်မှ ပါတီစုံဒီမိုကရေစီစနစ်ပြောင်းမည်ဟု ကြွေးကြော်ခါမှ ကွန်မြူနစ်နိုင်ငံကြီးနှင့် အလွန်ပြေလည်သော အခြေအနေရောက်ရှိခဲ့ရသည်။ မြန်မာ့နိုင်ငံတကာဆက်ဆံရေးပုံစံသည် ပုံသေကားကျမဟုတ်သော ထူးခြားသည့် ပုံစံဖြစ်ကြောင်း တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ ထိုထူးခြားနေသည့်ပုံစံများအရပင် တပ်မတော်သည် နိုင်ငံ့အရေးကိစ္စရပ်များတွင်ရှေ့ဆုံးမှ မားမားမတ်မတ်ရပ်တည်ခဲ့ရသော တခြားနိုင်ငံတပ်မတော်များကဲ့သို့ ပုံသေကားကျ မဟုတ်သည့် ထူးခြားမှုပုံသဏ္ဌာန်ကို နားလည်လက်ခံကြရမည်ဖြစ်သည်။

နိုင်ငံ့သမိုင်းနှင့် တပ်မတော်သမိုင်းကို လေ့လာလျှင် ခွဲခြားမရစကောင်း ဒွန်တွဲဖြစ်တည်လာခဲ့သည်ကို တွေ့ရှိရမည်သာဖြစ်သည်။ အနော်ရထာမင်း၊ ဘုရင့်နောင်မင်းတရား၊ အလောင်းမင်းတရား စသောမင်းများလက်ထက်တွင် ပြည်ထောင်စုသားများနှင့် စုစည်းတည်ဆောက်ထားသည့် နိုင်ငံဖြစ်ခဲ့ပြီး မြန်မာတို့၏ ဩဇာသက်ရောက် ပိုင်နက်နယ်မြေအဖြစ် မာလာယုကျွန်းဆွယ်၊ ကမ္ဘောဒီးယားနှင့် ယိုးဒယားနယ်မြေတချို့၊ မဏိပူရ၊ အာသံနယ်မြေအထိ ရှိနေခဲ့သည်။ တပ်မတော်အင်အားရှိခဲ့၍ တိုင်းပြည်အင်အားရှိခဲ့ခြင်းဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးတည်းဟူသော ရည်မှန်းချက်ကို ဖြူစင်ရိုးသားသော ဓမ္မစစ်မူဝါဒများ ချမှတ်လျက် ညှိနှိုင်းအဖြေရှာဆောင်ရွက်နေသည်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆို၍ ငြိမ်းချမ်းရေးညီလာခံကြီးပင် စတင်ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ထိုညီလာခံကြီးမှ စစ်မှန်သော ဒီမိုကရေစီနိုင်ငံကြီးများအခြေအနေကဲ့သို့ဖြစ်လာစေရန် အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိသည်။ သို့မှသာ စစ်ပွဲများရပ်စဲလျက် တည်ငြိမ်အေးချမ်းမှုအရင်းခံဖြင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုမည်၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းမည်သာဖြစ်သည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ခေတ်အဆက်ဆက် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်သည် နိုင်ငံ၏သမိုင်းနှင့် ယှဉ်တွဲ၍ နိုင်ငံ့အရေးကြုံတိုင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ခဲ့သကဲ့သို့ နိုင်ငံရေးစနစ်နှင့် နိုင်ငံတကာဆက်ဆံရေးအပိုင်းတွင် ပုံသေကားကျပုံစံမဟုတ်ဘဲ တစ်မူထူးခြားသည့် မြန်မာ့ပထဝီဝင်နိုင်ငံရေးအခြေအနေကိုလည်း သတိပြုကြရမည်ဖြစ်သည်။ ထိုထူးခြားမှုများအပေါ် နားလည်သဘောပေါက်လျက် တပ်မတော်ကို အဆိုးမြင်ဝါဒီဖြင့် တိုက်ခိုက်ဝါဒဖြန့်နေကြသူများအနေဖြင့် စစ်မှန်သောမျိုးချစ်စိတ်အရင်းခံဖြင့် ရပ်တန့်သင့်သည့် အချိန်ကာလသို့ ရောက်ရှိနေပြီဟုလည်း ထင်မြင်ယူဆမိပါသည်။ ယနေ့ ပြည်ထောင်စုတပ်မတော်၏ သက်တမ်းသည် နှစ်ပေါင်း ၇၀ ကျော်အထိ အတွေ့အကြုံ ရင့်ကျက်သည့် ခိုင်မာသော အဖွဲ့အစည်းကြီးဖြစ်သည်။ ယနေ့ မြန်မာ့ပါတီစုံဒီမိုကရေစီစနစ်သည် သက်တမ်း ငါးနှစ်မျှသာရှိသည့် နုနယ်သောကာလသာရှိပါသေးသည်။ နုနယ်ရာမှ ရင့်သန်လာအောင်၊ ဖွံ့ဖြိုးလာအောင်၊ တိုးတက်လာအောင်၊ ချမ်းသာလာအောင် ဆောင်ရွက်ကြရာတွင် လူတိုင်း၊ အဖွဲ့အစည်းတိုင်း သူ့နေရာနှင့်သူ ပါဝင်သင့်သည့် All Inclusive အခြေအနေ၊ အချိန်အခါတွင် အတွေ့အကြုံနှင့်သက်တမ်းအရ ရင့်သန်သော ပြည်ထောင်စုတပ်မတော်ကြီးသည်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နေဦးမည်ဖြစ်သည်။ ထိုသို့သော စဉ်ဆက်မပြတ်သည့် သမိုင်းကြောင်းအရ၊ အစဉ်အလာကောင်းများအရ ပြည်ထောင်စုတပ်မတော်သည် ပြည်သူများက ထာဝရချစ်မြဲ ချစ်နေကြမည်ဖြစ်ရာ "သားစဉ်မြေးမြစ် ပြောထုံးဖြစ် ပြည်သူချစ်သော တပ်မတော်" ဟု ညွှန်းဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် အိုင်တီ အခြေခံသင်တန်းသစ်ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၆

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်းဖြစ်သည့် IT Essentials သင်တန်းသစ်ကို ဧပြီလအတွင်း အသစ်ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာ အထက်တန်းစာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ၊ အဆင့်မြင့်အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီနည်းပညာကို ပညာရေးအတွက် လက်တွေ့ကျကျပြန်လည်အသုံးချရန် ရည်ရွယ်သူများနှင့် အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အခြေခံကောင်းရရှိလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

IT Essentials သင်တန်းတွင် လူငယ်တိုင်း သင်ယူတတ်မြောက်ထားသင့်သော Microsoft Word ကို ကျွမ်းကျင်စွာအသုံးပြုနည်း ၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း ၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Adobe Dreamweaver ဖြင့် Web Page ရေးဆွဲဖန်တီးခြင်းများနှင့် Programming အခြေခံကို ပိုင်နိုင်စွာနားလည်တတ်မြောက်စေရန် C++ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အိုင်တီနည်းပညာများ၏ အခြေခံစနစ်များအကြောင်း ကောင်းမွန်စွာသိရှိနားလည်ပြီး မည်သည့်အိုင်တီနည်းပညာလမ်းကြောင်းရွေးချယ်ရမည်ကို ကိုယ်တိုင်ဆုံးဖြတ်နိုင်စေမည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး ၊ သောကြာနေ့တို့တွင် နံနက် ၉ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲခန့်သာကြာမြင့်မည်ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၂ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါသင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Myanmar WWW Institute အဆောင် (၅) အခန်း (၄) MICT Park လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁- ၅၂၁၁၂၅၊ ၀၁- ၆၅၂၂၈၈ နှင့် ၀၉- ၉၇၂၅၁၄၁၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မိုးအောင်**

# မူလတန်းကြိုကျောင်းနှင့် သူငယ်တန်းပညာရေးဆိုင်ရာလုပ်ငန်းများအောင်မြင်ရေး အမျိုးသားပညာရေးမဟာဗျူဟာပါးနှစ်စီမံကိန်း အကောင်အထည်ဖော်မည်



ရန်ကုန် မတ် ၂၆

မူလတန်းကြိုကျောင်းနှင့် သူငယ်တန်းပညာရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်ရေးအတွက် ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေးမဟာဗျူဟာငါးနှစ်စီမံကိန်း လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မဟာဗျူဟာများမှာ မူလတန်းကြိုကျောင်းပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသများနှင့် ဝေးလံသောဒေသများရှိ ကလေးငယ်များအတွက် မူလတန်းကြိုကျောင်းဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ မူလတန်းကျောင်းသို့ဝင်ရောက်မည့်ကလေးများကို ကောင်းမွန်စွာပြင်ဆင်ပေးရန် မူလတန်းကြိုကျောင်းများ၏အရည်အသွေးကို မြှင့်တင်ပေးခြင်းနှင့် အရည်အသွေးရှိ သူငယ်တန်းပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအနေဖြင့် မူလတန်းကြိုကျောင်းပညာရေးဆိုင်ရာအုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးစီမံကိန်း၊ မူလတန်းကြိုကျောင်းပညာရေးသင်ယူခွင့်ရရှိရေးစီမံကိန်း၊ မူလတန်းကြိုကျောင်းများ၏ အရည်အသွေးတိုးတက်ရေးစီမံကိန်း၊ အရည်အသွေးရှိ သူငယ်တန်းများ ဖွင့်လှစ်ရေးစီမံကိန်းများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်အနေဖြင့် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့နှင့် မြို့နယ်၊ ခရိုင်အဆင့် မူလတန်းကြိုကျောင်းကော်မတီခွဲများ တည်ထောင်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ထို့ပြင် မူလတန်းကြိုကျောင်းများ၏ တည်နေရာနှင့် သူငယ်တန်းကျောင်းနယ်မြေ သတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံသတင်းအချက်အလက်များကောက်ယူခြင်း၊ ကျေးလက်ဒေသနှင့် ဝေးလံဒေသများရှိ မူလတန်းကြိုကျောင်းများကို ထောက်ပံ့ပေးခြင်းဖြင့် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုမူလတန်းကြိုကျောင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ အထူးလိုအပ်ချက်ရှိ သုံးနှစ်မှငါးနှစ်ကလေးများ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထည့်သွင်းထားကြောင်း သိရသည်။ **(၄၄၇)**

# ချင်းပြည်နယ်၌ ပထမဆုံးကောလိပ် တည်ဆောက်နေ

ဟားခါး မတ် ၂၆

ချင်းပြည်နယ်၌ ပညာရေးဝန်ကြီးဌာနက ပထမဆုံးဖွင့်လှစ်ပေးမည့် ကောလိပ်ကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကောလိပ်ကို ဟားခါးမြို့ အနောက်ဘက်ရှိ ထန်တလန်မြို့သို့သွားသော လမ်းမဘေး၌ တည်ဆောက်လျက်ရှိသည်။ ယခင်က ချင်းပြည်နယ်၌ တက္ကသိုလ်နှင့်ကောလိပ်မရှိသဖြင့် ဒေသခံကျောင်းသားများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးတက္ကသိုလ်သို့သွားရောက်တက်ရပြီး ဟားခါးမြို့၌ လက်ရှိတည်ဆောက်နေသောကောလိပ်သည် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ သင်ကြားမည့်ကောလိပ်ဖြစ်သည်။

တက္ကသိုလ်တစ်ခုဖွင့်ရန် ရှိရမည့်ကျောင်းသားအရေအတွက်နှင့် ခန့်ထားပေးရမည့် ဝန်ထမ်းဦးရေ စသည့်အရည်အချင်းသတ်မှတ်ချက်များရှိသည့်အပြင် ချင်းပြည်နယ်သည် လူဦးရေနည်းပါး၍ တက္ကသိုလ်တက်ရောက်သည့် ပမာဏနည်းပါးနိုင်သဖြင့် တက္ကသိုလ်အဆင့်ရှိကျောင်းအစား ကောလိပ်သာဖွင့်ပေးရခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(၄၄၇)**

# ရန်ကုန်တက္ကသိုလ်၌ ပတ်ဝန်းကျင်ပညာ Environmental Studies ဘွဲ့လွန်ဒီပလိုမာသင်တန်းဖွင့်လှစ်နိုင်ရန် သင်ရိုးများရေးဆွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်တက္ကသိုလ်၌ ပတ်ဝန်းကျင်ပညာ Environmental Studies ဘွဲ့လွန်ဒီပလိုမာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီး သင်ရိုးများရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းဖွင့်လှစ်နိုင်ဖို့ သင်ရိုးရေးဆွဲတာတွေ စတင်လုပ်ဆောင်နေပါပြီ။ ဒီနှစ်ထဲမှာပဲစတင်ဖွင့်လှစ်သွားမှာပါ။ ဒီပညာက ကျောင်းသားတွေအတွက်၊ နိုင်ငံအတွက် လိုအပ်တယ်။ Environmental Studies က ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ Science ဆန်ဆန်သင်မှာမဟုတ်ပါဘူး။ တက်ရောက်တဲ့သူတွေအကျိုးရှိအောင်၊ ဒီပညာကို နားလည်အောင် စာသင်ခန်းထဲမှာထက် ကွင်းဆင်းလေ့လာမှုတွေကို ထိထိရောက်ရောက်သင်ကြားပေးသွားမှာပါ" ဟု ရန်ကုန်တက္ကသိုလ်မှ လက်ထောက်ကထိကတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို သင်တန်းကာလ တစ်နှစ်သတ်မှတ်ထားပြီး ယခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေကာ Diploma in Environmental Studies ဘွဲ့လွန်ဒီပလိုမာကို ပေးအပ်သွားမည်ဖြစ်၍ ဘွဲ့တစ်ခုရရှိပြီးသူ မည်သူမဆိုတက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိတက္ကသိုလ်များ၌ ပတ်ဝန်းကျင်ပညာနှင့်ပတ်သက်သည့် သီးခြားဌာနမရှိသေးခြင်းကြောင့် ဌာနတစ်ခုအနေဖြင့် တည်ရှိရန်လိုအပ်ပြီး ဘွဲ့ရမှစ၍ ဒေါက်တာဘွဲ့ပေးအပ်နိုင်သည်အထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။ **သဲသဲ**

# အလုပ်အကိုင်အခွင့်အလမ်းကြောင့် နိုင်ငံခြားဘာသာတက္ကသိုလ် (UFL) ၌ ဂျပန်ဘာသာစကားသင်ကြားသူ နှစ်ဆကျော်တိုးမြင့်လာ

ရန်ကုန် မတ် ၂၆

အလုပ်အကိုင်အခွင့်အလမ်းကြောင့် နိုင်ငံခြားဘာသာတက္ကသိုလ် (UFL) ၌ ဂျပန်ဘာသာစကားသင်ကြားသူ နှစ်ဆကျော်တိုးမြင့်လာကြောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ သိရသည်။

"ကျွန်မတို့ကျောင်းကနေ ဘွဲ့ရတဲ့သူတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်။ အဲဒီအတွက်ကြောင့် ဂျပန်စာသင်ကြားတဲ့သင်တန်းသားအရေအတွက်က ပိုများလာတယ်။ ကျွန်မတို့ကျောင်းက နှစ်စဉ်လူဦးရေ ၁၀၀ လောက်ပဲလက်ခံတယ်" ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကထိကတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌ အင်္ဂလိပ်ဘာသာစကား သင်ယူမှုသည် အများဆုံးဖြစ်၍ တရုတ်ဘာသာစကားသင်ယူမှုသည် ယခင်က ဒုတိယအများဆုံးဖြစ်သော်လည်း လက်ရှိတွင် ဂျပန်ဘာသာစကားသင်ယူမှုသည် ဒုတိယအများဆုံးဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုစလုံး၌ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာတန်းများနှင့် Centre for Human Resource Development Program (CHRD) သင်တန်းများကိုပါ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

"ညီမက အရင်ကတည်းက ဧည့်လမ်းညွှန်လုပ်တာကို ဝါသနာပါတယ်။ ဂျပန်စကားကိုလည်းကြိုက်တယ်။ ဂျပန်နိုင်ငံက အာရှမှာအရမ်းတိုးတက်နေတဲ့ တိုင်းပြည်လည်းဖြစ်တဲ့အပြင် မြန်မာနိုင်ငံကိုလည်း အကူအညီအများကြီးပေးထားတဲ့ နိုင်ငံတစ်နိုင်ငံပါ" ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဂျပန်ဘာသာတက်ရောက်သင်ကြားနေသူ မနှင်းလွင်က ပြောသည်။

ယခုနှစ်တွင် ဂျပန်ဘာသာစကားဖြင့် ကျောင်းပြီးသူများသည် ကျောင်းပြီးသည်နှင့် အလုပ်အကိုင်ရရှိလာသည့်အပြင် လက်ရှိတွင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံနေသည့် ဂျပန်လုပ်ငန်းတချို့ကလည်း ဂျပန်ဘာသာစကားတတ်ကျွမ်းသည့် ဝန်ထမ်းများကိုသာ ဦးစားပေးရွေးချယ်ခန့်အပ်လာကြကြောင်း သိရသည်။

**သဲသဲ၊ ဆုလာဘ်**

27-3-2016(P_13)SSK.indd 1
3/26/2016 9:33:18 PM

# (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရဲမေကျပန်းစကားပြောပြိုင်ပွဲကျင်းပ


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရဲမေကျပန်းစကားပြောပြိုင်ပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရဲမေစစ်ရေးစွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲကို မတ် ၂၅ ရက် နေ့လယ်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

* အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။
* တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့်တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
* နိုင်ငံတော်၏ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင်ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။
* နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ခိုလမ်ချောင်းအား သန့်ရှင်းရေးဆောင်ရွက်၊ ကျန်းမာရေးဆေးစစ်ပေး


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်း ခိုလမ်တပ်နယ်မှ တပ်မတော်သားများက ခိုလမ်ချောင်းအား သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ဒေသခံပြည်သူများ အသုံးပြုနေသည့် အဓိကရေအရင်းအမြစ်ဖြစ်သော ခိုလမ်ချောင်းကို အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးမှုမဖြစ်စေရေး သန့်ရှင်းသောချောင်းရေရရှိရေးအတွက် ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းပြီး အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ထို့ပြင် ခိုလမ်မြို့ရှိ ရွှေစေတီ၊ ကုန်းယုံး၊ ဖာဆွမ့်နှင့်သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၇၅ ပါးကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေအားနည်းရောဂါ၊ သာမန်အရေပြားရောဂါနှင့် အထွေထွေကျန်းမာရေးဆေးစစ်ပေးခြင်းတို့ကို ကုသဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၁၀၁ ဦးတို့က မတ် ၂၅ ရက် နေ့လယ်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူရှင် အရာရှိ၊ စစ်သည်များအတွက် အင်အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် နံနက်ပိုင်းတွင် မြိတ်တပ်နယ်မှ တပ်မတော်သားများက ဆေးရုံဝင်းအတွင်း ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး တပ်မတော်သားများ စုပေါင်းသွေးလှူဒါန်းနေမှုကိုကြည့်ရှုအားပေးစဉ်။

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ရှိ မြန်မာ-အိန္ဒိယချစ်ကြည်ရေး ခုတင်-၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံသစ်၌ ယနေ့နံနက်ပိုင်းတွင် မုံရွာတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မုံရွာမြို့၊ နယ်မြေခံတပ်မတော်ဆေးရုံနှင့်ပြည်သူ့ဆေးရုံသို့ စေတနာသွေးသန့်သွေးလှူရှင်အသင်းမှ သွေးလှူရှင် ၆၇ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီးသွေးလှူရှင်များအတွက် အင်အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**


မုံရွာတပ်နယ်မှ တပ်မတော်သားများက မြန်မာ-အိန္ဒိယချစ်ကြည်ရေး ခုတင်-၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့်ကလေးဆေးရုံသစ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

## မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

၂၇-၃-၂၀၁၆

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မိုး/ဇလ)**

# တပ်မတော်ပင်လယ်သွားဆေးရုံသင်္ဘော(သံလွင်) ကျောက်ဖြူမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၆

ရခိုင်ပြည်နယ်အတွင်းရောက်ရှိနေသော တပ်မတော်ပင်လယ်သွားဆေးရုံသင်္ဘော (သံလွင်)သည် ကျောက်ဖြူမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၀၀ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၆ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ အရိုးရောဂါ ၂၇၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၅၃ ဦး၊ မျက်စိရောဂါ ၃၉၈ ဦး၊ သွားရောဂါ ၇၆ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၁၃၅၅ ဦးကို လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦးအား ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်သူစုစုပေါင်း ၁၁၅ ဦးနှင့် နှလုံးစမ်းသပ်သူ ၁၅ ဦးတို့အား ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဒေသခံပြည်သူ ၂၀ ဦးကိုလည်း ဆေးရုံသင်္ဘောပေါ်တွင် ဆေးရုံတင်ကုသပေးလျက်ရှိသည်။



တပ်မတော်ပင်လယ်သွားဆေးရုံသင်္ဘော(သံလွင်)မှဆေးကုသရေးအဖွဲ့က ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

တပ်မတော်ပင်လယ်သွားဆေးရုံသင်္ဘော (သံလွင်) သည် ရခိုင်ပြည်နယ်အတွင်း ကမ်းရိုးတန်းဒေသများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ဒေသခံပြည်သူ ၄၇၅၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)







# (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည် စစ်ရေးစွမ်းရည်ပြိုင်ပွဲများနှင့် ရဲမေစကားရည်လုပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၂၆

(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်သည်စစ်ရေးစွမ်းရည်ပြိုင်ပွဲများကို မတ် ၂၅ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ရဲမေစကားရည်လုပြိုင်ပွဲကို မတ် ၂၄ ရက်မှ ၂၅ ရက်ထိလည်းကောင်း အသီးသီးပြုလုပ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မတ် ၂၅ ရက် ညနေပိုင်းတွင် ဆုပေးပွဲကိုပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်းနှင့်တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့သည်။

အဆိုပါစစ်သည်စစ်ရေးစွမ်းရည်ပြိုင်ပွဲများတွင် စစ်သည် ၂၂၈ ဦးဖြင့်လည်းကောင်း၊ ရဲမေစကားရည်လုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ရဲမေ ၈၄ ဦးဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲကျင်းပစဉ်။

# မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ လပွတ္တာမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းရောက်ရှိနေသော မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်-စကုတို့သည် လပွတ္တာမြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးရာ မတ် ၂၅ ရက်တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၅၉ ဦး၊ ခွဲစိတ်ရောဂါ ၇၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၇၈ ဦး၊ ကလေးရောဂါ ၆၈ ဦး၊ အရိုးရောဂါ ၂၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀၁ ဦး၊ မျက်စိရောဂါ ၁၁၂ ဦး၊ သွားရောဂါ ၁၃၁ ဦး၊ စုစုပေါင်း ၁၁၁၀ ဦးကို လိုအပ်သောဆေးကုသမှုများဆောင်ရွက်ပေးပြီး အထွေထွေခွဲစိတ်လူနာကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးနှင့် သွားရောဂါလူနာ ၁၃၁ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်လူနာ ၈၈ ဦးနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၁၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာနှစ်ဦးကိုလည်း တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်တွင် လပွတ္တာမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လာရောက်ဆေးကုသမှုခံယူနေသောဒေသခံပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်-စကုတို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၇ ရက်မှ ယနေ့ထိ ဒေသခံပြည်သူ ၇၀၂၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကျုံကင်းကျေးရွာရှိ ဒေသခံပြည်သူများကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ သွေးတိုးရောဂါ၊ မျက်စိရောဂါနှင့် အဆစ်အမျက်ရောင်ရောဂါများအပါအဝင် စုစုပေါင်း ၁၄၁ ဦးကို ဆေးကုသမှုများဆောင်ရွက်ပေးပြီး အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ပဲခူးလမ်းရပ်ကွက်တွင်လည်း မတ် ၂၅ ရက်က အခြေခံပညာကျောင်းနှစ်ကျောင်းရှိ စာသင်ခန်းများနှင့် လူနေအိမ် ၂၄၄ အိမ်တွင် နယ်မြေခံတပ်မတော်ဆေးရုံမှ ခြင်ဆေးဖျန်းပေးခြင်း၊ ခြင်ထောင်အလုံး ၅၀၀ အား ခြင်ဆေးစိမ်ပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Tatmadaw's virtues reflecting its historic glories



The 27th of March 2016 is the 71st Anniversary Armed Forces Day. The Day reflects the brilliant historical tradition of the Tatmadaw that victoriously launched the anti-fascist struggle together with the people with the spirit of unity while putting the interest of the state and the people to the fore. In honour of this glorious historical tradition, every year the nation observes the Armed Forces Day on 27 March.

The Tatmadaw was born on 27 December 1941 as the Burma Independence Army(BIA). The Tatmadaw was formed amidst the anti-colonialist struggle and the national independence struggle. Moreover, it was founded by the people who joined the service with the will to sacrifice life, blood and sweat for the cause of the nation and the people or in other words for the race and religion. These are its two significant characteristics that serve as the strength of the people's Tatmadaw of today. Having these significant characteristics, the Tatmadaw formed within the nation has been discharging the nation-building and national defence duties unwaveringly and brilliantly while joining hands and leading the people in their service since its formation.

Since ancient times, Myanmar has been a proud country under its own monarchs in this world. People established city states such as Beikthano, Hanlin and Srikestra in about 300 BC. During the Bagan period, King Anawrahta founded the First Myanmar Kingdom. King Bayintnaung, after reuniting the whole country, set up the Second Myanmar Kingdom with Taungoo as the base, and King Alaungmintaya U Aung Zeya established the Third Myanmar Kingdom with Shwebo as the core. In the 19th century, the British colonialists after incorporating India into their empire took the country as the base in waging three aggressive wars against Myanmar in 1824, 1852 and 1885 and finally annexed the country. Thus Myanmar had lost its independence and sovereignty since then.

When the World War II broke out in 1939, Myanmar youths started their efforts for waging the armed resistance against the colonialists. In 1941, the Thirty Comrades ventured to Japan and underwent tough military training there. The BIA led by the Thirty Comrades was founded in Bangkok on 27 December 1941. The BIA in cooperation with the people could drive out the colonialists from the country. When the colonialists left the country, Japan broke its promise of giving Myanmar independence with no string attached.

On 27 July 1942, the fascists abolished the BIA and reformed it as the Burma Defence Army(BDA) with strength of about 3,000 men. On 1 August 1943, Japan granted Myanmar sham independence and the BDA was renamed Burma National Army. Standing firmly by the people, the Burma National Army started preparations to drive the fascists out of the country. On 27 March 1945, together with the people it sucessfully launched the anti-fascist struggle. British, who had already witnessed the unity and courage of the people and the Tatmadaw, applied various means to delay independence. Eventually the British had to grant independence to Myanmar. Myanmar restored total independence and sovereignty on 4 January 1948. Throughout the independence struggle, the Tatmadaw together with the people made utmost efforts with sacrificing spirit till the whole country regained freedom.

One year after Myanmar regained her independence in 1948, the whole Myanmar was at the mercy of multi-coloured insurgent groups and the then-government was called "Yangon government". For the country's independence and sovereignty, the Tatmadaw had to fight against destructive acts from home and abroad. The Tatmadaw saved the country at a time when the country was on the edge of collapse. In 1958, the Tatmadaw retained the nation's situation as the split in the government might lead to the bloodshed and supported the flourishing of parliamentary democracy system. In 1958, the Anti-Fascist People's Freedom League (AFPFL) split into two factions. Even the prime minister himself was unable to solve the political scandal as it was very complex. On 29 October the same year, the Tatmadaw had to take over the State's duties and safeguard the lives and property of the citizens.

The Tatmadaw had to retain the country's power temporarily as a caretaker government. The caretaker government was comprised of 14 members including the prime minister who was not involved in the country's politics. While in office, the caretaker government could solve China-Myanmar territorial disputes and held the third parliamentary democracy elections successfully. On April 3, 1960, the caretaker government handed over the country's power to the Union party which won the elections. The Union party could not govern the country and faced the big rift and some old chieftain's demand for separation by expecting military assistance from the western countries. The Tatmadaw had to take over the country's power in the name of "Revolutionary Council" as the country was in danger of collapse.

The charter drafting was one of the works done by the Tatmadaw during the period from 1962 to 1974. On March 2, 1974, the Tatmadaw handed over the country's power to the civilian government after the Pyithu Hluttaw and the People's Council had been formed according to the 1974 Constitution. The Tatmadaw is always loyal to the country and continues performing the state's defence and security duties. The single party system lasted for 14 years from 1974 to 1988. The country's development was slow as the country could not make reforms in conformity with the political and economic situation in the world.

In 1988, there occurred political activities that opposed the single party system. There was anarchy in the country at the instigation of the above-ground and underground insurgents. But the Tatmadaw could protect the country from the collapse in time. On 18 September, 1988, the Tatmadaw formed "the State Law and Order Restoration Council" and retained the situations. The Tatmadaw had to retake the country's power inevitably by upholding the non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty. The Tatmadaw had to steadfastly stand in front of people to defend the lives and property of the people as the anarchy like beheadings was rampant in the country.

See Page -19 >>



27-3-2016(P_18)YM.indd 1 3/26/2016 9:15:29 PM

From Page-18

From 1997 to 2011, the Tatmadaw as the State Peace and Development Council took the responsibilities of rebuilding the nation and establishing internal peace and Myanmar joined the Association of South East Asian Nations (ASEAN) on July 23, 1997 under the administration of the State Peace and Development Council. The SPDC in order to build a peaceful, modern, developed, democratic nation, adopted and implemented four political objectives, four economic objectives and four social objectives. On August 30, 2003, it adopted seven-step road map and implemented it step by step. Likewise, the SPDC adopted 'Our Three Main National Causes' as the national policy and could make peace with 17 ethnic armed groups, enabling them to undertake regional development works together with the Tatmadaw. The council also helped them transform into border guard forces, allowing them to serve the national defence duty hand in hand with the Tatmadaw. Serving the interests of the nation and the national people, it carried out regional development tasks the length and breadth of the country, drafted the 2008 Constitution and ratified it with the support of 92.48 per cent of national people in a nationwide referendum, laying sound foundations for establishment of modern, developed, democratic nation as aspired by the people and finally handing over the overall power of the State to the new government on March 31, 2011.

Since the independence struggle, the Tatmadaw was born as a result of historical and national necessity. Formed with patriotic citizens of the country, it is a strong national force with long history of serving the country and the people. Our Tatmadaw has to be strengthened and modernized to be on a par with international defence forces for perpetuity of the country's independence and sovereignty.

The subsection (f) of the article 6 (the Union's consistence objectives) of the Chapter I on Basic Principles of the Union states "enabling the Defence Services to be able to participate in the National political leadership role of the State." Additionally, article 20 (e) states "The Defence Services is mainly responsible for safeguarding the non-disintegration of the Union, the non- disintegration of National solidarity, and the perpetuation sovereignty" and article 20 (f) states "The Defence Services is mainly responsible for safeguarding the Constitution".

Since the Tatmadaw is the Union defence forces formed with national brethren, it besides the national defence and security duty has always provided relief and rescue works in time whenever there is disaster. It has also carried out rehabilitation works with might and main. The mobile medical teams of the Tatmadaw also provide health care services for national people in respective regions and states to be able to lead a healthy life.

Unless there is rule of law and peace and stability, the democracy the country is building will not last long and the government, people and the Tatmadaw are therefore engaging in peace process to end armed conflicts in Myanmar to be able to march straight toward the goal of democracy. The government took the first step, introducing multi-party democracy in 2011 and the Tatmadaw unwaveringly supported the democratic path over the past five years. It will do the same, ensuring peace and stability in the second stage of democratization process.

The Tatmadaw is building up defence (army, navy and air) capability to be able to fully protect the country—a land of natural resources located in strategic position—and the national people. It is striving to build strong, capable armed forces with advanced technologies. As the Tatmadaw was born of historic necessity, it is ensuring the socio-economic security, and peace and stability of entire national people and is ready to accomplish the national defence and national political duties to be assigned by country, learning the lessons of the past and taking pragmatic approaches.

As the Tatmadaw is the sole national force standing before the people since independence struggle until today, the history of the country and the history of the Tatmadaw cannot be separated. Adhering to the instructions of the successive leadership of the Tatmadaw "to serve the interests of the people, to always protect the people, and to comply with the wishes of the people with right attitude and belief," the Tatmadaw maintains its fine traditions.

Therefore, in crafting the future considering the past and present of the country, the Tatmadaw and the people are to work shoulder to shoulder to shape a brighter future for the country. Hailing the 71st anniversary of the founding of the Tatmadaw, this article hopes "Tatmadaw's will go down in history for what it has done for the country"

**Aung Khant Phyo Wai (Taungoo)**

# Local coffee growers seek exportations to EU

**Yangon March 26**

Myanmar Coffee Association is taking steps to export coffee seeds to European markets, said a responsible person of the association.

Myanmar will export coffee seeds to EU market as the country enjoys Generalized Scheme of Preferences (GSP), a scheme that allows developing countries to pay less or no duties on their exports to the EU.

Myanmar's coffee seeds from Ywangan of Shan State get 83.6 marks in world level coffee quality standards. At present, Myanmar has got orders from Hong Kong and Malaysia.

The local coffee market is also doing well at present.

Myanmar Coffee Association will take long-term plan to boost coffee exports and will also improve packaging. Recently, the association could make the first batch export of coffee to America, and following this, coffee shop owners there have shared coffee growing techniques with coffee growers in Ywangan.

The association is also planning to set up Mandalay Coffee Co to enable coffee growers to export coffee collectively. **Soe Moe**



**This photo shows a worker plucking coffee beans in the coffee plantation.**

# Bird-enthusiasts gather data about migratory birds, water birds

**Mandalay March 26**

Bird-enthusiasts from Yangon and Mandalay will conduct the collection of bird data across the nation for the first time as of 1 April 2016, according to the Myanmar Birds & Environmental Conservation Association and the Paleik Bird-enthusiasts Association.

They set targets to collect the data in Mandalay, Yangon, Bagan-NyaungU, Shan, Kachin and Chin States, Natma Taung National Park and Taninthayi Region. Depending on the number of bird-enthusiasts, they will extend areas to collect the data. Myanmar is a habitat to 1,114 species of birds which is the ten per cent of bird species across the world. Most of the migratory birds left home in the summer but there remains some of them at the wetlands of Myanmar. The survey team will gather data over the number of migratory birds and water birds in Myanmar.

Many wetland areas such as Paleik Lake, Tetthay Lake, Taungthaman Lake and South and North Lakes are located in Mandalay Region. Of them, Paleik Lake is home to migratory birds and water birds.

Zoologists and students including bird-enthusiasts visit the Paleik Lake to observe nature of migratory birds. **YDB**

# Survey on garment industries conducted

**Yangon March 26**

"With an eye to developing local garment industries, Action Labour Rights has conducted a wide-ranging survey on the conditions of workers from the garment factories joint-ventured with the South Korean companies," U Thurein Aung, chair of Action Labour Rights said.

The survey was conducted on 1,200 workers from 39 factories from April to June 2015. According to the survey, the garment factories urgently need to reform security and easy access to clinics and doctors.

It came after the National Human Rights Commission of the South Korea asked for the information about the human rights violations at the South Korea-invested factories in 2014. The survey will help the factories place more emphasis on labour rights, protect garment factory workers from exploitation and know the actual conditions of workers. It is expected that the South Korean government will make sure that the joint-ventured companies may follow the internationally-accepted labour standards and framework.

Action Labour Rights said it will share its findings with the government officials as well as with the South Korea extensively. **kaykay**

# Organic farmers struggle to get stable market

**Yangon March 26**

Organic farmers need to get a stable market for the development of organic farming in Myanmar, according to the Organic Grower Association.

"Currently, there is no specific place to sell organic fruits. We sell organic products in three places together with other agricultural produces," said Daw Ohnmar Kyaw, chairperson of the Organic Grower Association.

"People don't know about and accept organic fruits. Even some supermarket don't want to sell organic products. Therefore, we need specific market for organic growers," she added.

Organic products are sold at the marketplaces of Shinsawpu Street and Myanmar Plaza in Myanmar. Moreover, organic products can also be bought at Myay Paday Thar Island in Kandawgyi Park every Saturday.



Farmers are working in a rice field using organic farming methods.

Although hotels buy organic fruits, organic farming needs for a long time to reap a good yield and growers can't sell the products regularly. As a result, they don't get usual customers," she said.

An official of the Kabarthit Organic Fruit Grower Association said, "The price of organic vegetables is more expensive than normal vegetables due to the cost of organic farming. There are also barriers to get a good market."

**AMM**

# MCDC plans to demolish Mandalay's Mingalar Market

**Yangon March 26**

Measures are underway to designate Mandalay's Mingalar Market as a dangerous building and, after the checking process has been finished, it will be demolished, according to the Mandalay City Development Committee.

Although MCDC has earmarked to flatten the building, immediate construction of a new one is not possible yet as it is the time when the outgoing government is going to transfer power to incoming government.

Due to the fire outbreak on March 22, several offices and showrooms were destroyed along with 263 textile shops, 28 apartments and 297 of the market's 550 shops. From that time on, MCDC designated it as a dangerous building.

Moreover, MCDC issued instructions for apartment dwellers above the Mingalar Market to move from the current place.

Currently, MCDC will allocate temporary shops to shop owners from the fire-hit Mingalar market in Mandalay through a luck draw system.

The site chosen for the temporary shops is located on 72$^{th}$ street between 30$^{th}$ and 31$^{st}$ streets in front of Mingalar Market. If more shops are needed, they will be allocated at the place on 31$^{th}$ street between 70$^{th}$ and 71$^{st}$ street near Myanmar Medical Association.

However, it is not possible to display goods on the platform and shopkeepers are calling for to build a temporary market.

**Aung**

# Switzerland to help Myanmar with drawing accurate map

**Yangon March 26**

Switzerland will help Myanmar with drawing an accurate map of the country and concerned surveys will be started soon.

"We are cooperating with Switzerland to make a single map of Myanmar. The process will take around five years," said U Win Kyaing, general secretary of Myanmar Fisheries Federation.

"We are planning to make a list of fish farms nationwide for national food security. At present, we are providing training and staff members with training .We will compile the list after the training," added U Win Kyaing.

Chairman of Myanmar Animal Feed Producers and Distributors Association, Dr Thet Hmu said "Ministries have their own maps of the country, which are different from real situation on the ground, and therefore hinder the progress.

"Myanmar should have a single map. Countries in the world have only one map each. But there are various maps in Myanmar. The map of the Ministry of the Forestry is different from that of the Ministry of Agriculture and Irrigation. We need accurate facts and figures for our operations to be successful," he said.

Breeders have called on the new government to make a single accurate map.

"We'd like to urge the new go- vernment to make an accurate map of the country. At present, no one knows that the sown acreage described in the map of the Ministry of Agriculture and Irrigation meets the actual yield," said a breeder. **443**

# MRF to conduct countrywide survey on domestic rice consumption

**Yangon March 26**

Myanmar Rice Federation-MRF said today that it will conduct a countrywide survey on domestic rice consumption in Myanmar for the first time in about 20 years.

With the participation of Myanmar Rice Dealers Association and Yezin University of Agriculture, the MRF will interview 4,000 families of local people, farmers and rural workers in towns and villages in all 14 regions and states and Nay Pyi Taw Council Area.

The survey will provide detailed information on the rice consumption rates of rural and urban families, region-wise family incomes, region-wise or category-wise chosen rice strains, domestic demand and consumer preferences.

Additionally, precise data on the local consumption volume can be used as a base in calculating the surplus amount and exportable amount and in adopting policies and strategies, useful for decision-makers, other researchers, entrepreneurs, investors and farmers.

**Than**

# Bylaw for Myanmar Gemstones Law comes online soon

**Yangon March 26**

Bylaw for the Myanmar Gemstones Law will be finalized in April, according to Myanmar Gems Entrepreneurs Association.

"The Ministry of Mines is drafting the bylaws in cooperation with the MGEA and respective departments," said U Tun Hla Aung, secretary of the MGEA.

The Myanmar Gemstones Law was passed in 1995 and the amended Myanmar Gemstones Law came out in January, 2016.

"We are making discussion on which points should be included in the bylaws. Efforts are being made to pass it before the Water Festival. Under the new bylaws, merchants can export finished gold and diamonds to foreign countries. So we should strive to get technologies and more investments. We are trying to get a better bylaw," he added.

In addition, they are holding discussion on taxation as the authority will allow exports of gems based on the law and bylaws. According to the old gemstones law, a 30 per cent tax was levied on an uncut gemstone.

Under the new gemstones law, gem merchants shall have to pay a 25 per cent tax (15 per cent for an uncut stone and 10 per cent for export in foreign currency) to the government.

The MGEA is holding discussion on the relaxation of taxes with respective departments, according to the association.

"There will be an increase in legal exports of gemstones if the authorities reduce tax rates.Under the new law, the gem and jewel exhibitions and trading in border areas will become legal," U Tun Hla Aung added.

"Currently, Myanmar exports its gems to foreign countries including South Korea and China and sells them at local and international gem emporiums," gem merchants said.

**MMK**

# Pentagon to propose boosting US military presence in Iraq

**Washington March 26**

The Pentagon will submit proposals to President Barack Obama for strengthening military support to Iraqi forces in the near future, a top US military official said Friday.

"We have a series of recommendations that we will discuss with the president in the coming weeks to further enable our support for the Iraqi security forces," said General Joseph Dunford, chairman of the Joint Chiefs of Staff.

"(Defense Secretary Ashton Carter) and I both believe that there will be an increase in US forces in Iraq in coming weeks, but that decision hasn't been made, " Dunford said Friday during a news conference at the Pentagon.

The recommendations will include ways that the US can "enable" Iraqi forces in their efforts to recapture the city of Mosul, the largest urban center in the Islamic State group's "caliphate," an operation that's expected to be long and difficult.

Pentagon officials have previously mentioned their desire to accelerate the training of Iraqi troops, or to provide logistical support for the Mosul offensive.



US soldiers give guidance as they train Iraq's 72nd Brigade in a live-fire exercise in Basmaya base, southeast of the Iraqi capital, Baghdad, on January 27, 2016 (AFP Photo/Ahmad Al-Rubaye)

The US military confirmed this week the presence of some 200 Marines and artillery in northern Iraq, with the artillery used to support Iraqi troops as they advanced in the region.

"There is no inconsistency between what this artillery unit did and what our aviation is doing every single day" in its bombing campaign against IS, he said.

Officially, there are 3,870 US troops deployed in Iraq. But the actual number is likely about 5,000, according to media reports that Dunford did not deny on Friday.

Strengthening US military presence in Iraq is a sensitive issue for the Obama administration, which has vowed not to deploy ground forces there.

Shiite militias in Iraq also oppose additional US deployments to their country.

Dunford and Carter, who was also at the briefing, warned that the battle against IS will play out outside Iraq and Syria as well.

Efforts to prevent attacks such as those carried out in Brussels will not succeed "unless all the countries that are affected by the foreign fighters are cooperating at the law enforcement, the intelligence community level and the military level," Dunford said.

Carter added that these were "critical" components in the fight against IS, especially in European countries.

The United States has repeatedly called on European nations to improve shortcomings in their intelligence sharing and police cooperation, with criticism only heightened in the wake of the Belgium attacks this week that left 31 dead and 300 wounded.

**AFP**

# N. Korea video depicts imagined submarine attack on Washington

**Seoul March 26**

North Korea released a new propaganda video Saturday menacingly titled "Last Chance", showing a submarine-launched nuclear missile laying waste to Washington and concluding with the US flag in flames.

The four-minute video romps through the history of US-Korean relations and ends with a digitally manipulated sequence showing a missile surging through clouds, swerving back to the earth and slamming into the road in front of Washington's Lincoln Memorial.

The US Capitol building explodes in the impact and a message flashes up on the screen in Korean: "If US imperialists budge an inch toward us, we will immediately hit them with nuclear (weapons)."

The video was published on the North's propaganda website DPRK Today and shows images from the Korean War, the capture of US spy ship Pueblo in 1968 and the first crisis over North Korea's nuclear programme in the early 1990s.

Pyongyang has upped the rhetorical ante in recent weeks, with near daily threats of nuclear and conventional strikes against the South and the US mainland in response to large-scale South-US war games.

The threats have turned increasingly personal, and North Korea leader Kim Jong-Un on Friday watched a live-fire long-range artillery drill simulating a strike on the official residence of his South Korean counterpart.

Tensions between the two Koreas been on the rise since Pyongyang carried out its fourth nuclear test in January, and a satellite rocket launch a month later that was widely seen as a disguised ballistic missile test.

North Korea has been pushing to acquire submarine-launched ballistic missile (SLBM) capability which would take its nuclear strike threat to a new level, allowing deployment far beyond the Korean peninsula and the potential to retaliate in the event of a nuclear attack.

The North has conducted a number of what it says were successful tests of a SLBM.

But experts have questioned the veracity of those tests, suggesting Pyongyang had gone little further than a "pop-up" test from a sub-merged platform.

**AFP**

# Indonesian prison fire kills five inmates

**Jakarta March 26**

Five inmates have died in a prison fire in Indonesia, police said Saturday, after an operation to flush out a drug kingpin sparked a violent riot.

The blaze was started by angry inmates late Friday evening as police entered the prison in Bengkulu, on Sumatra island, in search of a wanted inmate, local police spokesman Sudarno told AFP.

More than 250 prisoners were rescued as the fire tore through the facility, but there were five who did not make it out alive.

"It's true that five prisoners died. They were trapped inside," said Sudarno, who like many Indonesians goes by one name.

"Several of the prison buildings have been damaged, but the investigation is still underway."

The five deceased have been identified, Sudarno said, while no other prisoners suffered injuries.

Footage on local television showed flames licking the walls of the prison as inmates were frogmarched from the blaze.

Officials were later seen carrying plastic body bags from the charred building to waiting ambulances.

Indonesia has some of the toughest anti-narcotics laws in the world, including death by firing squad for traffickers, and has launched a full-scale "war on drugs" to erase what authorities claim is a nationwide scourge.

**AFP**

# Brussels airport will not re-open before Tuesday: statement

**Brussels March 26**

Brussels airport will not reopen before Tuesday as it implements new security measures and repairs the departure hall wrecked by a suicide bomb attack earlier this week, it said Saturday.

"Passenger flights at Brussels Airport will not resume before Tuesday 29 March," Zaventem airport said in a statement.

"Brussels Airport is starting preparations to partially resume passenger flights and to implement the new security measures at Belgian airports, decided by the federal government," it added.

It gave no details of what the new security measures involve but immediately after Tuesday's attacks, there was a lot of criticism that security at the airport was light, with no systematic checks on passengers entering the departure hall.

On Tuesday, two suicide bombers blew themselves up there while another attacked the Brussels metro, leaving 31 dead and more than 300 wounded in Belgium's worst ever terror attack.

The Easter weekend is normally one of the busiest of the year, with thousands of holidaymakers jetting off from Brussels to destinations worldwide.

Following the attacks, airlines moved operations to regional airports or even to neighbouring countries such as the Netherlands and Germany. Low-cost pioneer Ryanair moved its Brussels flights to its main base at Charleroi, about an hour's drive south of the Belgian capital.

**AFP**

## ဂျပန်နှင့်ဟန်ဂေရီနိုင်ငံတို့၌ လေယာဉ်ပျက်ကျမှုများဖြစ်ပွား စုစုပေါင်း ခြောက်ဦးသေဆုံး

**အိုဆာကာ မတ် ၂၆**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာစီရင်စုရှိ ယာအိုလေဆိပ်၌ မတ် ၂၆ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးလုံး သေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုကဖော်ပြထားသည်။

အဆိုပါအင်ဂျင်တစ်လုံးတပ် Mooney အမျိုးအစား M20C လေယာဉ်သည် ကိုဘီလေဆိပ်မှပျံသန်းလာပြီး ယာအိုလေဆိပ်သို့ ဆင်းသက်စဉ် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲက လေယာဉ်ပြေးလမ်းဘေး၌ပျက်ကျကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျချိန်တွင် ရာသီဥတုအခြေအနေကောင်းမွန်နေသောကြောင့် ယင်းသို့ လေယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိသည်။

အလားတူ ဟန်ဂေရီနိုင်ငံ ပတ်စ်စီရင်စုတွင်လည်း မတ် ၂၅ ရက်ညပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူနှစ်ဦးလုံးသေဆုံးခဲ့ကြောင်း MTI သတင်းဌာနက မတ် ၂၆ ရက်တွင်ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် ဂိုဒေါလိုလေဆိပ်သို့ပျံသန်းလာစဉ်ပျက်ကျခဲ့ခြင်းဖြစ်ပြီး ယင်းလေယာဉ်အပိုင်းအစနှင့် ရုပ်အလောင်းနှစ်လောင်းကို လေဆိပ်၏အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ အကွာရှိ ဒန်နီကျေးရွာ၌ မတ် ၂၆ ရက်နံနက်တွင် ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပတ်စ်စီရင်စုဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ အတ်တီလာဆမ်ပိုင်းကပြောကြားထားသည်။

***Ref: Xinhua***

## ပါလ်မိုင်ရာမြို့အတွင်း ဆီးရီးယားတပ်ဖွဲ့နှင့် IS အဖွဲ့တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား



**ပါလ်မိုင်ရာ မတ် ၂၆**

ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် IS အဖွဲ့တို့သည် ဆီးရီးယားနိုင်ငံ၏ရှေးဟောင်းမြို့ဖြစ်သော ပါလ်မိုင်ရာမြို့ရှိ နေရာအများစုတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေကြောင်း RIA Novosti သတင်းဌာနက မတ် ၂၆ ရက်တွင်ဖော်ပြထားသည်။

ဆီးရီးယားစစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ကန္တာရသိမ်းငှက်အမည်ရှိ ပြည်သူ့စစ်အဖွဲ့တို့၏ IS စစ်သွေးကြွများအပေါ် ပြုလုပ်လျက်ရှိသော ထိုးစစ်ဆင်တိုက်ခိုက်မှုသည် မတ် ၂၆ ရက်နံနက်ပိုင်းတွင်ပြန်လည်စတင်ခဲ့ပြီး သမိုင်းဝင်နေရာတစ်ခုမှလွဲ၍ ကျန်ဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့နှင့်မျိုးချစ်ပြည်သူ့စစ်အဖွဲ့များသည် သမိုင်းဝင် ပါလ်မိုင်ရာရဲတိုက်ကို IS စစ်သွေးကြွများလက်မှ မတ် ၂၅ ရက်တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

UNESCO ၏ ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်တစ်ခုအဖြစ်သတ်မှတ်ခံထားရသည့် ပါလ်မိုင်ရာမြို့သည် ၂၀၁၅ ခုနှစ် မေလတွင် IS စစ်သွေးကြွများလက်အောက်သို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန် ဆီးရီးယားစစ်ဘက်က ရုရှား၏လေကြောင်းပစ်ကူများရယူ၍ ထိုးစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်းသိရသည်။

***Ref: Sputnik***

## ယူကရိန်းအရှေ့ပိုင်းသို့ ရုရှားက (၅၁) ကြိမ်မြောက် ထောက်ပံ့ရေးယာဉ်တန်းစေလွှတ်ရန်ပြင်ဆင်



**မော်စကို မတ် ၂၆**

စစ်ပွဲများဖြစ်ပွားနေသော ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်ဘက်စ်ဒေသသို့ ရုရှားအရေးပေါ်ဝန်ကြီးဌာန၏ (၅၁) ကြိမ်မြောက် လူသားချင်းစာနာထောက်ထားမှုယာဉ်တန်း စေလွှတ်ရန်စီစဉ်လျက်ရှိကြောင်း ဝန်ကြီးဗလာဒီမာ ပူ့ချ်ကော့ဗ်က မတ် ၂၆ ရက်တွင်ပြောကြားသည်။

ဒွန်ဘက်စ်ဒေသတွင်းအခြေအနေများမှာ ပုံမှန်အတိုင်းတည်ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါထောက်ပံ့ရေးယာဉ်တန်းစေလွှတ်မည့်ရက်ကိုအတိအကျသတ်မှတ်ရခြင်းမရှိသေးကြောင်းနှင့် ယာဉ်တန်းစေလွှတ်မည့်ရက်ကို ယူကရိန်းတာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူ့ချ်ကော့ဗ်က ဆက်လက်ပြောကြားသည်။

ထို့ပြင် အဆိုပါဒေသရှိ အခြေခံအဆောက်အအုံများတည်ဆောက်မှုသည် တိုးတက်မှုရှိလာပြီး စီးပွားရေးဆိုင်ရာအဆောက်အအုံများပြန်လည်တည်ဆောက်မှုအားလုံးပြီးစီးပြီဖြစ်ကြောင်းနှင့် ယင်းသို့လုပ်ဆောင်ခြင်းသည် ခက်ခဲသောတာဝန်တစ်ရပ်ဖြစ်ကြောင်း ၎င်းကပြောကြားထားသည်။

ယူကရိန်းနိုင်ငံ အရှေ့တောင်ပိုင်းသည် ၂၀၁၄ ခုနှစ် ဧပြီလမှစတင်ခဲ့သည့် ရုရှားလိုလားသော ခွဲထွက်ရေးအဖွဲ့နှင့် ယူကရိန်းအစိုးရတပ်ဖွဲ့တို့အကြား ဖြစ်ပွားသောတိုက်ပွဲများကြောင့် စစ်ဘေးသင့်သောဒေသအဖြစ်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ ရုရှားအစိုးရက အဆိုပါဒေသသို့ လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၅၉၀၀၀ ကျော် ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

***Ref: Sputnik***

## IS အဖွဲ့ ဒုတိယခေါင်းဆောင် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့်သေဆုံး

**ဝါရှင်တန် မတ် ၂၆**

IS အဖွဲ့၏ဘဏ္ဍာရေးကိုအဓိကပစ်မှတ်ထားသော ထိုးစစ်ဆင်တိုက်ခိုက်မှုများ၌ ယင်းအကြမ်းဖက်အဖွဲ့၏ ဒုတိယခေါင်းဆောင်နှင့် ဘဏ္ဍာရေးတာဝန်ခံအပါအဝင် အခြားထိပ်တန်းခေါင်းဆောင်များ သေဆုံးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက မတ် ၂၅ ရက်တွင်ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်းလုပ်ဆောင်ခဲ့သော အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုများအတွင်း IS အဖွဲ့ဒုတိယခေါင်းဆောင် ဟာဂျီအီမန်နှင့် အီရတ်မြောက်ပိုင်းတိုက်ခိုက်ရေးအဖွဲ့ခေါင်းဆောင် အဘူဆာရာတို့အပါအဝင် အခြားစစ်သွေးကြွခေါင်းဆောင်များ သေဆုံးခဲ့ခြင်းဖြစ်ပြီး ယင်းသို့ခေါင်းဆောင်ပိုင်းများသေဆုံးခြင်းသည် အဆိုပါအကြမ်းဖက်အဖွဲ့အပေါ်တိုက်ခိုက်မှုများ အရှိန်အဟုန်တိုးမြင့်လာခြင်း၏ မငြင်းနိုင်သောအချက်ဖြစ်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဂျိုးဆက်ဖ်ဒန်းဖို့ဒ်က ပြောကြားသည်။

အစောပိုင်းအစီအစဉ်များအရ အမေရိကန်အထူးတပ်ဖွဲ့က ဟာဂျီအီမန်ကို အရှင်ဖမ်းဆီးရန်ဖြစ်သော်လည်း ရဟတ်ယာဉ်ပစ်ခတ်ခံရသည့်အတွက် ပြန်လည်တိုက်ခိုက်ရာမှ ၎င်းမှာသေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက Reuters သတင်းဌာနသို့ပြောကြားသည်။

ထို့ပြင် အမေရိကန်ဦးဆောင်သောညွန့်ပေါင်းအဖွဲ့သည် IS အဖွဲ့ကိုစနစ်တကျသုတ်သင်ရှင်းလင်းမှုများလုပ်ဆောင်နေကြောင်း အက်ရှ်တန်ကာတာက ဆက်လက်ပြောကြားထားသည်။

***Ref: Reuters***

## တောင်ကိုရီးယားတက်ကြွလှုပ်ရှားသူများက မြောက်ကိုရီးယားသို့ ဝါဒဖြန့်စာရွက်များကြဲချ



**ဆိုးလ် မတ် ၂၆**

တောင်ကိုရီးယားတက်ကြွလှုပ်ရှားသူများသည် ရေတပ်သား ၄၆ ဦးသေဆုံးခဲ့သော တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်မှု (၆) နှစ်မြောက်နှစ်ပတ်လည်အဖြစ် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ဝါဒဖြန့်စာရွက်ထောင်ပေါင်းများစွာကို ကြဲချခဲ့ကြောင်းသိရသည်။

အဆိုပါဝါဒဖြန့်စာရွက်များတွင် မြောက်ကိုရီးယားနိုင်ငံ၏အာဏာအား မိသားစုတစ်ခုတည်းမှ အစဉ်အဆက်စွဲကိုင်ထားမှုနှင့်ပတ်သက်၍ ပြစ်တင်ရှုတ်ချကြောင်းနှင့် ကင်မ်ဂျုံအွန်အနေဖြင့် ရာထူးမှဆင်းပေးပြီး အနောက်နိုင်ငံများကို နျူကလီးယားစစ်ပွဲဆင်နွှဲသွားမည်ဟူသောခြိမ်းခြောက်မှုရပ်တန့်ရန် တောင်းဆိုထားကြောင်း သိရသည်။

တောင်ကိုရီးယားတက်ကြွလှုပ်ရှားသူများသည် ဝါဒဖြန့်စာရွက် ၅၀၀၀၀ ခန့်ကို မိုးပျံပူဖောင်းများအသုံးပြု၍ မြောက်ကိုရီးယားနိုင်ငံ ပါဂျူးမြို့သို့ မတ် ၂၆ ရက်ကကြဲချခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားစစ်သင်္ဘောချီနန်သည် ပြီးခဲ့သည့်ခြောက်နှစ် မတ် ၂၆ ရက်က ရေတပ်သား ၄၆ ဦးနှင့်အတူ နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့သင်္ဘောနစ်မြုပ်ခြင်းသည် မြောက်ကိုရီးယားက ရေငုပ်သင်္ဘောမှနေ၍ တော်ပီဒိုဖြင့်ပစ်ခတ်ခြင်းကြောင့်ဖြစ်ကြောင်း တောင်ကိုရီးယားက ပြစ်တင်ပြောကြားထားသည်။

အလားတူ မြောက်ကိုရီးယားနိုင်ငံကလည်း တောင်ကိုရီးယားအစိုးရနှင့် သမ္မတပါ့ခ်ဂွမ်ဟေးကိုပြစ်တင်ဝေဖန်ထားသော ဝါဒဖြန့်စာရွက်များအား တောင်ကိုရီးယားနိုင်ငံအတွင်းသို့ မတ် ၂၆ ရက်တွင်ကြဲချခဲ့ကြောင်း သိရသည်။

***Ref: VOA***

## ပဲရစ်တိုက်ခိုက်ရေးသမား နေထိုင်ခဲ့သည့်တိုက်ခန်း၌ ဘရပ်ဆဲလ်လေဆိပ်မြေပုံကိုတွေ့ရှိ

**ဘရပ်ဆဲလ် မတ် ၂၆**

ပဲရစ်မြို့တိုက်ခိုက်မှုများကို စီစဉ်သူတစ်ဦးနေထိုင်ခဲ့သော ဂရီနိုင်ငံ အေသင်မြို့ရှိ တိုက်ခန်းတစ်ခုတွင် ဘရပ်ဆဲလ်လေဆိပ်၏ တည်နေရာမြေပုံပါဝင်သော memory stick တစ်ခုနှင့် ကွန်ပျူတာတစ်လုံးကိုတွေ့ရှိခဲ့သည်ဟု ဘယ်လ်ဂျီယံသတင်းဌာနတစ်ခုက မတ် ၂၆ ရက်တွင်ဖော်ပြထားသည်။

အဆိုပါတိုက်ခန်းသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၃ ရက်က လူ ၁၃၀ ဦးသေဆုံးခဲ့သော ပဲရစ်မြို့တိုက်ခိုက်မှုကိုစီစဉ်ခဲ့သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည့် အဗ္ဗဒယ်ဟာမစ်အဘောက်နေထိုင်ခဲ့သောတိုက်ခန်းဖြစ်ပြီး ၎င်းသည် ယင်းတိုက်ခန်း၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း Belga သတင်းဌာန၏ဖော်ပြချက်အရ သိရသည်။

အဘောက်သည် နိုဝင်ဘာလနှောင်းပိုင်းကပြုလုပ်သော ပြင်သစ်တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးတွင် သေဆုံးခဲ့ကြောင်းနှင့် အဆိုပါမြေပုံအား အကြမ်းဖက်သမားတစ်ဦးထံမှတွေ့ရှိသည့်သတင်းသည် ဘရပ်ဆဲလ်မြို့ဗုံးပေါက်ကွဲမှုများပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

***Ref: Sputnik***

# သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း ခုတင် ၅၀ ဆံ့ တိုးချဲ့နှစ်ထပ်ဆောင်ဖွင့်လှစ်



သံဖြူဇရပ် မတ် ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် ဗိုလ်နေဝင်းလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း ခုတင် ၅၀ ဆံ့တိုးချဲ့နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဇော်မင်းထွန်းနှင့် ပြည်နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခုတင် ၅၀ ဆံ့ တိုးချဲ့နှစ်ထပ်ဆောင်သစ်ကို ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာလှဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်မြို့နယ်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆေးရုံအဆောက်အအုံအတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ခုတင် ၅၀ ဆံ့ တိုးချဲ့နှစ်ထပ်ဆောင်ကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ ခွင့်ပြုငွေကျပ် ၃၈၁ ဒသမ ၂ သန်းဖြင့် တလမွန်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း**

# မော်လမြိုင်မြို့၌ ရာမညကုန်သွယ်မှုဗဟိုဌာနဖွင့်လှစ်

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမ၌ ယနေ့ နံနက် ၇ နာရီတွင် ရာမညကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲကို ပြည်နယ်အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဒေါက်တာမင်းနွယ်စိုးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ရာမညကုန်သွယ်မှု ဗဟိုဌာနပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းအေးက ရာမညကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို ဖြေကြားပေးခြင်း၊ စာကြည့်တိုက်ဖွင့်လှစ်ထားရှိခြင်း၊ အီလက်ထရွန်နစ် သတင်းအချက်အလက်များလေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာစာအုပ်၊ ပို့ကုန်ကြော်ငြာခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ကုန်စည်ပြပွဲဝန်ဆောင်မှုစီစဉ်ပေးခြင်း၊ စီးပွားရေးပညာပေးဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်း၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ စီစဉ်ပေးခြင်း၊ အမှတ်တရပို့ကုန်ပစ္စည်းများရောင်းချပေးခြင်းစသည့်ကုန်သွယ်မှု မြှင့်တင်ရေးဝန်ဆောင်မှုများပြုလုပ်ပေးရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောသည်။

(၄၀၆)

# မြန်မာ-ထိုင်း ကုန်စည်ပြပွဲကျင်းပ

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက မြန်မာ-ထိုင်းကုန်စည်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ကုန်စည်ပြပွဲကို မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ဘဏ္ဍာရေးဝန်ကြီးဒေါက်တာခင်မောင်သွင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှထွန်းနှင့်တာဝန်ရှိသူတို့က ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် တာဝန်ရှိသူတို့က မြန်မာ၊ ထိုင်းစီးပွားရေးအခွင့်အလမ်းများနှင့် ထိုင်းမြန်မာကုန်စည်မှုဖလှယ်ရန်တို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(၄၀၆)

# သထုံမြို့၌ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်းစုံ နှီးနှောဖလှယ်ပွဲကျင်းပ

သထုံ မတ် ၂၆

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအချင်းချင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ပြီး စွမ်းရည်မြင့်မားလာစေရန်အတွက် သထုံမြို့ သုဝဏ္ဏခန်းမ၌ ပထမဆုံးအကြိမ်အဖြစ် သထုံမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်းစုံနှီးနှောဖလှယ်ပွဲ ကျင်းပကြောင်း သိရသည်။

" ကွန်ရက်တစ်ခုအဖြစ် ချိတ်ဆက်နိုင်ရင် အချင်းချင်းအတွေ့အကြုံ၊ အခက်အခဲစတာတွေကို ဖလှယ်နိုင်မယ်။ လက်တွဲဆောင်ရွက်နိုင်မယ်။ ပြီးခဲ့တဲ့ကာလတွေမှာ အဖွဲ့အစည်းအားလုံးက ကိုယ်ပိုင်ရပ်တည်မှုတွေနဲ့ နေလာခဲ့ကြတယ်။ ဒါကြောင့် လုပ်ငန်းတွေက ထင်သလောက် မထိရောက်ခဲ့ဘူး။ အားလုံးရဲ့ အဓိကစိန်ခေါ်မှုတွေကတော့ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ သတင်းအချက်အလက်တွေနည်းပါးတာပါ" ဟု နှီးနှောဖလှယ်ပွဲကျင်းပရေး ညှိနှိုင်းရေးမှူး ကိုစိန်ပန်းက ပြောသည်။

နှီးနှောဖလှယ်ပွဲတွင် တက်ရောက်လာသည့် အဖွဲ့အစည်းပေါင်းစုံတို့က အဖွဲ့လိုက်လုပ်ငန်းအတွေ့အကြုံများနှင့် စိန်ခေါ်မှုတို့ကိုပူးပေါင်းဆွေးနွေးကြသည်။

" အဖွဲ့အားလုံးက ကိုယ့်ဒေသဖွံ့ဖြိုးဖို့ လူမှုရေးလုပ်ငန်းတွေကို တတ်စွမ်းသလောက်လုပ်နေကြပေမယ့် အားလုံးကအခက်အခဲကိုယ်စီနဲ့၊ တချို့ဆို စနစ်တကျဖွဲ့ထားတာမဟုတ်တော့ ရေရှည်ရပ်တည်ဖို့ မလွယ်ဘူး။ ပြီးတော့ အထောက်အပံ့ဆိုတာကလည်း မရှိသလောက်နည်းပါးတယ်။ ဒါတွေအဆင်ပြေဖို့အတွက်ဆိုရင် နည်းပညာပိုင်း၊ ငွေကြေး၊ အားပေးကူညီမှု ဒါတွေတော်တော်လေးလိုအပ်နေတယ်။ အခုလို အဖွဲ့စုံပူးပေါင်းနိုင်ရင်တော့ အထိုက်အလျောက်ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု နောင်ဘိုကျေးရွာ ဖူးငုံရတနာစာဖတ်အသင်းမှ ဦးဆောင်လှုပ်ရှားသူ ဦးပဏ်က ပြောသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၆ ဖွဲ့မှအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## Myawady Digital Set Top Box
## ထုတ်နုတ်ရှုမြင် အစီအစဉ်

၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)

### MWD Variety

၁။ ၁၇း၁၇ **တိုးတက်ထုတ်ကုန်မွေးမြူရေးဇုန် (အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲ)**
၂။ ၁၇း၄၄ Computer Knowledge (fundamental Networking Knowledge) (part-2)
၃။ ၁၈း၄၇ **ဖန်တီးမှုစုံလင် အနုပညာလွှင်ပြင်**
၄။ ၁၉း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရန်ငြိုးဖွဲ့အမုန်းမီး" (အပိုင်း-၁၄)**
၅။ ၂၀း၄၇ Let's Go
၆။ ၂၁း၀၂ **ရုပ်မြင်သံကြားဇာတ်လမ်း "ချစ်ရမှနေပျော်မှာ"**

### MWD Documentary

၁။ ၁၈း၀၀ ရွှေရင်ခုန်သံ
၂။ ၁၈း၃၀ Yangon Rock
၃။ ၁၉း၀၀ အကြင်နာပန်းလေးတစ်ပွင့်
၄။ ၂၀း၁၅ Run & Cook
၅။ ၂၀း၄၅ ကံ၏အကျိုး
၆။ ၂၁း၁၅ **"ချစ်မိသွားပြီ" (ဟိန်းဝေယံ၊ ချမ်းမီမီကို)**

### MWD Music

၁။ ၁၈း၀၀ Myanmar Stidio
၂။ ၁၈း၃၀ Power Play
၃။ ၁၉း၀၀ My Style
၄။ ၁၉း၃၀ Music Mix
၅။ ၂၁း၃၀ Myanmar Song
၆။ ၂၂း၀၀ Hits Music Selection

### MWD Movies

၁။ ၁၈း၀၀ နောက်ဆုံးဝိုင်
၂။ ၁၉း၄၈ ဝှက်ဖဲ
၃။ ၂၁း၄၉ စုန်းရာသီ

### MWD Series

၁။ ၁၈း၀၀ ချစ်ခြင်းတည်ရာ (အပိုင်း-၁၁)
၂။ ၁၉း၀၀ ကရုဏာရှင်သမားတော် (အပိုင်း-၁၃)
၃။ ၂၀း၀၀ ဗြိုဟ်ကမ္ဘာတိုက်ပွဲ (အပိုင်း-၇၂)
၄။ ၂၁း၀၀ ရင်ခုန်သံအိပ်မက် (အပိုင်း-၂၆)
၅။ ၂၂း၀၀ အရိပ်မဲ့မေတ္တာ(အပိုင်း-၃၂)

### MWD Shopping

၁။ ၁၈း၀၀ You Shopping
၂။ ၁၈း၃၀ E-Market
၃။ ၁၉း၀၀ Grossip Sport
၄။ ၁၉း၁၅ Shopping မြင်ကွင်းစုံ
၅။ ၂၀း၀၀ Boy Talk
၆။ ၂၀း၃၀ ရင်ထဲကအကယ်ဒမီ

## ထုတ်နုတ်ရှုမြင် ရုပ်မြင်သံကြားအစီအစဉ်

### မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)

၁။ ၆း၁၅ မေတ္တာပို့
၂။ ၆း၂၅ ဓမ္မပူဇာတေး
၃။ ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၆း၅၀ မှတ်တမ်း
၅။ ၁၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြန်လည်တွေ့ဆုံခြင်း"**
၆။ ၁း၁၉ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာအသနိ" (အပိုင်း-၄၇)**
၇။ ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သောကေရီ" (အပိုင်း-၁၄)**
၈။ **၈ နာရီ သတင်း အပြီး** ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၉။ **(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "ချစ်ရမှနေပျော်မှာ"** ဒွေး၊ စုလှိုင်နှင်း၊ မြတ်သစ်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ တင်သန်းဦး

### MYANMAR INTERNATIONAL

27-3-2016 (Sunday)

* Elegant and Exquisite Myanmar Cotton Fabrics
* Pagoda Forest in Pa- O Land
* School For the Blind (Kyee Myin Dine)
* TECH School
* Product Of Myanmar -Mya Setkyar Pure Silk Fabric From Inle Lake
* Mogok: The Colourful Land of Rubies
* Bogalay Tint Aung: A Man of Versatility (Part-3)

### MRTV - 4

၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)

၁။ ၅း၄၅ ပရိမီယာ ချစ်သူများရဲ့ ရင်ခုန်သံ
၂။ ၆း၁၀ Health Fix
၃။ ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၅)**
၄။ ၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[အရိပ်မည်း(အပိုင်း-၁)]
၅။ ၈း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား"(အပိုင်း-၆၂)**
၆။ ၉း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၅၃+၅၄)**

### မြန်မာ့ရုပ်မြင်သံကြား

၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)

၁။ ၀၆း၀၀ မိုးလေဝသအစီအစဉ်
၂။ ၀၆း၀၀ တေးဂီတအစီအစဉ်
၃။ ၀၆း၃၀ Special Movie "King Kaung"
၄။ ၀၉း၄၀ တေးဂီတအစီအစဉ်
၅။ ၁၀း၀၀ မြန်မာ့ရုပ်ရှင် "အမိမြေမှ သားကောင်းများ"

## ဗေါက်ထော်နေဝင်းနိုင် {Victoria University College}
ရေးသားပြုစုသော

## English for Myanmar

ယခုပို့ချပေးထားသော သင်ခန်းစာများကို မြဝတီရုပ်မြင်သံကြား (MWD) မှ ယနေ့နံနက် ၁၁ နာရီအချိန်တွင် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။

➢ ယမန်နေ့မှအဆက်

### Spoken English

**Conversation (ONE)**

A. Hi, how are you?
ဟေး နေကောင်းရဲ့လား။
B. I'm fine. How about you?
နေကောင်းပါတယ်။ မင်းရော ဘယ်လိုလဲ။
A. Not too bad.
မဆိုးလှပါဘူး။
B. Do you come to this restaurant often?
မင်း ဒီစားသောက်ဆိုင်ကို မကြာခဏလာသလား။
A. Only twice a week.
တစ်ပတ်နှစ်ကြိမ်လောက် လာပါတယ်။
B. This looks like a nice restaurant.
ဒီစားသောက်ဆိုင်က ကောင်းမယ့်ပုံပဲ။
A. Yes. It is the best one in this city.
ဟုတ်တယ်။ ဒီမြို့မှာတော့ ဒီဆိုင်အကောင်းဆုံးပဲ။

**Conversation (TWO)**

A. Hi Zar Zar. How is your day going?
ဟေ့ ဇာဇာ။ ဒီနေ့ မင်းဘယ်လိုလဲ။
B. Quite busy. I am preparing for my presentation tomorrow. I'm not even half done yet.
တကယ့်ကို အလုပ်များနေတယ်။ ကျွန်မ မနက်ဖြန်ရှင်းလင်းတင်ပြပို့ချဖို့ ပြင်ဆင်နေတာ။ တစ်ဝက် တောင်လုပ်လို့ မပြီးသေးဘူး။
A. Are you finished with school already?
မင်း ကျောင်းပြီးပြီမဟုတ်လား။
B. No. I have one more semester.
မပြီးသေးဘူး။ နောက်ထပ်နှစ်ဝက် ဆက်တက်ရဦးမှာ။

**Conversation (THREE)**

A. This looks like a nice restaurant.
ဒီစားသောက်ဆိုင်ကြည့်ရတာ စားကောင်းမယ့်ပုံပဲ။
B. Yes. It is. I come here all the time.
ဟုတ်တယ်။ ကျွန်တော် ဒီဆိုင်ကို အမြဲလိုလိုလာတယ်။
A. Let's sit over there.
ဟိုဘက်နားမှာ ထိုင်ကြရအောင်။
B. OK.
ကောင်းပြီလေ။
A. Can you pass me a menu please?
ကျေးဇူးပြုပြီး စားသောက်ဖွယ်စာရင်း ကျွန်တော့်ဘက်ကို ကမ်းလိုက်ပါ။
B. Sure. What are going to have to drink?
ရတာပေါ့။ ခင်ဗျားဘာသောက်မလဲ။
A. I am going to have a cup of coffee. How about you?
ကော်ဖီတစ်ခွက်သောက်မယ်။ ခင်ဗျားရော။
B. I think I will have a glass of milk.
ကျွန်တော်က နွားနို့တစ်ခွက်သောက်ဖို့ စဉ်းစားတယ်။
A. OK. What are you going to have to eat?
ဟုတ်ပြီ။ ဘာစားမလဲ။
B. I'm not sure. I haven't decided yet. Can you recommend something?
ဘာစားချင်မှန်း မသေချာသေးဘူး။ မဆုံးဖြတ်ရသေးဘူး။ ခင်ဗျားကပဲ ဘာစားရင်ကောင်းမယ်ဆိုတာ ပြောကြည့်ပါလား။
A. Sure. I like the steak and lobster. They are both very good.
ကောင်းပြီလေ။ ကျွန်တော်က အသားကင်နဲ့ ပုစွန်တုပ်ကြီးစားမယ်။ နှစ်မျိုးစလုံး ကောင်းတယ်ဗျ။
B. I think I'll have the lobster.
ကျွန်တော်ပုစွန်တုပ်ကြီးစားဖို့ စဉ်းစားတယ်။

**ရှင်းလင်းပို့ချချက် -**

အကယ်၍စားသောက်ဆိုင်တွင် မမျှော်လင့်ဘဲတွေ့ဆုံပါက အောက်ပါစကားများကိုလည်း ပြောလေ့ရှိသည်။

- It's good to see you again.
တို့ထပ်တွေ့ကြပြန်ပြီ။
- I come pretty often. This is my *favorite restaurant.
ငါက ဒီဆိုင်ကို ခဏခဏကိုလာတာ. . .။ ဒါငါအကြိုက်ဆုံးဆိုင်လေ။
*favorite ကို favourite ဟုလည်းသုံးနိုင်သည်။
- We haven't seen each other before.
ဒီအရင်က တို့တွေ မတွေ့ဖြစ်ကြဘူးနော်။
- I come here at least twice a week.
ဒီဆိုင်ကို တစ်ပတ်မှာ နှစ်ရက်လောက် ငါလာတတ်တယ်။

**Conversation (FOUR)**

A. How do you like the food?
စားရတာ ဘယ်လိုလဲ။ ကြိုက်ရဲ့လား။
B. It tastes really great. Did you cook it?
အရသာသိပ်ကောင်းတယ်ဗျာ။ ခင်ဗျား ချက်တာလားဟင်။
A. Yes. I made this evening. Would you like some more?
ဟုတ်ပါတယ်။ ညနေက ချက်လိုက်တာ။ ထပ်ယူဦးမလား။
B. OK, just a little.
နည်းနည်းလောက်ထပ်စားမယ်။
A. Would you like some soup?
စွပ်ပြုတ်သောက်ချင်လား။
B. What kind is it?
ဘယ်လိုစွပ်ပြုတ်လဲ။
A. Potato and rice. Have you had that before?
အာလူးနဲ့ ဆန်ရောပြီးလုပ်ထားတာ။ အရင်က ဒါမျိုးစားဖူးလား။
B. No. This is my first time. How does it taste?
မစားဖူးဘူး။ ဒါပထမဆုံးအကြိမ်ပဲ။ အရသာက ဘယ်လိုလဲဟင်။
A. It's good, try it. What do you think?
ကောင်းတယ်။ ရော့ မြည်းကြည့်။ ဘယ်လိုလဲ။
B. Wow! It is good. You are a really good cook.
အိုး. . . ကောင်းပါ့ဗျာ။ ခင်ဗျားက တကယ့်ကိုတော်တဲ့ ချက်ပြုတ်တတ်သူပဲ။
A. Thanks.
ကျေးဇူးတင်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

## ဝေးလံသည့်ဒေသများ၌ 3MDG ၏ ရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာန ၇၈ ခု တည်ဆောက်လျက်ရှိ



ရန်ကုန် မတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာနသည် 3MDG ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရှိ သွားလာရခက်ခဲသည့်ဒေသများ၌ ကျေးလက်ကျန်းမာရေးဌာန ၇၈ ခုကို တည်ဆောက်လျက်ရှိကြောင်း 3MDG ရန်ပုံငွေအဖွဲ့မှ သိရသည်။

ကျန်းမာရေးဌာနများ တည်ဆောက်မည့်နေရာရွေးချယ်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ UNOPS Infrastructure Unit၊ 3MDG ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆွေးနွေးကာ လွှမ်းခြုံမှုပေးနိုင်မည့် လူဦးရေ၊ လက်လှမ်းမီရရှိမှု၊ လုံခြုံစိတ်ချရမှုနှင့် အနီးပတ်ဝန်းကျင်တွင် ကျန်းမာရေးဌာနများမရှိခြင်းတို့အပေါ် မူတည်၍ ရွေးချယ်ခဲ့ကြသည်။

ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်သည့်အခါ ယင်းဒေသရှိ ရပ်ရွာပြည်သူများနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS ) သည် တည်ဆောက်မည့် ကျန်းမာရေးဌာန/ဌာနခွဲများ၏ စံပုံစံဒီဇိုင်းကို ရေးဆွဲပေးခဲ့သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် သုံးခုပြည့်မီရန် ဆောင်ရွက်နေသော 3MDG အဖွဲ့သည် ကလေးသေဆုံးမှုနှုန်း လျှော့ချရေးနှင့် မိခင်၏ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရန်၊ HIV/AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၂၇၅ သန်း သုံးစွဲရန်ရှိကြောင်း သိရသည်။ (၂၈၀)

ပွင့်လင်းမြင်သာပြုပြင်စရာ

မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

# ဟဲနုချောင်းအတက် အဆင်းကွင်းလမ်းကို ပြုပြင်ပေးရန်လိုအပ်နေ



**အင်းတော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးအုပ်စုဟဲနုကျေးရွာ၌ ဟဲနုချောင်း အာရ်စီကွန်ကရစ်တံတားကို အသစ်တည်ဆောက်လျက်ရှိရာ ဒေသခံများနှင့် ခရီးသွားမော်တော်ယာဉ် အတက်/အဆင်းများက ယာယီကွင်းလမ်းမှ သွားလာရာတွင် နေ့စဉ်အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါချောင်း အတက်/အဆင်း ကွင်းလမ်းကို ပြုပြင်ပေးရန်နှင့် ယာယီကွင်းလမ်း တံတားဆောင်ရွက်ပေးပါက ဆက်သွယ်သွားလာရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ရွာက အခုအသစ်ဆောက်လုပ်နေတဲ့ အာရ်စီကွန်ကရစ်တံတားဘေး ချောင်းက အတက်/အဆင်းယာယီကွင်းလမ်းမှာ နေ့စဉ်ဖြတ်သန်းနေကြတဲ့ မော်တော်ယာဉ်တွေ၊ ဆိုင်ကယ်တွေ၊ နွားလှည်းတွေ အတွက် သွားလာရတာ အခက်အခဲဖြစ်နေပါတယ်။ တစ်ခါတစ်ရံ ချောင်းထဲမှာ ကားပျက်နေရင် အတက်/အဆင်းယာဉ်တန်းမှာ ကားတွေအများကြီး ပိတ်မိနေတဲ့အခါမျိုး တွေရှိပါတယ်။ အဲဒီမှာ အားလုံးအတွက် အခက်အခဲကြုံရပါတယ်။ ကားကြီးတွေ ဖြတ်ရင် ရေကပါလာတော့ လမ်းအတက်/အဆင်းတွေ ခဏခဏပျက်ပါတယ်။ အဲဒါကြောင့် ယာယီကွင်းလမ်းကို တံတားခင်းလိုက်ရင် လမ်းလည်းမပျက်နိုင်သလို ယာဉ်အတက်/အဆင်းနဲ့ ခရီးသွားလာသူတွေအတွက်လည်း အားလုံးအဆင်ပြေသွားမှာပါ"ဟု ဟဲနုရွာမှ ဒေသခံတစ်ဦးက ပြောသည်။ ဟဲနုချောင်း အာရ်စီကွန်ကရစ်တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၄)မှ ကြီးကြပ်ကာ ထိုက်စင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားမှာ အလျားပေ ၁၂၀၊ အကျယ် ၃၁ ပေ၊ အမြင့် ၁၃ ပေရှိကာ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၅/၁၆၃ တွင်တည်ရှိပြီး အထက်မြန်မာပြည်၏ အဓိကကုန်စည်စီးဆင်းဖြတ်သန်းရာတွင် အရေးပါသော တံတားတစ်စင်းအဖြစ် ပါဝင်ကြောင်း သိရသည်။ **(၇၁၉)**

# ကျောင်းအနီး အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်နေမှုကို အရေးယူဆောင်ရွက်ပေးစေလို

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အောင်းစုကျေးရွာအုပ်စု ရွာသာကျေးရွာ အစိုးရအလယ်တန်းကျောင်းမြောက်ဘက်အစပ်ယာမြေကွက်၌ လုပ်ငန်းရှင်တစ်ဦးက အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေပါသည်။ အဆိုပါအုတ်ဖုတ်လုပ်ငန်းမှ အလုပ်သမားများ၏အသံသည် နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ဆူညံနေ၍ အနီးပတ်ဝန်းကျင်တွင် အနှောင့်အယှက်များ ဖြစ်နေပါသည်။

ထို့ပြင် အုတ်ဖုတ်ထားသော ကျင်းကြီးမှာ အလျား ပေ ၃၀ ခန့်၊ အနက် ပေ ၃၀ ခန့်ရှိသဖြင့် မြေလျှောင်ဒဏ်ကြုံပါက ကျောင်းဆောင်ပြိုလဲနိုင်ခြင်းနှင့် ၎င်းကျင်းထဲသို့ မိုးရာသီတွင် ရေများဝင်ရောက်ချိန်၌ ကလေးငယ်များ ရေနစ်သေဆုံးမှုအန္တရာယ်ဖြစ်ပွားနိုင်ခြင်းတို့ ကြုံတွေ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းအုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်နေမှုကို တာဝန်ရှိသူများအနေဖြင့် ကြည့်ရှုစစ်ဆေး၍ အရေးယူဆောင်ရွက်ပေးပါရန် မြဝတီသတင်းစာ၏ ပွင့်လင်းမြင်သာပြုပြင်စရာကဏ္ဍမှတစ်ဆင့် အသိပေးတင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

# တရားမဝင်သစ်ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မှုခင်းသတင်း**

**နေပြည်တော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ငါးတဲကြီးကျေးရွာ၌ မတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲက တရားမဝင်သစ်စက်ဖြင့် သစ်များခွဲနေကြောင်း သတင်းအရ ပျဉ်ထောင်လေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အဆိုပါရွာအနောက်ဘက် ၅ ဖာလုံခန့်အကွာရှိ ပေါ်သစ်စချောင်းရိုးဘေး၌ သစ်စက်ပိုင်ရှင်ဖြစ်သူ ၎င်းရွာနေ အောင်စိန် ၂၈ နှစ်အား တရားမဝင်သစ်ခွဲစက်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်ကျွန်းသစ်လုံး ငါးလုံး၊ ကျွန်းသစ်ခွဲသား နှစ်ချောင်း စုစုပေါင်း ၁ ဒသမ ၄၇၄၇ တန်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အောင်စိန်ကို အင်းရွာနယ်မြေရဲစခန်းက(ပ)၁၄/၂၀၁၆၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကားနှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေဆုံး

**ပြွန်တန်ဆာ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ ယမန်နေ့ ညနေ ၃ နာရီခွဲက ကားနှင့်ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၉၀/၂)နှင့် (၉၀/၃)အကြား ခြောက်တန်တံတားတောင်ဘက်ထိပ်၌ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ သန်းကိုထူး ၃၇ နှစ် မအူတန်းရွာ ချောင်းရင်းအုပ်စု ပြွန်တန်ဆာမြို့နေသူ မောင်းနှင်လာသော ကမ်ဘိုအနက်ရောင်ဆိုင်ကယ်နှင့် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ကျော်ဦး ၄၅ နှစ် လှည်းကူးမြို့နေသူ မောင်းနှင်လာသော 4G/---- မီနီဘတ်စ်ကားဖြူပြာရောင် ခရီးသည်တင်ယာဉ်တို့ ကားလမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်တိုက်မှုတွင် ခရီးသည်တင်ယာဉ်မောင်းမှာ ထွက်ပြေးသွားပြီး ဆိုင်ကယ်မောင်းသူ သန်းကိုထူးတွင် ယာခြေသလုံးပွန်းပဲ့၊ စအိုမှ အူထွက်၊ ယာနံစောင်းပွန်းပဲ့၊ ယာပေါင်ပွန်းပဲ့ ဒဏ်ရာရရှိကာ ပြွန်တန်ဆာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံအရောက်၌ သေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြွန်တန်ဆာနယ်မြေရဲစခန်းက ယာဉ်မောင်းကျော်ဦးနှင့် ဆိုင်ကယ်မောင်းနှင်သူ သန်းကိုထူးတို့နှစ်ဦးကို ယာဉ်(ပ)၅/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

"ပွင့်လင်းမြင်သာပြုပြင်စရာများ" ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၃၁-၇၃၉၉၈၊ ဖက်(စ်) ၀၃၁-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်
  ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

# ရွှေလီမြစ်ကူးတို့လှေဆိပ်၌ လူတစ်ဦးရေနစ်သေဆုံး

**မူဆယ် မတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဟိုဆောင်ကျေးရွာ ရွှေလီမြစ်ကူးတို့လှေဆိပ်၌ လူတစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၆ နာရီက မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် ဟိုဆောင်ကျေးရွာ ရွှေလီမြစ်ကူးတို့လှေဆိပ်တွင် လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ချမ်းငြိမ်းဦး ၂၂ နှစ် (ဘ)ဦးသိန်းငွေအောင် မူဆယ်မြို့နယ် ဟိုဆောင်ကျေးရွာနေသူဖြစ်ပြီး ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အစ်ကိုဖြစ်သူ အောင်ကျော်ဦးအား စစ်ဆေးမေးမြန်းရာ ယင်းနေ့ ညနေ ၅ နာရီက ချမ်းငြိမ်းဦးသည် ၎င်း၏သူငယ်ချင်းများဖြစ်သော သိန်းနိုင်ဦး၊ ကျော်သက်လွင်၊ ထက်လင်းတို့နှင့်အတူ ရွှေလီမြစ်အတွင်း ရေမကူးတတ်ဘဲ ရေဆင်းချိုးစဉ် ရေနစ်သွားခဲ့သဖြင့် သူငယ်ချင်းများက ဝိုင်းဝန်းဆယ်ယူခဲ့သော်လည်း မဆယ်နိုင်ခဲ့ဘဲ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မြစ်အတွင်းမှ အလောင်းကိုပြန်လည်တွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေနစ်သေဆုံးသူ ချမ်းငြိမ်းဦးကို မူဆယ်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၆ ဖြင့် အမှုဖွင့်ထားပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၄၀၄)**

# ဆိုင်ကယ်လုယူသူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံတယ်လီပို့ဝင်းအတွင်းရှိ ဆိုက်ဘာဟောရှေ့၌ မတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ပြင်စာရွာနေ ဘိုဘို(ခ) ဝင်းနိုင် ၁၉ နှစ်သည် အဆိုပါနေရာ၌ သင်တန်းလာတက်နေသော သင်တန်းသူတစ်ဦး ပျက်၍အပ်နှံထားခဲ့သော ၄၃ ယ/..... Honda Click ဆိုင်ကယ်ကို ပြင်နေစဉ် အမည်မသိအမျိုးသားနှစ်ဦး ရောက်ရှိလာပြီး ၎င်းအား ဆိုင်ကယ်ပေါ်မှ တွန်းချကာ ဆိုင်ကယ်ကို လုယူထွက်ပြေးသွားသဖြင့် ပြင်စာရဲကင်းစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။

အကြောင်းကြားချက်အရ ပြင်စာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အနီးရှိဒေသခံများက ချက်ချင်းလိုက်လံစုံစမ်းဖမ်းဆီးရာ ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးရှိ တမာရိပ်စားသောက်ဆိုင်ရှေ့၌ လုယူသွားသည့် ဆိုင်ကယ်နှင့်အတူ ပြင်စာရွာနေ အောင်ကျော်မျိုး ၂၇ နှစ်အား ဖမ်းဆီးရမိပြီး တစ်ဦးမှာ ထွက်ပြေးသွားခဲ့သည်။ ၎င်းနှင့်အတူ ဆိုင်ကယ်လုယူသူမှာ တစ်ရွာတည်းနေ အာကာ ၂၁ နှစ်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

အာကာအား လိုက်လံစုံစမ်းဖမ်းဆီးရာ ယမန်နေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်သေခံဆိုင်ကယ်ကို သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦးကို ပြင်စာရဲကင်းစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာယာဝတီမြို့နယ်၌ မြစ်မခတံတား (ဖိုးခေါင်-စံရွှေး) ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာယာဝတီ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်း၌ ယမန်နေ့ နံနက် ၈ နာရီခွဲက မြစ်မခတံတား (ဖိုးခေါင်-စံရွှေး) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးစိုးမင်းက တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးစိုးမင်းတို့က မြစ်မခတံတား (ဖိုးခေါင်-စံရွှေး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

မြစ်မခတံတား (ဖိုးခေါင်-စံရွှေး)သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အလယ်ကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းမကြီး မိုင်တိုင် အမှတ်(၇၇/၂)နှင့် (၇၇/၃)ကြားမှ မြစ်မခမြစ်ကမ်းနား ဖိုးခေါင်ရွာအထိ ဖောက်လုပ်ထားသော ၄ မိုင် ၅ ဖာလုံအရှည်ရှိသည့် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်တွင် တည်ရှိသည်။

အဆိုပါတံတားကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၆၄၃ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ တံတားအရှည် ပေ ၈၁၀၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉ လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေ၊ အကျယ် ၈၂ ပေရှိပြီး အုတ်မြစ်အချင်း ၁ ဒသမ၅ မီတာဘိုးပိုင်၊ တံတားအောက်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည် Extra Wide Bailey၊ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၉၀ ကိုးခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

(၄၀၁)

# ရင်သွေးငယ်လေးများ၏ ပဒေသာကပွဲကျင်းပ



**ပခုက္ကူ မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပခုက္ကူ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ၏ ပဒေသာကပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။

ရင်သွေးငယ်လေးများ ပဒေသာကပွဲတွင် အကမျိုးစုံ ၁၇ မျိုးပါဝင်ပြီး ပဒေသာကပွဲကျင်းပခြင်းအားဖြင့် ရင်သွေးငယ်လေးများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မြိတ်မြို့၌ မြန်မာနိုင်ငံ၏ပထမဆုံး Sea View Condo တည်ဆောက်မည်

**တာချီလိတ် မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ သာယာလှပသော ပင်လယ်ကမ်းခြေကိုမျက်နှာပြု၍ အထပ်မြင့်ကွန်ဒိုစီမံကိန်းကို ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ရင်းနှီးမြှုပ်နှံ၍ Hong Kong Future Group Co.,Ltd. မှ နိုင်ငံတကာအတွေ့အကြုံရှိသော ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့် ဗိသုကာပညာရှင်များဖြင့် တာဝန်ယူကာ မြန်မာနိုင်ငံ၏ ပထမဆုံး Sea View Condo ကို မြိတ်မြို့ ကမ်းနားလမ်းသဲကွင်း MYEIK Shopping Center အနီး၌ ဧပြီလမှ စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Sea View Condo တည်ဆောက်ရေးအတွက် အုတ်မြစ်ချပန္နက်တင်မင်္ဂလာနှင့် လုပ်ငန်းအပ်နှံသဘောတူ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ကွန်ဒိုစီမံကိန်းဆောင်ရွက်မည့် မြေနေရာ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုတက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် အဆိုပါ စီမံကိန်းအတွက် လုပ်ငန်းအပ်နှံ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် Hong Kong Future Group Co.,Ltd.တို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မင်္ဂလာအချိန်တွင် Sea View Condo တည်ဆောက်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။

Sea View Condo စီမံကိန်းကို Hong Kong Future Group Co.,Ltd. က မြေတိုင်းတာမှုများပြုလုပ်၍ အထပ်မြင့်အဆောက်အအုံအတွက် လျှောင်ဒဏ် ၈ ဒသမ ၅ ခံနိုင်သော ကွန်ဒိုအဖြစ် ဖောင်ဒေးရှင်း ပေ ၁၀၀၀နှင့် ကွန်ဒိုအမြင့်ပေ ၁၀၀၀ ဖြင့် အထပ် ၃၀ နှင့်ကွန်ဒိုအဖြစ် မြန်မာနိုင်ငံ၏ပထမဆုံး Sea View Condo တည်ဆောက်သွားမည်ဖြစ်ကြောင်း Hong Kong Future Group Co., Ltd.စီမံကိန်းတာဝန်ခံထံမှ သိရသည်။

**နိုင်ထူး**

# ကုန်စည်ဈေးနှုန်းများ

**အခြေခံစားသောက်ကုန်**

**ဆန်**

| | | | |
|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၄၀၀-၁၇၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၈၀၀-၂၃၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၀၀၀-၁၁၅၀ | ကျပ် |
| ဇီယာ | တစ်ပြည် | ၈၀၀ - ၉၅၀ | ကျပ် |

**ဆီ**

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၄၉၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၅၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၆၃၅ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

**စက်သုံးဆီ**

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၀ | ကျပ် |
| ပရီမီယမ်ဒီဇယ် | တစ်လီတာ | ၅၃၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၃၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၅၆၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၅၀ | ကျပ် |

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည် | တစ်ကျပ်သား | - ၇၈၆၀၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - ၇၃၉၇၀၀ | ကျပ် |

**နိုင်ငံခြားငွေကြေး**

| | | | |
|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၂၀၆ - ၁၂၁၈ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၇၉ - ၈၈၉ | ကျပ် |
| ယူရို | တစ်ယူရို | ၁၃၄၆ - ၁၃၅၉ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၈၃ - ၁၈၆ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၄.၃ - ၃၄.၇ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၂၈၇ - ၂၉၂ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၇၀၄ - ၁၇၀၉ | ကျပ် |
| ယန်း | တစ်ယန်း | ၁၀.၇၅ - ၁၀.၉၅ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**တာချီလိတ် မတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖြစ်အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၈နာရီခွဲက ဝမ်လုံးကျေးရွာအုပ်စု သစ်လွင်မိုးစက်သုံးဆီအရောင်းဆိုင်၌ ကျင်းပကြောင်းသိရသည်။



ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ် မီးသတ်ဦးစီးမှူးရဲသူရိန်သိန်းမြင့်က မီးဘေးလုံခြုံရေး၊ မီးသုံးစွဲရာတွင်သတိမူရမည့် အချက်များ၊ မီးလောင်မှုစတင်ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ စသည်တို့ကို အသိပညာပေးဟောပြောသည်။ထို့နောက် မီးသတ်ပစ္စည်းကိရိယာများမပါရှိဘဲ မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက်မြို့နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကြည်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ကိုကိုနှင့် ဝန်ထမ်းများက ခေတ်မီမီးသတ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်နည်းများကိုလက်တွေ့ရှင်းလင်းပြသပြီး တက်ရောက်လာသည့် စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များနှင့်ဝန်ထမ်းများက ဆီမီးလောင်မှုအား ခေတ်မီမီးသတ်ပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ (၆၆၁)

# ခြေစွာနေတဲ့ ရိုမေးနီးယားကို ပညာပေးမယ့် စပိန်

## နိုင်ငံတကာခြေစမ်းပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဇေယျာ



ဒီနေ့ညမှာတော့ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲသာကစားဖို့ရှိနေပါတယ်။ အချိန်ပြောင်းလဲကျင်းပပြီးနောက်ပိုင်း တနင်္ဂနွေနေ့တွေမှာ နိုင်ငံတကာပွဲစဉ်တွေ သိပ်မရှိတော့ပါဘူး။ ဒီနေ့ကစားမယ့် ပွဲစဉ်နှစ်ပွဲမှာ တောင်ကိုရီးယားကို ရေကုန်ရေခန်းယှဉ်ပြိုင်ကစားမယ့် ထိုင်းနဲ့ ရလဒ်တွေကောင်းနေတဲ့ ရိုမေးနီးယားကို ပညာပေးမယ့် စပိန်တို့ကိုကြိုက်တယ်။

| ထိုင်း | Vs | တောင်ကိုရီးယား |
|---|---|---|
| ည ၇း၀၀ | ထိပ်တိုက်တွေ့ဆုံမှု | |
| | မရှိ | |
| | aeluq;o;y | |
| ၂၄- ၃-၂၀၁၆ | အီရတ် ၂-၂ | ထိုင်း |
| ၁၂-၁၁-၂၀၁၅ | ထိုင်း ၄-၂ | တရုတ်(တိုင်ပေ) |
| ၁၃-၁၀-၂၀၁၅ | ဗီယက်နမ် ၀-၃ | ထိုင်း |
| ၂၄- ၃-၂၀၁၆ | တောင်ကိုရီးယား ၁-၀ | လက်ဘနွန် |
| ၁၇-၁၁-၂၀၁၅ | လာအို ၀-၅ | တောင်ကိုရီးယား |
| ၁၂-၁၀-၂၀၁၅ | တောင်ကိုရီးယား ၄-၀ | မြန်မာ |

ပြည်တွင်းအခြေစိုက် ကစားသမားတွေနဲ့ချည်းပဲ စုဖွဲ့ထားပေမယ့် ထိုင်းခြေစွမ်းထက်မြက်နေပါတယ်။ မြောင်သောင်အသင်းတိုက်စစ်မှူးရိုင်ဆွန်နဲ့ ဒန်ဒါတို့ ခြေစွမ်းပြကိုးမြူးနေပြီး ကွင်းလယ်ကလည်း မာကျောပါတယ်။ တစ်ချက်ထိ အမြန်ပေးကစားကွက်ကိုအကောင်းဆုံးပုံဖော်ထားနိုင်တဲ့ ထိုင်းရဲ့ကစားအားကြောင့် တောင်ကိုရီးယားတော်တော်ကြိုးစားရမှာပါ။ ခြေစမ်းပွဲလည်းဖြစ်လို့ တောင်ကိုရီးယား ထိန်းကစားလိမ့်မယ်။ ပြိုင်ပွဲစုံကိုးပွဲဆက် မရှုံးထားတဲ့ ထိုင်းကိုကြိုက်တယ်။

| ရိုမေးနီးယား | Vs | စပိန် |
|---|---|---|
| နံနက် ၀၁း၁၅ | နောက်ဆုံးအကြိမ်တွေ့ဆုံမှု | |
| ၁၆-၁၁-၂၀၀၆ | စပိန် ၀-၁ | ရိုမေးနီးယား |
| | aeluq;o;y | |
| ၂၄- ၃-၂၀၁၆ | ရိုမေးနီးယား ၁-၀ | လစ်သူရေးနီးယား |
| ၁၈-၁၁-၂၀၁၅ | အီတလီ ၂-၂ | ရိုမေးနီးယား |
| ၁၁-၁၀-၂၀၁၅ | ဖာရိုးကျွန်းစု ၀-၃ | ရိုမေးနီးယား |
| ၂၅-၃-၂၀၁၆ | အီတလီ ၁-၁ | စပိန် |
| ၁၄-၁၁-၂၀၁၅ | စပိန် ၂-၀ | အင်္ဂလန် |
| ၁၃-၁၀-၂၀၁၅ | ယူကရိန်း ၀-၁ | စပိန် |

ထိုင်းမှာ ၎င်းတို့အသင်း၏ ပြိုင်ပွဲစုံနောက်ဆုံးကိုးပွဲဆက်တိုက် အရှုံးမရှိဘဲ နိုင်ပွဲလည်း ခြောက်ပွဲအထိ ရရှိခဲ့။ ထို့ပြင် တိုက်စစ်ပိုင်းက ယင်းပွဲအားလုံး ဂိုးသွင်းနိုင်ခဲ့။

တောင်ကိုရီးယားမှာလည်း ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲဆက်တိုက် အနိုင်ရရှိထား။ ထို့ပြင် ပြိုင်ပွဲစုံနောက်ဆုံး ၁၃ ပွဲဆက်တိုက်မရှုံးဘဲ နိုင်ပွဲကလည်း ၁၁ ပွဲအထိ ရယူနိုင်ခဲ့။

ရိုမေးနီးယားမှာ ပြိုင်ပွဲစုံနောက်ဆုံး ၁၆ ပွဲဆက်တိုက် အရှုံးမရှိအောင် စွမ်းဆောင်ထားနိုင်။ ယင်း ၁၆ ပွဲတွင် နိုင်ပွဲကိုးပွဲရှိပြီး ခံစစ်ကလည်း လေးပွဲသာ ဂိုးပေးခဲ့ရ။

စပိန်မှာ ပြိုင်ပွဲစုံကိုးပွဲဆက်မရှုံးဘဲ နိုင်ပွဲလည်း ရှစ်ပွဲအထိရရှိခဲ့။ အဆိုပါကိုးပွဲစလုံး စပိန်တိုက်စစ် သွင်းဂိုးများ ရယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကလည်း ဂိုးမပေးရစေရန် ခြောက်ပွဲအထိ စွမ်းဆောင်ထားနိုင်။

အုပ်စုချောင်လို့ ယူရို ၂၀၁၆ ခြေစစ်ပွဲ အောင်မြင်ခဲ့တဲ့ ရိုမေးနီးယားရဲ့အနေအထားက အထင်ကြီးစရာမရှိပါဘူး။ လက်ရှိမှာ ခြေစွာပြီး ရလဒ်ကောင်းတွေ ဆက်တိုက်ရယူနိုင်ခဲ့တယ်ဆိုပေမယ့် အသင်းကြီးနဲ့တွေ့ဆုံမှုဆိုလို့ အီတလီနဲ့သရေကျတဲ့တစ်ပွဲသာရှိခဲ့ပါတယ်။ ဒါတောင် အဲဒီပွဲမှာ ကံကောင်းလွန်းလို့ မရှုံးတာပါ။ အခုပွဲမှာတော့ တိုက်စစ်ထက်မြက်နေတဲ့ စပိန်နဲ့ရင်ဆိုင်ရမှာဖြစ်လို့ ရိုမေးနီးယားခံစစ် မထိန်းချုပ်နိုင်လောက်ဘူး။ ဂိုးမပြတ်ဘူးဆိုရင်တောင် စပိန်ပဲအနိုင်ရရှိသွားပါလိမ့်မယ်။

### တနင်္ဂနွေနေ့ည(တနင်္လာနေ့နံနက်)ပွဲစဉ်များ

| နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ | | | |
|---|---|---|---|
| ထိုင်း | - တောင်ကိုရီးယား | ည | ၇း၀၀ |
| ရိုမေးနီးယား | - စပိန် | နံနက် | ၀၁း၁၅ |

## မီယာမီနည်းပြအဖြစ် ကားလို့စ်ကို ခန့်အပ်ရန် ဘက်ခမ်း ပစ်မှတ်ထား




မီယာမီ မတ် ၂၆

မီယာမီအသင်းပိုင်ရှင် ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ အသင်းအတွက် ဘရာဇီးလက်ရွေးစင်နှင့် ရီးယဲလ်မက်ဒရစ်ဂန္ထဝင်နောက်ခံလူ ရောဘတ်တိုကားလို့စ်အား ခန့်အပ်ရန် ပစ်မှတ်ထားလျက်ရှိသည်။ မီယာမီအသင်းသည် မကြာသေးမီက မေဂျာလိဂ်မျက်နှာသစ်အသင်းအဖြစ် စာရင်းတင်သွင်းခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းက အသင်းပိုင်ကွင်းတည်ဆောက်ရန် မြေနေရာလည်း ဝယ်ယူထားနိုင်ခဲ့သည်။ ဘက်ခမ်းအနေဖြင့် ၂၀၁၇ မေဂျာလိဂ်ရာသီအမီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ရည်မှန်းထားပြီး နာမည်ကျော်ကစားသမားဟောင်းများအားနည်းပြအဖြစ် ခန့်အပ်ရန် အစောပိုင်းကတည်းက စီစဉ်ခဲ့သည်။

ယခင်က ၁၉၉၂ မန်ယူမျိုးဆက်အသင်းဖော်ဟောင်းထဲမှ တစ်ဦးဦးကို ခန့်အပ်တာဝန်ပေးရန်စီစဉ်ခဲ့သော်လည်း ၎င်းတို့အားလုံးမှာ အလုပ်ကိုယ်စီနှင့် ရှိနေကြသဖြင့် ရီးယဲလ်မက်ဒရစ်တွင် အတူတကွ လက်တွဲကစားခဲ့ဖူးသည့် ကားလို့စ်အား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ ဘက်ခမ်းသည် သူနှင့်ခင်မင်ရင်းနှီးသော ကစားသမားများကိုလည်း မီယာမီအသင်းသို့ လာရောက်ပြောင်းရွှေ့ကစားရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ပီအက်စ်ဂျီတိုက်စစ်မှူးအီဘရာဟီမိုဗစ် ရောက်ရှိလာရန် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။ **Ref:Marca**

# အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်ကိန်း ဆိုက်လေတော့မလား အာဆင်နယ်

ဇေယျာ

ပရီးမီးယားလိဂ်မှာ ကြီးငါးကြီးဆိုတာရှိခဲ့ပါတယ်။ ယနေ့အချိန်ထိလည်း လက်စတာ၊ စပါး၊ ဝက်စ်ဟမ်းတို့လို အသင်းတွေ ဇယားထိပ်နားဆီ တက်ရောက်ရပ်တည်နေနိုင်ကြပေမယ့် ကြီးငါးကြီးဆိုတဲ့ အသုံးအနှုန်းက ရှိစမြဲပါ။ အားလုံးသိထားတဲ့အတိုင်း ချယ်လ်ဆီး၊ မန်ယူ၊ မန်စီးတီး၊ လီဗာပူးနဲ့ အာဆင်နယ်တို့ပါပဲ။ တကယ်တော့ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုတာကာလအတွင်း အောင်မြင်မှုတွေကို ကြည့်မယ်ဆိုရင် ဒီအသင်းတွေထဲမှာ ကြီးငါးကြီးလို့မခေါ်ထိုက်တဲ့ အသင်းနှစ်သင်းပါဝင်နေပါတယ်။ ပရီးမီးယားလိဂ်ဟု အမည်ပြောင်းပြီးတဲ့နောက် တစ်ကြိမ်မှဆုဖလားမရှိဖူးသေးတဲ့ လီဗာပူးနဲ့ ဆယ်စုနှစ်တစ်ခုကျော်ကြာ သရဖူဝေးကွာနေတဲ့ အာဆင်နယ်တို့ပါ။ လီဗာပူးရဲ့အခြေအနေကပိုဆိုးပြီး အာဆင်နယ်ကမှ နှစ်စဉ်နှစ်တိုင်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ခဲ့ပါသေးတယ်။

ဒါပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နှစ်တိုင်းရနေရုံနဲ့ကြီးငါးကြီးစာရင်းဝင်ဖို့ ထိုက်တန်သလား၊ ဆုဖလားတွေမရသင့်ဘူးလားဆိုတဲ့ မေးခွန်းတွေလည်း ညံစီလို့နေပါတယ်။ ဘယ်လိုပဲ




ဖြစ်ဖြစ် အာဆင်နယ်ကတော့ သူတို့ရဲ့ထုံးစံအတိုင်း ဆုဖလားရဖို့ထက် ငွေကြေးအမြတ်ရရှိဖို့သာ ဦးတည်နေဆဲပါ။ ဒါကြောင့်လည်း သစ္စာရှိရှိ နှစ်ပေါင်းများစွာအားပေးလာကြတဲ့ ပရိသတ်တွေတောင် အာဆင်နယ်ကို မုန်းတီးလာကြပြီး ဘာကြောင့်အားပေးနေရသလဲဆိုတဲ့ အတွေးတွေတောင် ဝင်လာကြပါပြီ။ ဒီရာသီမှာလည်း အာဆင်နယ်အနေနဲ့ ဖလားလက်မဲ့ဘဝရောက်ရှိဖို့ နီးစပ်နေပြီဆိုတော့ အာဆင်နယ်ပရိသတ်တွေရဲ့ဒေါသက မီးလောင်ရာလေပင့်သလိုဖြစ်လာတယ်။

အစောပိုင်းတုန်းက သူတို့ဟာ နည်းပြဝင်းဂါးကို တောက်လျှောက်ဖိအားပေးဝေဖန်ပြီး ရာထူးကနေထွက်သွားဖို့အထိ တောင်းဆိုခဲ့တယ်။ ဒါပေမဲ့ ကိုင်တွယ်သက် နှစ် ၂၀ နီးပါးရှိခဲ့ပြီဖြစ်တဲ့ သက်တော်ရှည်နည်းပြကြီး ဝင်းဂါး တုပ်တုပ်မလှုပ်ခဲ့ဘူး။ ဒီနှစ်မှာဆိုရင် ရာသီဝက်ချန်ပီယံဘွဲ့ရယူနိုင်ပြီး ဇန်နဝါရီဈေးကွက်မှာ လူဝယ်လိုက်မယ်ဆိုရင် ချန်ပီယံဆု သေချာပေါက်ဆွတ်ခူးနိုင်မယ့်အနေအထားပါ။ ဒါပေမဲ့ ဝင်းဂါးကတော့ ခေါင်းမာစွာပဲ အယ်နီနီတစ်ဦးတည်းသာ ဝယ်ယူခဲ့တယ်။ အဆုံးသတ်မှာ အားလုံးမျှော်လင့်ထားတဲ့အတိုင်း ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်အတွက်တောင် မသေချာမရေရာဖြစ်လာရတယ်။ ပြီးခဲ့တဲ့တစ်ပတ် ပရီးမီးယားလိဂ်ပွဲမှာ အာဆင်နယ်ပရိသတ်တွေဟာ ကွင်းလုံးပြည့်ဆန္ဒပြပြီး ဝင်းဂါးကိုပြောမရတော့လို့ အသင်းရဲ့အဓိကရှယ်ယာရှင် ခရိုအန်ကီကို ထွက်သွားလို့ အော်ဟစ်သူက အော်ဟစ်၊ ဆိုင်းဘုတ်ကိုင်သူက ကိုင်ခဲ့ကြတယ်။ ဝင်းဂါးလည်း မလွတ်ပါဘူး။

ဒီအချိန်မှာ အသင်းရဲ့ဒုတိယရှယ်ယာအများဆုံးပိုင်ရှင် အူစမာနော့ဗ်က ပရိသတ်တွေ ဒေါသထွက်စေမယ့်စကားကို ပြောသွားခဲ့ပြန်ပါတယ်။ "အသင်းရဲ့ ရလဒ်တွေက တည်ငြိမ်နေတာပဲ။ ဝင်းဂါးကလည်း ထူးချွန်တဲ့နည်းပြဆိုတာ ကျွန်တော်ယုံကြည်တယ်။ သူဟာ အသင်းကို အမြဲလိုလို ပရီးမီးယားလိဂ်ထိပ်သီးစာရင်းဝင်အောင် ကြိုးစားပေးခဲ့တာချည်းပါပဲ။ နောက်ပြီးတော့ စီးပွားရေးအရလည်း နှစ်တိုင်းအောင်မြင်တယ်။ ဒီအခြေအနေက ကျေနပ်စရာပါ" ဟု ၎င်းကပြောသည်။ အူစမာနော့ဗ်ဆိုတာ ခရိုအန်ကီရဲ့ ရှယ်ယာအများဆုံးနေရာကို လုယူဖို့ကြံစည်အားထုတ်နေသူဖြစ်တာကြောင့် သူ့ရဲ့ပြောကြားမှုက ပရိသတ်ဒေါသကြီးထွားလာအောင် ရည်ရွယ်ချက်ရှိရှိချောက်ချတာလား၊ တကယ်ပဲကာကွယ်ပြောကြားတာလားဆိုတာတော့ ဘယ်သူမှမသိနိုင်ပါဘူး။ သေချာတာကတော့ အာဆင်နယ်ဘုတ်အဖွဲ့ထဲမှာ ငွေကြေးအမြတ်ထွက်ရေးအဓိကဆိုတဲ့မူဝါဒ ခိုင်ခိုင်မာမာခိုအောင်းနေတာပါပဲ။

အားပေးသူတွေကတော့ မျှော်ရင်းမျှော်ရင်း အလှမ်းပိုပိုဝေးလာရတဲ့ အခြေအနေကို စိတ်ပျက်နေကြပါပြီ။ ဝင်းဂါးတစ်ယောက်လည်း ထွက်မယ်ပြောလိုက်၊ ဆက်နေလိုက်နဲ့ အာဆင်နယ်ထိုင်ခုံပေါ်နေလာတာ ဖာဂူဆန်ရဲ့ မန်ယူနည်းပြသက်ကိုတောင် မီတော့မယ်။ ရုပ်သံဝင်ငွေကြောင့် တခြားပရီးမီးယားလိဂ်အသင်းတိုင်း ငွေသုံးလာနိုင်ချိန်မှာ အာဆင်နယ်ရဲ့ ကပ်စေးနှဲမူဝါဒဆက်ရှိနေဦးမယ်ဆိုရင် အပျက်ပျက်နဲ့နှာခေါင်းသွေးထွက်ကိန်းဆိုက်လာမှာ အသေအချာပါပဲ။

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ် ဧပြီလထုတ်
သုတအလင်းမဂ္ဂဇင်းအား မတ်လ ၂၅ ရက်နေ့တွင် စတင်ထုတ်ဝေလိုက်ပြီဖြစ်ပါသည်

သုတအလင်း မဂ္ဂဇင်း
Knowledge Light Magazine

လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ သုတအလင်းကို ဖတ်ကြစို့

☆ ယနေ့**ပညာခေတ်**မှာ လူတိုင်းလူတိုင်း ဗဟုသုတပြည့်စုံကြွယ်ဝရန် အထူးလိုအပ်ပါသည်။

☆ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်၊ အယူအဆ၊ ဗဟုသုတကဏ္ဍကိုမြှင့်တင်ဖို့ **သုတအလင်း**မဂ္ဂဇင်းက တာဝန်ယူဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

☆ **သုတအလင်း**မဂ္ဂဇင်းက လူတစ်ဦးချင်းတွင် လိုအပ်နေသော သိလိုစိတ်၊ စူးစမ်းဆင်ခြင်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်စိတ်ချနိုင်မှုတွေကို လှုံ့ဆော်ဖန်တီးပေးနိုင်ပါသည်။

☆ **သုတအလင်း အမှောင်ခွင်းအံ့ . . .** ဆိုသောစကားနှင့်အညီ ပညာခေတ်၏ လိုအပ်ချက်တွေကို တစ်စိတ်တစ်ပိုင်း ဝိုင်းဝန်းဖြည့်ဆည်းပေးနိုင်ဖို့အတွက်လည်း ဤမဂ္ဂဇင်းက ဆောင်ကြဉ်းပေးပါမည်။

☆ နိုင်ငံတော်၏ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံး ညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံသားများပေါ်ထွန်းလာစေရေး အထောက်အကူပြုရန်ရည်ရွယ်ချက်ဖြင့် မြဝတီစာပေတိုက်မှ **သုတအလင်း**မဂ္ဂဇင်းကို သုတ၊ရသကဏ္ဍစုံလင်စွာ ထုတ်ဝေသွားမည်ဖြစ်ပါသည်။




ဆက်သွယ်ရန် ➲ မြဝတီစာပေတိုက်၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း ၀၉-၅၀၂၄၇၁၇
ရုံးခွဲ ➲ အမှတ်(၁၈၂)၊(၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၃၂၄၉၈၇၁၄
E-mail-knowledgelight16@gmail.com

## ဆွာရက်ဇ်နှင့်ကာဗာနီတို့၏တိုက်စစ်ကို ထိန်းချုပ်ရန်ခက်ခဲကြောင်း ဒွန်ဂါဝန်ခံ

## သတ်မှတ်အဝါကတ်ပြည့်သွား၍ ပီရူးနှင့်ပွဲကို တိုက်စစ်မှူးနေမာ လွဲချော်မည်

ဆော်ပေါ်လို မတ် ၂၆

ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ ဒွန်ဂါက ဆွာရက်ဇ်နှင့် ကာဗာနီတို့ကဲ့သို့သော ထိပ်သီးကစားသမားများ ပါဝင်လာသည့် ဥရုဂွေးတိုက်စစ်ကို ထိန်းချုပ်ရန်ခက်ခဲကြောင်းနှင့် ရင်ဆိုင်ရအလွန်ခက်သည့်အသင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံသွားသည်။ ဒွန်ဂါ၏ ဘရာဇီးလက်ရွေးစင်အသင်းသည် ယနေ့နံနက်က ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဥရုဂွေးအား အိမ်ကွင်း၌ ဧည့်ခံယှဉ်ပြိုင်ခဲ့ပြီး ဦးဆောင်ဂိုးများ သွင်းယူနိုင်သော်လည်း ကာဗာနီနှင့် ဆွာရက်ဇ်တို့၏ ချေပဂိုးများကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



ယင်းပွဲအပြီးတွင် ဒွန်ဂါက "ပထမပိုင်းမှာ ကျွန်တော်တို့အသင်း အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ခဲ့တယ်။ နေရာလွတ်တွေ အကြိမ်ကြိမ်ရှာဖွေနိုင်ပြီး ဘောလုံးထိန်းချုပ်နိုင်ရုံသာမက ဂိုးသွင်းခွင့်တွေပါရခဲ့တယ်။ ဒါပေမဲ့ ဒုတိယပိုင်းမှာတော့ ကစားကွက်ပြောင်းပြန်ဖြစ်သွားပြီး ဥရုဂွေးတိုက်စစ်ကို ပြန်ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘူး။ ပြောရရင် ပထမပိုင်းမှာ ကျွန်တော်တို့ဘရာဇီးက ခြေအသာရပြီး ဒုတိယပိုင်းမှာ ဥရုဂွေးချည်းပဲ ကစားသွားတာပါ။ ကာဗာနီနဲ့ ဆွာရက်ဇ်တို့လို ထိပ်တန်းတိုက်စစ်မှူးတွေရှိနေတဲ့ ဥရုဂွေးလို အသင်းမျိုးကို ရင်ဆိုင်ရတာ အရမ်းခက်ခဲပါတယ်။ ဒီအသင်းကို ဘယ်လိုမှရင်ဆိုင်ဖို့ မလွယ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒွန်ဂါက အဆိုပါပွဲစဉ်တွင် မိမိတို့အသင်းအတွက် အားထားရသည့် တိုက်စစ်မှူးနေမာ အဝါကတ်ပြခံရသဖြင့် သတ်မှတ်အရေအတွက်ပြည့်မြောက်ပြီး အင်္ဂါနေ့တွင် ပီရူးနှင့် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်နှင့် လွဲချော်မည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ အသင်းခေါင်းဆောင်နေမာသည် ယင်းပွဲစဉ်တွင် ဘရာဇီးအသင်းရရှိသည့် ဒုတိယဂိုးအား အော်ဂတ်စတိုသွင်းယူနိုင်စေရန် ဖန်တီးပေးခဲ့သည်။ "ဒီပွဲမှာ အသင်းခေါင်းဆောင်နေမာ အဝါကတ်ပြခံလိုက်ရလို့ သတ်မှတ်အဝါပြည့်ပြီး နောက်ပွဲစဉ်ကို လွဲချော်ပါလိမ့်မယ်။ တကယ်တော့ နေမာရဲ့ ဖျက်ထုတ်မှုက အဝါကတ်ပြခံရလောက်အောင် မဆိုးရွားဘူးလို့ထင်တယ်။ ဒါပေမဲ့ နေမာဖြစ်နေတော့လည်း ဒိုင်ကပြတာဖြစ်နိုင်တယ်" ဟု ဒွန်ဂါကပြောသည်။ ***Ref:Fox Sports***

## အိုဘားမား၏ ဖွင့်ဟပြောကြားမှုအတွက် မက်ဆီအံ့သြနေ

ဗျူနိုအေးရိစ် မတ် ၂၆



အာဂျင်တီးနားအသင်းခေါင်းဆောင်မက်ဆီက မိမိအားတွေ့ဆုံရန်ခက်ခဲကြောင်း အမေရိကန်သမ္မတအိုဘားမား၏ ထုတ်ဖော်ပြောကြားမှုအတွက် အံ့အားသင့်မိရကြောင်း ဖွင့်ဟခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အာဂျင်တီးနားနိုင်ငံသို့ရောက်ရှိလာသော အိုဘားမားက သမီးများ၏ ပူဆာမှုကြောင့် ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်ကို တွေ့ဆုံရန် စီစဉ်ပေးနိုင်ခဲ့သော်လည်း မက်ဆီကို တွေ့ဆုံရန် မတတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မက်ဆီက "အိုဘားမားမိသားစုကသာ ကျွန်တော်နဲ့တွေ့ချင်တယ်ဆိုရင် ဘာလို့မတွေ့ချင်စရာအကြောင်းရှိရမှာလဲ။ သူ့လိုလူမျိုးရဲ့ မိသားစုဝင်တွေနဲ့ စကားလက်ဆုံပြောရတာ ဂုဏ်ယူစရာကောင်းမှာပါ။ သူက ကျွန်တော့်ကို ပြောင်းပြန်ပြောသွားတယ်။ ဒီစကားကို သူ့နှုတ်ဖျားက တကယ်ပြောခဲ့လား၊ မပြောခဲ့လားဆိုတာကိုတော့ ကျွန်တော်သေချာမသိဘူး။ တကယ်တော့ ကျွန်တော့်လိုလူမျိုးက အိုဘားမားလို ခမ်းနားကြီးကျယ်တဲ့သူကိုတွေ့ချင်မှ ခက်ခဲမှာပါ။ သူတွေ့ချင်တာနဲ့ပတ်သက်လို့လည်း ကျွန်တော်တကယ်မသိခဲ့ရပါဘူး။ သိရင်တွေ့ဖြစ်မှာပါ" ဟုပြောသည်။

***Ref:Yahoo***

## ယူရိုပြိုင်ပွဲတွင် အင်္ဂလန်ဗိုလ်စွဲနိုင်ဟု ဇာဗီယုံကြည်

လန်ဒန် မတ် ၂၆

ဘာစီလိုနာအသင်းခေါင်းဆောင်ဟောင်းဇာဗီက လာမည့်ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းအောင်မြင်မှုရရှိမည်ဟုယုံကြည်ကြောင်း သုံးသပ်သွားသည်။ သူက "ကျွန်တော်တို့စပိန် ယူရိုချန်ပီယံမဖြစ်ခင်တုန်းက လူငယ်တွေများပြီး ပြိုင်ပွဲနှစ်ရပ်ဆက်တိုက် ရှုံးကန်ခဲ့ရပါတယ်။ အင်္ဂလန်ဟာလည်း ဘက်ခမ်း၊ လမ်းပတ်၊ ဂျရတ်၊ ပေါလ်စခိုးတို့ခေတ်တုန်းက နီးစပ်ခဲ့သေးတယ်။ ဖိအားပြင်းလွန်းတယ်ဆိုတာ ကျွန်တော်ကိုယ်တွေ့ပါ။ အခုအင်္ဂလန်ဟာ ဟာရီကိန်း၊ စတာလင်၊ အယ်လီနဲ့ တခြားမျိုးဆက်သစ်တွေ ပိုင်ဆိုင်ထားလို့ ယူရိုပြိုင်ပွဲမှာ ဗိုလ်စွဲသွားနိုင်ပါတယ်" ဟု ပြောသည်။ ***Ref:Goal***

# တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်

အောင်နှင်းဆီ

**အနီးကပ်စောင့်ကြည့်ရမည့်အခြေအနေသို့ရောက်ရှိလာသည့်မြောက်ကိုရီးယား၏ လုပ်ဆောင်ချက်များ**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်သည် လက်နက်ကိုင်တပ်များက ပြုလုပ်ခဲ့သည့် အမြောက်ပစ်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး၍ တောင်ကိုရီးယားနိုင်ငံရှိ သမ္မတအိမ်တော်အပါအဝင်အစိုးရအဖွဲ့များအပေါ် တိုက်ခိုက်နိုင်ရေးအသင့်ပြင်ထားရန်ညွှန်ကြားခဲ့သည်ဟု မြောက်ကိုရီးယားအစိုးရပိုင် KCNA သတင်းအေဂျင်စီက မတ် ၂၆ ရက်တွင် ထုတ်ပြန်လိုက်ခြင်းကြောင့် တောင်ကိုရီးယားအစိုးရက ၎င်းတို့၏စစ်ဘက်အား စစ်ရေးအသင့်ပြင်ထားရန်တိုက်တွန်းခဲ့ရသည်။

မြောက်ကိုရီးယားရှေ့တန်းတပ်ဖွဲ့သည် ခေါင်းဆောင်ကင်၏ကြီးကြပ်မှုဖြင့်တောင်ကိုရီးယားနိုင်ငံအားတိုက်ခိုက်မည့်အသွင်ကို သရုပ်သကန်အမှန်ဖန်တီး၍အမြောက်ပစ်လေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး ရန်သူက နိုင်ငံအပေါ်ခြိမ်းခြောက်ရန် စလာမည်ဆိုပါက ဆိုးလ်မြို့တော်ကို ပြာနှင့်အမှိုက်ပုံအဖြစ်ပြောင်းလဲပစ်မည်ဟု ကင်က အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ယခုပြုလုပ်ခဲ့သည့်စစ်ရေးလေ့ကျင့်မှုသည် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့အကြားပူးတွဲပြုလုပ်သည့်စစ်ရေးလေ့ကျင့်မှုကိုတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့သည်ဟုဆိုနိုင်သည်။ မြောက်ကိုရီးယားအစိုးရ၏ မကြာမီက ပြုလုပ်ခဲ့သော နျူကလီးယားစမ်းသပ်မှုနှင့် ဒုံးပျံလွှတ်တင်မှုများကြောင့် ကုလသမဂ္ဂအပါအဝင် အမေရိကန်နှင့် တောင်ကိုရီးယားအစိုးရတို့က မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့မှုများ ထပ်မံချမှတ်ခဲ့ပြီးနောက်ပိုင်းတွင် ကိုရီးယားကျွန်းဆွယ်ပေါ်ရှိ တင်းမာမှုများမှာတစ်စထက်တစ်စပိုမိုမြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားနိုင်ငံသည် အသေးစားနျူကလီးယားထိပ်ဖူးများကို ပိုင်ဆိုင်ထားသည်ဟု ယခုလအတွင်းက ကြေညာခဲ့သည်။ အလားတူ ၎င်းတို့၏ ပြည်တွင်းဖြစ်ဟိုက်ဒရိုဂျင်ဗုံးမှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မန်ဟက်တန်အရပ်တစ်ခုလုံးကိုပြာကျသွားစေနိုင်သည့်အစွမ်းရှိပြီး မြို့အတွင်းမှ လူအားလုံးကိုတစ်ယောက်မကျန်သတ်ဖြတ်နိုင်သည်ဟု မြောက်ကိုရီးယားအစိုးရက ခြိမ်းခြောက်ထားသောကြောင့်မြောက်ကိုရီးယား၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့အကြားရှိရင်းစွဲတင်းမာမှုများမှာ လျော့ကျလာနိုင်ဖွယ်မရှိဘဲ တောင်ကိုရီးယား၊ အမေရိကန်နှင့်မြောက်ကိုရီးယား၏ဒုံးကျည်အန္တရာယ်ကြောင့် ရတက်မအေးဖြစ်နေသည့်အိမ်နီးချင်းဂျပန်အစိုးရတို့မှာ ပိုမိုစည်းလုံးညီညွတ်ရန်လိုအပ်ပြီး မြောက်ကိုရီးယားအစိုးရ၏လုပ်ဆောင်ချက်များကို အနီးကပ်စောင့်ကြည့်ရမည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။



မြောက်ကိုရီးယားအစိုးရ၏အမြောက်ပစ်လေ့ကျင့်မှုကို တွေ့ရစဉ်။

**ဥရောပနိုင်ငံများကို တုန်လှုပ်စေခဲ့သည့် ဘရပ်ဆဲလ်အကြမ်းဖက်မှု**

ဘယ်လ်ဂျီယံနိုင်ငံမြို့တော်ဘရပ်ဆဲလ်တွင် မတ် ၂၂ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဥရောပနိုင်ငံအများအပြားမှာ တုန်လှုပ်ချောက်ချားခဲ့ရသည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်စစ်သွေးကြွများက အတည်ပြုထားပြီးယင်းတိုက်ခိုက်မှုအတွင်းလူ ၃၄ ဦးခန့်သေဆုံးကာ တခြား ၃၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများအနက် သုံးဦးမှာအသေခံဗုံးခွဲတိုက်ခိုက်ခဲ့သည့် စစ်သွေးကြွများဖြစ်သည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုကိုကမ္ဘာတစ်ဝန်းမှမီဒီယာများက အကျယ်တဝင့်ဖော်ပြခဲ့သည်။ အကြမ်းဖက်သမားများသည် ဘရပ်ဆဲလ်မြို့တော်ရှိ လေဆိပ်တွင်နှစ်ကြိမ်တိုင် ဗုံးခွဲတိုက်ခိုက်၍ မြေအောက်မီးရထားဘူတာရုံတွင်လည်းတစ်ကြိမ် ထပ်မံတိုက်ခိုက်ခဲ့ကြသည်။ ၎င်းတိုက်ခိုက်မှုသည် ဘယ်လ်ဂျီယံနိုင်ငံသမိုင်းတွင်အဆိုးရွားဆုံးသောတိုက်ခိုက်မှုဖြစ်ပြီး တိုက်ခိုက်မှုအတွင်း သေဆုံးသူများအတွက် အစိုးရကဝမ်းနည်းဖွယ်နေ့ရက်အဖြစ်သုံးရက် သတ်မှတ်ပေးခဲ့သည်။ ယခုဖြစ်ပွားခဲ့သည့်အကြမ်းဖက်တိုက်ခိုက်မှုများမှာ အိုင်အက်စ်စစ်သွေးကြွတိုက်ဖျက်ရေးတွင် ဘယ်လ်ဂျီယံနိုင်ငံက ပါဝင်နေခြင်းကို တုံ့ပြန်သည့်အနေဖြင့်စစ်သွေးကြွများကပြုလုပ်ခဲ့ဖွယ်ရှိသည်ဟုယူဆနိုင်သည်။ ထို့ပြင် နိုင်ငံအတွင်းရှိလူဦးရေအချိုးဖြင့်တွက်မည်ဆိုပါက ဆီးရီးယားနှင့်အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများနှင့်သွားရောက်ပူးပေါင်းခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံသားအရေအတွက်သည် တခြားအနောက်နိုင်ငံများမှ နိုင်ငံသားများထက်ပိုမိုများပြားနေသည်။ ၂၀၁၅ ခုနှစ်တစ်နှစ်တည်းမှာပင် ဘယ်လ်ဂျီယံနိုင်ငံသား ၄၄၀ ဦးသည် စစ်သွေးကြွများနှင့်သွားရောက်ပူးပေါင်းခဲ့ကြသည်။ ထို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံသည် အိမ်မွေးခြံပေါက် ဘာသာရေးအစွန်းရောက်များအပါအဝင် အကြမ်းဖက်သမားများ၏လက်တုံ့ပြန်တိုက်ခိုက်ခြင်းကိုခံခဲ့ရဖွယ်ရှိသည်။ ယင်းတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက်ပိုင်းတွင် ဘယ်လ်ဂျီယံအစိုးရသည်နိုင်ငံအတွင်း စီးနင်းရှာဖွေမှုများကိုလုပ်ဆောင်ခဲ့ပြီး တိုက်ခိုက်မှုတွင်ပါဝင်နေသူနှစ်ဦးကိုနောက်ပိုင်းတွင် ထုတ်ဖော်ပြသနိုင်ခဲ့သည်။ အလားတူဗုံးခွဲတိုက်ခိုက်မှုများနှင့်ဆက်နွှယ်သူ ခြောက်ဦးကိုလည်း ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က တိုက်ခိုက်မှုဖြစ်ပွားပြီး နှစ်ရက်အကြာတွင် ဖမ်းဆီးနိုင်ခဲ့ပြီး စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

သို့ရာတွင် အရှေ့အလယ်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွတိုက်ဖျက်ရေးတွင် ဘယ်လ်ဂျီယံနိုင်ငံကပါဝင်နေခြင်း၊ ဥရောပတိုက်ကိုစစ်မြေပြင်အဖြစ် ပြောင်းလဲပစ်မည်ဟု စစ်သွေးကြွအဖွဲ့က ခြိမ်းခြောက်ထားခြင်းစသည့်အကြောင်းရင်းများကြောင့် အကြမ်းဖက်ဝါဒသည် ဘယ်လ်ဂျီယံနိုင်ငံနှင့်တခြားဥရောပနိုင်ငံများအတွက် အိပ်မက်ဆိုးကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။



ဗုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးသူများအတွက် ဝမ်းနည်းဖွယ်အခမ်းအနားကျင်းပပုံကိုတွေ့ရစဉ်။

**နှစ်နိုင်ငံဆက်ဆံရေးကိုလျော့ပါးစေနိုင်သည့်ရေပိုင်နက်ကျူးကျော်မှု**

တောင်တရုတ်ပင်လယ်အတွင်းရှိ အင်ဒိုနီးရှားရေပိုင်နက်အတွင်းသို့ တရုတ်ရေယာဉ်များဝင်ရောက်လာခြင်းနှင့် စပ်လျဉ်း၍ အင်ဒိုအစိုးရက မတ် ၂၄ ရက်တွင် ကန့်ကွက်လိုက်ပြီးနောက် ယင်းသို့ကျူးကျော်ဝင်ရောက်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်နေခြင်းအပေါ် ဂယက်ရိုက်ခတ်မှုရှိ၊ မရှိနှင့်စပ်လျဉ်း၍မေးခွန်းများထွက်ပေါ်လာခဲ့သည်။ တရုတ်ကမ်းခြေစောင့် ရေယာဉ်တစ်စင်းနှင့်ငါးဖမ်းသင်္ဘောတစ်စင်းသည် လွန်ခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက တောင်တရုတ်ပင်လယ်တောင်ပိုင်းရှိ အင်ဒိုရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့သည်ဟု အင်ဒိုနိုင်ငံရေး၊ တရားရေးနှင့်လုံခြုံရေးဝန်ကြီးကဆိုထားပြီး အင်ဒိုနီးရှားနိုင်ငံ၏သီးသန့်အထူးစီးပွားရေးဇုန်အတွင်းသို့ တရုတ်သင်္ဘောများ ကျူးကျော်ဝင်ရောက်ခြင်းမပြုရန် ၎င်းကတရုတ်နိုင်ငံအားတောင်းဆိုထားသည်။ ထို့ပြင် အင်ဒိုအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေးကိုထိန်းသိမ်းထားသော်လည်း နိုင်ငံ၏ရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းသည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုအနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားထားသည်။ သို့ရာတွင် တရုတ်ရေယာဉ်များသည်မိမိတို့၏ မိရိုးဖလာရေပိုင်နက်အတွင်း၌သာ မောင်းနှင်သွားလာခြင်းဖြစ်ကြောင်း တရုတ်အစိုးရက တုံ့ပြန်ပြောကြားထားသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ရေပိုင်နက်အများစုကို ၎င်းတို့ပိုင်အဖြစ် တစ်ဖက်သတ်ကြေညာထားပြီး တရုတ်သင်္ဘောများသည် အဆိုပါပင်လယ်အတွင်းရှိ တခြားနိုင်ငံများ၏ရေပိုင်နက်များအတွင်းသို့ ကျူးကျော်ဝင်ရောက်လျက်ရှိသည်ဟု မကြာခဏစွပ်စွဲခံရလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် တောင်တရုတ်ပင်လယ် ရေပိုင်နက်အငြင်းပွားမှုတွင်ပါဝင်ပတ်သက်မှုမရှိဘဲ တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းတို့အကြားဖြစ်ပွားနေသည့် အငြင်းပွားမှု၌ ကြားဝင်ဖြေရှင်းနေသည့် အကျိုးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် အင်ဒိုရေပိုင်နက်အတွင်းသို့ တရုတ်ရေယာဉ်များ ကျူးကျော်ဝင်ရောက်မည်ဆိုပါက နှစ်နိုင်ငံအကြားရှိရင်းစွဲ ကောင်းမွန်သည့်ဆက်ဆံရေးကိုလျော့ပါးစေမည်ဖြစ်သည်။ ။

## ကင်ညာတက္ကသိုလ်၌ အကြမ်းဖက်ခြိမ်းခြောက်မှုအတွင်း အလန့်တကြားပြေးလွှားမှုကြောင့် ကျောင်းသား ၃၈ ဦးဒဏ်ရာရ

**နိုင်ရိုဘီ မတ် ၂၆**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ အရှေ့ပိုင်းမှ ၂၅ ကီလိုမီတာအကွာ ကီအမ်ဘူခရိုင်ရှိ တက္ကသိုလ်တစ်ခုတွင် အကြမ်းဖက်ခြိမ်းခြောက်မှုတစ်ခုအတွင်း လူများကြောက်လန့်၍ အလန့်တကြားပြေးလွှားခဲ့ခြင်းကြောင့် ကျောင်းသား ၃၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားပုံမှာ မတ် ၂၅ ရက် ဒေသစံတော်ချိန်မွန်းလွဲပိုင်းအချိန်က Kenyatta တက္ကသိုလ်ရှိကျောင်း၏ စာကြည့်တိုက်တစ်ခုတွင် ကျောင်းသားနှစ်ဦးကြားတိုက်ခိုက်မှုဖြစ်ပွားရာမှအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားမည်ဟု တလွဲယူဆခဲ့ကြခြင်းဖြစ်ကြောင်း ကီအမ်ဘူခရိုင်ရဲတပ်ဖွဲ့မှအကြီးအကဲဂျိမ်းစ်မူဂါရာက ပြောကြားခဲ့သည်။

အဆိုပါကျောင်းသားနှစ်ဦးအနက်တစ်ဦးက တခြားတစ်ဦးကိုဓားဖြင့်ထိုးခဲ့ကြောင်း၊ ယင်းနောက် ၎င်းတို့နှစ်ဦးကြားရန်ပွဲစတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်ကိုတခြားကျောင်းသားများက တွေ့မြင်ပြီးနောက် ဘေးကင်းရန်အတွက် စာကြည့်တိုက်မှ အောက်သို့ ခုန်ချခြင်းအပါအဝင်အလန့်တကြားထွက်ပြေးခဲ့ရာမှ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

နောက်ပိုင်းတွင်ရဲတပ်ဖွဲ့က အခြေအနေအားလုံးကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် အဆိုပါဖြစ်ရပ်သည်ဆိုမာလီယာနိုင်ငံအခြေစိုက် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့က အီစတာအားလပ်ရက်ပွဲတော်အတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် စီစဉ်နေသည်ဟု ကင်ညာရဲတပ်ဖွဲ့က ကြေညာခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

*Ref: Xinhua*

# ရှမ်းယူနိုက်တက်အသင်း ၂၀၁၆ ဘောလုံးရာသီတွင် ရှုံးထွက်ဖလားရရှိရန် ရည်မှန်းထား

**ရန်ကုန် မတ် ၂၆**

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်းဖြစ်ပြီး လက်ရှိအမှတ်ပေးဇယား၏ အဆင့် (၉) နေရာ၌ ရပ်တည်နေသော ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ၂၀၁၆ ဘောလုံးရာသီတွင် ရှုံးထွက်ဖလားရရှိရန် ရည်မှန်းထားကြောင်း အသင်းဒါရိုက်တာ ဦးရဲမျိုးထွန်းကပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီအစတွင် ကစားသမားကောင်းများခေါ်ယူနိုင်ခဲ့သည့်အတွက် လိဂ်ချန်ပီယံဆုရရှိရန် ရေပန်းစားခဲ့သော်လည်း လက်ရှိတွင် ရလဒ်များဆိုးရွားခဲ့သောကြောင့် ချန်ပီယံဆုကို မမျှော်မှန်းနိုင်တော့ဘဲ ရှုံးထွက်ဖလားကိုသာ ရည်မှန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အသင်းအနေအထားအရတော့ ရှုံးထွက်ဖလားရဖို့ကိုပဲ ရည်မှန်းထားပါတယ်။ လိဂ်ချန်ပီယံဆုအတွက်လည်း အတတ်နိုင်ဆုံးတော့ အကောင်းဆုံးကြိုးစားသွားမှာပါ။ ရာသီဝက်မှာ အသင်းကို ကစားသမားအပြောင်းအလဲလုပ်ဖို့ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး လောလောဆယ်တော့ ပြောလို့မရသေးပါဘူး။ လက်ကျန်ပွဲစဉ်တွေကို ရလဒ်ကောင်းဖို့လည်း ပြင်ဆင်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ် (၁၀)ကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၁၁ မှတ်သာ ရရှိထားပြီး အမှတ်ပေးဇယား အဆင့် (၉) နေရာ၌ ရပ်တည်လျက်ရှိသည်။ ရာသီအစတွင် ရလဒ်များဆိုးရွားခဲ့သည့်အတွက် ပွဲစဉ်(၆)အပြီးတွင် နည်းပြချုပ်ရူသာအား ရာထူးမှထုတ်ပယ်ခဲ့ကာ ဦးစိုးမြတ်မင်းအား နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးခဲ့ကြောင်း သိရသည်။

**မင်းသန့်**

# ထိုင်းလိဂ်-၂ ပြိုင်ပွဲမှ ကလပ်အသင်းများအနေဖြင့် မြန်မာ့လက်ရွေးစင်ကစားသမားများကို ခေါ်ယူရန်စိတ်ဝင်စား

**ရန်ကုန် မတ် ၂၆**

ထိုင်းလိဂ်-၂ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများအနေဖြင့် အရှေ့တောင်အာရှဘောလုံးလောကတွင် အောင်မြင်မှုများရရှိခဲ့သော မြန်မာ့လက်ရွေးစင်ကစားသမားများကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ပြည်တွင်းရှိ ဘောလုံးကလပ်အသင်းများမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

"မြန်မာကစားသမားတွေက ကြိုးစားချင်စိတ်အပြည့်ရှိကြလို့ ထိုင်းလိဂ်-၂ ကလပ်အသင်းတွေက ခေါ်ယူဖို့စိတ်ဝင်စားနေကြတာပါ။ လက်ရှိမှာတော့ လေ့လာစောင့်ကြည့်နေပါတယ်။ ဒီနှစ်ထဲမှာပဲ ခေါ်ယူသွားမှာပါ" ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။




မကြာသေးမီက ထိုင်းလိဂ်-၂ အမှတ်ပေး ဘောလုံးပြိုင်ပွဲဝင် ကလပ်အသင်းတစ်သင်းဖြစ်သော SAMUT SAKHON F.C သည် ရန်ကုန်ယူနိုက်တက်အသင်းမှ တိုက်စစ်မှူးကောင်းဆက်နိုင်ကို ခေါ်ယူခဲ့ပြီး ရတနာပုံယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ရှိုင်းသူရကိုလည်း ထိုင်းလိဂ်-၂ ပြိုင်ပွဲဝင်ကလပ်အသင်းက ခေါ်ယူရန်စီစဉ်ထားကြောင်း သိရသည်။

ထိုသို့ခေါ်ယူရာတွင်လည်း လက်ရွေးစင်အဆင့် ကစားသမားလေးဦးကို ခေါ်ယူရန်စီစဉ်ထားပြီး လစာအနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ ကြားရရှိမည်ဖြစ်ကြောင်း သိရသည်။ **မင်းသော်တာလွင်**

# ငါးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၏ ပထမနေ့တွင် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ သရေရလဒ်သာရယူနိုင်ခဲ့

**ကြာအင်းဆိပ်ကြီး မတ် ၂၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ ယမန်နေ့က ကျင်းပခဲ့သည့် ငါးနိုင်ငံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၏ ပထမနေ့တွင် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များအနေဖြင့် သရေရလဒ်များသာရယူနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနေ့တွင် ယှဉ်ပြိုင်ထိုးသတ်သည့် ရန်နိုင်အောင်(မြန်မာ)နှင့် လေတ(ထိုင်း)တို့ ပွဲစဉ်တွင် ရန်နိုင်အောင်က တိုက်စစ်ဖွင့်ယှဉ်ပြိုင်ခဲ့သော်လည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။



ထို့ပြင် ထက်အောင်ဦး(မြန်မာ)နှင့် ဖူထိုင်း(ထိုင်း)တို့ပွဲစဉ်တွင် နှစ်ဦးစလုံး အပြန်အလှန်တိုက်စစ်ဖွင့်ယှဉ်ပြိုင်ခဲ့သော်လည်း သရေရလဒ်သာထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါငါးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ချက်နှင့် ပြင်သစ်နိုင်ငံတို့မှ လက်ဝှေ့သမားများပါဝင်ယှဉ်ပြိုင်ကြပြီး မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် လက်ဝှေ့သမားများမှာ ဝါရင့်လက်ဝှေ့သမားများဖြစ်သောကြောင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများအနေဖြင့် နိုင်ပွဲများရရှိရန် ပညာစုံထုတ်သုံးပြီး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**မင်းသော်တာလွင်**

# မြန်မာ့လက်ရွေးစင်အသင်းများတွင် ထူးချွန်သည့်လူငယ်ကစားသမားများကို သေချာစွာလေ့ကျင့်ပျိုးထောင်ပေးရန်လို

**ရန်ကုန် မတ် ၂၆**

မြန်မာ့လက်ရွေးစင်အသင်းများတွင် ထူးချွန်သည့်လူငယ်ကစားသမားများရှိနေပြီး ၎င်းတို့ကို သေချာစွာလေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ကြောင်း ဥရောပချန်ပီယံလိဂ်ဆုဖလားလှည့်လည်ရေးအစီအစဉ်နှင့်အတူ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဆီွဒင်လက်ရွေးစင်နှင့် အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒီယွန်းဘတ်ကပြောသည်။

"ကျွန်တော် မြန်မာအသင်းရဲ့ပွဲတွေကို မကြည့်ဖူးပေမယ့် သတင်းတွေကနေ တစ်ဆင့် ထူးချွန်တဲ့လူငယ်တွေရှိတယ်ဆိုတာ သိရတယ်။ သူတို့ကို သေချာပြုစုပျိုးထောင်နိုင်ရင် မြန်မာဘောလုံးစွမ်းရည်ထိပ်ဆုံးကို ရောက်လာမှာပါ" ဟု ၎င်းကပြောသည်။

ဖရက်ဒီယွန်းဘတ်သည် Heineken မှ ကြီးမှူးကျင်းပသည့် ဥရောပချန်ပီယံလိဂ်ဆုဖလားလှည့်လည်ရေးအစီအစဉ်နှင့်အတူ ကမ္ဘာ့ဘောလုံးသံတမန်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကစားခဲ့ပြီး ပရီးမီးယားလိဂ်ဖလား နှစ်လုံး၊ FA ဖလားသုံးလုံးရရှိခဲ့ပြီးနောက် ဝက်စ်ဟမ်း၊ ဆဲလ်တစ်၊ MLS၊ J-League၊ Indian Super League တို့သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ယွန်းဘတ်သည် ဆီွဒင်လက်ရွေးစင်အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ကစားသမားဘဝတွင် ချန်ပီယံလိဂ်ဖလားရယူနိုင်ခြင်းမရှိခဲ့သော်လည်း နာမည်ကျော်ဥရောပချန်ပီယံလိဂ်တွင် ၆၅ ပွဲကစားကာ ၁၄ ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲများ၌ ဗိုလ်မစွဲနိုင်ခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း ပထမဆုံးအကြိမ်အဖြစ် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစစ်ပွဲအောင်မြင်ခဲ့သဖြင့် အုပ်စုအဆင့်ကို ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ကာ ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲ၌လည်း ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

**မင်းသန့်**




# နွေရာသီ အားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားနှင့်ကာယပညာကော်မတီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်နှင့် အားကစားနည်းသုံးမျိုး ရက်တိုသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မတ် ၁၉ ရက်မှ ၂၅ ရက်အထိ တစ်ပတ်ကြာ သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀၀ ကျော်အား နွေရာသီအားကစားသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အေရိုးဗစ်သင်တန်းအပါအဝင် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ဖူဆယ်အားကစားသင်တန်းတို့ပါဝင်ကြောင်း သိရသည်။ (၂၇၅)

30.indd 1
3/26/2016 9:41:15 PM

**အလင်းဒါနကုသိုလ်လှူဒါန်းနိုင်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိကျယ်-ကန္ဒရဝတီကျောင်း၊ သီတဂူတက်လမ်း၊ မျက်စိအထူးကုဆေးရုံကြီးမှ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မျက်စိဝေဒနာရှင်များကို အထူးကုဆရာဝန်ကြီးများဖြင့် နှစ်စဉ်ကုသပေးပါသည်။ တစ်ကြိမ်ကုသလျှင် ငွေကျပ်သိန်းလေးဆယ်ကျော် ကုန်ကျပါသဖြင့် ထာဝရဆေးပဒေသာပင်အလှူတော်သို့ ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**လှူဒါန်းရန်ဌာန**
**ကမ္ဘောဇဘဏ်(၁)၊ လွိုင်ကော်မြို့**
**account-No.037-12100-77402 K.B.Z.BANK Limited**
**သီတဂူတက်လမ်း၊ မျက်စိဆေးရုံ၊ လွိုင်ကော်**
**ဖုန်း ၀၉-၄၃၁၈၅၅၈၅၊ ၀၉-၄၁၀၀၇၇၆၅**

**ပျောက်ဆုံးကြောင်း**

မိုဟာမက်(ခ)ကိုကိုနိုင် (ဘ)ဦးရိုလာမ်မိုဟာမက် ၁၂/သဃက(နိုင်)၁၄၀၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၄၈၁၆၁၈**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off )**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၉-၄၉၃၄၅၇၃၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Hot Line (09-31778337) (09-444005190)
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်တင်အေး အသက်(၇၀)**

သူငယ်ချင်း ဝင်းတင်၏မိခင် ဒေါ်တင်အေးသည် အောင်ပန်းမြို့နေအိမ်၌ ၂၆-၃-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၆)မှ သူငယ်ချင်းများ**

**ဦးထွန်းလင်း(မိတ္ထီလာမြို့)**
**(စက်မှုလယ်ယာ၊ ငြိမ်း)**
**အသက်(၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ လိန်တောကျေးရွာနေ (ဦးအောင်ခင်-ဒေါ်အေးသွယ်)တို့၏သား၊ မိုးကုတ်မြို့စည်ပင်သာယာရပ်နေ (ဦးဘိုးထွန်း-ဒေါ်ချော)တို့၏သားသမက်၊ (ဦးဘသောင်း)-ဒေါ်ခင်အေး၊ ဦးလှဘော်-(ဒေါ်မြကြည်)တို့၏အစ်ကိုကြီး၊ ရွှေတိဂုံဘုရားလမ်း၊ အခန်း(၁၅)၊ တိုက်(၂၉၆)နေ (ဒေါ်ခင်မြင့်(ခ)ဒေါ်သိန်းသိန်း)မိုးကုတ်မြို့၏ခင်ပွန်း၊ မမြင့်မြင့်ဆွေ(ခ)မပူစီ၊ ဗိုလ်မှူးသိန်းမင်းဆွေ-ဒေါ်စန်းစန်းထွန်း(ခ)မဲတုတ်၊ ကိုညီလွင်(ခ)ဩလေး-မနီနီလွင်၊ ကိုလွင်ဦးမောင်(ခ)သားသား-မသိင်္ဂီဦးတို့၏ဖခင်၊ မသက်စုညီညီ၏အဘိုးသည် ၂၅-၃-၂၀၁၆ ရက်(သောကြာနေ့) နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဒေါ်နှင်းပိုး အသက်(၈၂)နှစ်**
**အင်းဝပွဲရုံ၊ ထားဝယ်မြို့**

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ်(၁၃၂/က)နေ (ဦးအေးကျော်-ဒေါ်ထူးကျင်)တို့၏သမီး၊ ဦးစံဝင်း၏ဇနီး၊ (ဦးဘတင့်-ဒေါ်ခင်သိန်း)တို့၏ညီမ၊ ဦးဟန်စိန်-ဒေါ်ရှိန်၊ (ဦးစစ်စိန်-ဒေါ်သန်း)၊ (ဦးမြင့်စိုး)-ဒေါ်နှင်းစိန်၊ ဦးကိုလေး-ဒေါ်ခင်ရီ၊ ဦးအိုသိန်း-ဒေါ်သန်းမြင့်တို့၏အစ်မ၊ ဦးကျော်မောင်-ဒေါ်စန်းမူ၊ ဦးအောင်ထွန်း-ဒေါ်သီတာတို့၏မွေးသမိခင်၊ ကိုဇေယျာအေး၊ မပပကျော်၊ ဗိုလ်မှူးဝဏ္ဏ၊ မယုယုကျော်၊ ကိုဇေယျာဝင်း၊ မဖြိုးဖြိုးကျော်၊ မနွေးနွေးစံ၊ မအိအိသော်၊ မပြည့်ပြည့်စံသာကျော်၊ မဝင့်ဝါရွှေရည်တို့၏အဘွား၊ မောင်လျှမ်းထက်ကျော်၊ မောင်ဘုန်းဇေယျာကျော်၊ မောင်ဘုန်းဝဏ္ဏ၊ မစန်းအိန္ဒြာဝင်းတို့၏ဘွားဘွားကြီးသည် ၂၆-၃-၂၀၁၆ ရက်(စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၆ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ကညွှံရပ်၊ သီတာလမ်း၊ အမှတ်(၂၅၉)နေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# တပ်မတော်ပန်းခြံသို့ (အခမဲ့) အပန်းဖြေလေ့လာနိုင်

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံအား ၂၇-၃-၂၀၁၆ ရက်မှ ၃၁-၃-၂၀၁၆ ရက်အထိ ညနေ ၄ နာရီမှစ၍ မည်သူမဆို အခမဲ့ ဝင်ရောက်အပန်းဖြေလေ့လာနိုင်ပါသည်။

တပ်မတော်ပန်းခြံအတွင်း၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုကြီး အပြင် ဇေယျာသီရိကုန်တိုက်၊ ကလေးကစားကွင်း၊ ရေကူးကန်၊ စားသောက်ဆိုင်များတွင် လာရောက်အပန်းဖြေ လေ့လာနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**MYANMA ECONOMIC HOLDINGS LIMITED**
**MYAWADDY TRAVELS & TOURS CO., LTD.**




**MYAWADDY TRAVELS & TOURS**

Tel : 95-1-241010, 252869
Fax : 95-1-252869
E-mail : myawaddytour@gmail.com
Website: Http://www.myawaddytour.com
Office : Room No.(44,45/A,45/B), 2nd Floor, No.(693/701)
Classic Strand Condominium, Corner of Kone Zay Tan
Street & Kan Nar Road, Pabedan Township, Yangon.

**AIRPORT PASSENGER SERVICES**
**(YANGON INTERNATIONAL AIRPORT)**

Tel : 95-9-8612204
: 95-9-73050540
: 95-9-73050541
Fax : 95-1-252869

ကလေးငယ်များအတွက်
ပညာလည်းပေး ဗဟုသုတလည်းရ
ဟာသလည်းပါ ဉာဏ်ရည်လည်းတိုးမယ့်
**မိုးသောက်ပန်း** ဂျာနယ်



- မျက်နှာဖုံးတွင် ကာတွန်းသန့်စင်၏ ကလေးငယ်များအတွက် ကာတွန်းလက်ရာကောင်းနှင့်အတူ ကာတွန်းသိက္ခာ၊ ကာတွန်းမင်းမင်း၊ ကိုငယ်၊ မြေဇာ၊ မင်းဦး(ဒဿန)တို့၏ကလေးငယ်များကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းလေးများ။
- ကဗျာဆရာတိုးဝေ၏ ရာသီဖွဲ့ကဗျာကောင်းတစ်ပုဒ်။
- သားသားမီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဆုဗိုခု၊ ပုံပြအဘိဓာန်ကဏ္ဍတို့နှင့်အတူ
- ကလေးငယ်တို့အတွက် သုတ၊ ရသရစေမယ့် စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံအမျိုးမျိုးဖြင့် တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း စုံစုံဆာဆာဖြင့်
(၂၉-၃-၂၀၁၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၁၉)၊ အမှတ်(၃၄) ထွက်ပြီ။

စာတည်းဌာန - ဖုန်း - ၀၉၃၀၃၆၇၅၆၂
ဖြန့်ချိရေး - ဖုန်း - ၀၉၃၂၄၉၈၇၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးနေဝင်း(ခ)ဦးထွန်းလှ**
**သ/မ ဦးစီးဌာန(အငြိမ်းစား)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၈)၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကြိုင်သင်း-ဒေါ်ငွေလှိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၅ လမ်း၊ မောင်းမကန်သာလမ်းနေ (ဦးဘခိုင်-ဒေါ်ခွေးမ)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဆွေ-ဒေါ်စပယ်၊ (ဦးဇော်ထွန်းဝင်း)-ဒေါ်မာမာအေး၊ ဒေါ်မီးမီး၊ (ဦးဇော်ဇော်ကျော်)-ဒေါ်အေးအေးသင်း၊ ဦးထွဏ်းမြတ်စိုး-ဒေါ်အေးအေးငြိမ်း၊ ဒေါက်တာမေမျိုးထွန်း(ကထိက၊ ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးသည် ၂၃-၃-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၁၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွှာရုံ၊ ရေကန် ဒါယကာကြီး**
**ဦးခင်မောင်လတ်(ဂျီးတောင်)(B.Sc.Chem) အသက်(၆၂)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်း၊ ၄၁×၄၂ လမ်းကြား၊ အမှတ်(၁-ခ/၂-ခ၊ ပ-၄)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ဂျီးတောင်ကျေးရွာနေ (ဦးမောင်ကို-ဒေါ်ငယ်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်ကြီး(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ခင်မာကြည်တို့၏ညီ၊ မန္တလေးမြို့နေ ဦးခင်မောင်လေး၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဌေး(အုပ်ချုပ်မှုဒါရိုက်တာ၊ ဂျီးရတနာကုမ္ပဏီလီမိတက်)-ဒေါ်စုစုအောင်၊ ဦးခင်မောင်အေး-ဒေါ်ချိုချို၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်၊ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ မောင်ထွန်းနေဦးလွင်၊ မောင်ရည်မွန်အောင်၊ မောင်ဆန်းလွင်ထက်(ခေတ္တ-စင်ကာပူ)၊ မောင်ထူးအိမ်လွင်(ခေတ္တ-ဩစတြေးလျ)၊ မမေနန္ဒီမောင်၊ မရွှန်းစန္ဒီမောင်၊ မောင်တီတီတို့၏ ဦးလေး/ဘကြီးသည် ၂၅-၃-၂၀၁၆ ရက်(သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာတွင် သောက်သုံးရေရရှိရေးဆောင်ရွက်၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၆

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာအုပ်စု၊ ကျောက်တောကျေးရွာ သောက်သုံးရေထာဝရရရှိရေးဖွင့်ပွဲကို မတ် ၂၅ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။ ဖွင့်ပွဲသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေစုကန်အတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် နေအိမ်များအရောက် ရေသွယ်တန်းထားရှိမှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကျောက်တောကျေးရွာရေစုကန်မှ

စာမျက်နှာ ၁၇ ကော်လံ ၄ ▶▶



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့်တာဝန်ရှိသူများ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာ သောက်သုံးရေထာဝရရရှိရေးဖွင့်ပွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၃-၂၀၁၆

| | |
|---|---|
| အောင်လံ | ၄၁ ° C |
| တပ်ကုန်း | ၄၀ ° C |
| ချောက် | ၄၀ ° C |
| မင်းဘူး | ၄၀ ° C |
| မကွေး | ၄၀ ° C |
| တောင်တွင်းကြီး | ၄၀ ° C |
| ရွှေကျင် | ၄၀ ° C |
| ညောင်လေးပင် | ၄၀ ° C |
| ရန်ကုန်(မင်္ဂလာဒုံ) | ၄၀ ° C |
| ဘောလခဲ | ၄၀ ° C |

ယနေ့ထုတ်မြဝတီနေ့စဉ်ရောင်စုံသတင်းစာတွင် တပ်မတော်နေ့အထူးအချပ်ပို (၄)မျက်နှာ ပါရှိသည်။



# UEFA ချန်ပီယံလိဂ်ဖလားကြီးနှင့် အာဆင်နယ်ကစားသမားဟောင်း ယွန်းဘတ်တို့၏ နှုတ်ဆက်ဖျော်ဖြေပွဲကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့သို့ရောက်ရှိနေသော UEFA ဥရောပချန်ပီယံလိဂ်ဖလားကြီးနှင့်အာဆင်နယ် ကစားသမားဟောင်း ဖရက်ဒီယွန်းဘတ်တို့၏ ပျော်ရွှင်ဖွယ်နှုတ်ဆက်ဖျော်ဖြေပွဲကို တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်း၌ ယနေ့ညနေ ၆ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေနှုတ်ဆက်ပွဲတွင် UEFA ဥရောပချန်ပီယံလိဂ်ဖလားကြီးနှင့်အတူ ဖျော်ဖြေပွဲလာ မြန်မာဘောလုံးချစ်ပရိသတ်များက မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူး၍ အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒီယွန်းဘတ်က မြန်မာဘောလုံးချစ်ပရိသတ်များအား အမှတ်တရလက်မှတ်ရေးထိုးပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❍




UEFA ဥရောပချန်ပီယံလိဂ်ဖလားကြီးနှင့် မြန်မာဘောလုံးချစ်ပရိသတ်များကိုတွေ့ရစဉ်။

## မြဝတီနေ့စဉ်ရောင်စုံသတင်းစာ ၃၂ မျက်နှာတွင် အင်္ဂလိပ်ဘာသာဖြင့် (၂) မျက်နှာတိုးမြှင့်ထုတ်ဝေ

မြဝတီနေ့စဉ်ရောင်စုံသတင်းစာ ၃၂ မျက်နှာတွင် ၂၇-၃-၂၀၁၆ ရက်နေ့မှစ၍ ယခင် အင်္ဂလိပ်ဘာသာဖြင့် (၂)မျက်နှာမှ အင်္ဂလိပ်ဘာသာ (၄)မျက်နှာသို့တိုးမြှင့် ထုတ်ဝေလိုက်ပါသည်။

## နိုင် ငံ တ ကာ သ တင်း



**IS အဖွဲ့ဒုတိယခေါင်းဆောင် အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုကြောင့်သေဆုံး**

စာ- ၂၂ သို့

**ပါလ်မိုင်ရာမြို့အတွင်း ဆီးရီးယားတပ်ဖွဲ့နှင့် IS အဖွဲ့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား**

စာ- ၂၂ သို့

**ဂျပန်နှင့်ဟန်ဂေရီနိုင်ငံတို့၌ လေယာဉ်ပျက်ကျမှုများဖြစ်ပွား**



စုစုပေါင်း ခြောက်ဦး သေဆုံး

စာ- ၂၂ သို့

www.myawady.net.mm
E.mail:mwdpress@hotmail.co.uk

# မြဝတီ

www.myawady.net.mm
E-mail:mwdpress@hotmail.co.uk

တပ်မတော်နေ့အထူးအချပ်ပို

Armed Forces Day Special Supplement

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့

**အချပ်ပို(က)**





(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။